စိတ်ကူးချိုချိုအနုပညာ
mgyoe.com

SAMPLE BOOK

# အစိမ်းရောင်နှစ်များ

မောင်ထွန်းသူ



A. J. Cronin's

# THE GREEN YEARS

mgyoe.com

တတိယအကြိမ်

mgyoe.com SAMPLE BOOK

ဤဝတ္ထု၏ အဓိကဇာတ်ကောင်သည် အသက်အားဖြင့် အလွန်နုနယ်ငယ်ရွယ်သေးသည့် 'ရောဘတ်ရှန်နွန်' အမည်ရှိ ကလေးသာသာ လူငယ်တစ်ယောက်ဖြစ်၏။ သူ့အသက်အရွယ်သည် မလိမ်မိုးမလိမ္မာအရွယ်ဖြစ်သည်။ မနူးမနပ် စိမ်းဆတ်ဆတ်အရွယ်ဟုလည်း ဆိုနိုင်ပါ၏။ ဤအတွက်ကြောင့်လည်း အေဂျေကရိုနင်က သူ့ဝတ္ထုကို (The Green Year's) ဟု အမည်ပေးခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

ရောဘတ်ရှန်နွန်၏ ဘဝသည် အခက်အခဲများ၊ အနှောင့်အယှက်များ၊ အဖျက်အဆီးများနှင့် အဟန့်အတားများကို အမြဲတစေ ရင်ဆိုင်နေရသောဘဝ ဖြစ်သည်။ သူ တည်မှီရာ ပတ်ဝန်းကျင်ကလည်း အကောင်းအဆိုးနှစ်မျိုးရောစပ်နေသည်ဖြစ်ရာ အမြဲတစေ အဆင်ပြေနေသည် မဟုတ်။ အဆင်ပြေနေသည့်အခါ ပြေသော်လည်း ပဋိပက္ခဖြစ်သည့်အခါ ဖြစ်ရသည်။ ထိုအခါမျိုးတွင် သူ ဉာဏ်မီသမျှ စဉ်းစားဆင်ခြင်၍ အနိုင်မခံ အရှုံးမပေးသော စိတ်ကိုမွေးကာ ရုန်းကန်လှုပ်ရှားရသည်။ ဤအဖြစ်ကိုပင် အေဂျေကရိုနင်က သူ၏ ထက်မြက်သော ကလောင်ဖြင့် အသက်သွင်းထားခဲ့ခြင်းပင် ဖြစ်ပါလေသည်။

ISBN 9789997136671
TUN29
9 789997 136671
MMK 13,500.00

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# အစိမ်းရောင်နှစ်များ

## THE GREEN YEARS

A.J. CRONIN

မောင်ထွန်းသူ

မြန်မာပြန်




[illegible]

mgyoe.com

mgyoe.com SAMPLE BOOK

အစိမ်းရောင်နှစ်များ၊ ပေါင်ထွန်းသူ
စာမျက်နှာ ၃၈၁ မျက်နှာ၊ ၁၃ စင်တီ× ၂၁.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဖေဖော်ဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၃၊ အောင်ပန်းဝေစာအုပ်တိုက်၏ ပထမအကြိမ်ထုတ် နှစ်တွဲမှ
[ဒုတိယအကြိမ်-၂၀၁၀၊ စိတ်ကူးချိုချို]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာပြန်သူ၏ အမှာစာ

(၁)

'အစိမ်းရောင်နှစ်များ'ဟု အမည်ပေးထားသော ဤဝတ္ထုသည် စာရေးဆရာကြီး'အေဂျေကရိုနင်'၏လက်ရာကောင်းတစ်ပုဒ်ပင် ဖြစ်သည်။ ဤဝတ္ထု၏ အဓိကဇာတ်ကောင်သည် အသက်အားဖြင့် အလွန်နုနယ်ငယ်ရွယ်သေးသည့် 'ရောဘတ်ရှန်နွန်' အမည်ရှိ ကလေးသာသာ လူငယ်တစ်ယောက်ဖြစ်၏။ သူ့အသက်အရွယ်သည် မလိမ်မိုးမလိမ္မာအရွယ်ဖြစ်သည်။ မနူးမနပ် စိမ်းဆတ်ဆတ်အရွယ်ဟုလည်း ဆိုနိုင်ပါ၏။ ဤအတွက်ကြောင့်လည်း အေဂျေကရိုနင်က သူ့ဝတ္ထုကို (The Green Year's) ဟု အမည်ပေးခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

ရောဘတ်ရှန်နွန်၏ ဘဝသည် အခက်အခဲများ၊ အနှောင့်အယှက်များ၊ အဖျက်အဆီးများနှင့် အဟန့်အတားများကို အမြဲတစေ ရင်ဆိုင်နေရသောဘဝ ဖြစ်သည်။ သူ တည်မှီရာ ပတ်ဝန်းကျင်ကလည်း အကောင်းအဆိုးနှစ်မျိုးရောစပ်နေသည်ဖြစ်ရာ အမြဲတစေ အဆင်ပြေနေသည် မဟုတ်။ အဆင်ပြေနေသည့်အခါ ပြေသော်လည်း ပဋိပက္ခဖြစ်သည့်အခါ ဖြစ်ရသည်။ ထိုအခါမျိုးတွင် သူ ဉာဏ်မီသမျှ စဉ်းစားဆင်ခြင်၍ အနိုင်မခံ အရှုံးမပေးသော စိတ်ကိုမွေးကာ ရုန်းကန်လှုပ်ရှားရသည်။ ဤအဖြစ်ကိုပင် အေဂျေကရိုနင်က သူ၏ ထက်မြက်သော ကလောင်ဖြင့် အသက်သွင်းထားခဲ့ခြင်းပင် ဖြစ်ပါလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


(၂)

ကျွန်တော် ကရိုနင်၏ စာအုပ်များကို ဘာသာပြန်ခဲ့သည်မှာ ဤစာအုပ်နှင့်ဆိုလျှင် ငါးအုပ်ရှိသွားခဲ့ပြီ။ စာဖတ်ပရိသတ်များ သိကြသည့်အတိုင်း ‘ရဲတိုက်’[၁] ‘အကျဉ်းစံ’[၂] ‘သစ္စာရှင်’[၃] စာအုပ်များကို ဘဝတက္ကသိုလ်စာပေမှ ထုတ်ဝေခဲ့သည်။ ‘နှစ်လောက’[၄] စာအုပ်ကိုမူ ယောမင်းကြီးစာပေမှ ထုတ်ဝေခဲ့ပါသည်။

အမှန်အတိုင်းဝန်ခံရမည်ဆိုပါက အေဂျေကရိုနင်၏ စာအုပ်အားလုံးကို ကျွန်တော် နှစ်သက်ခဲ့သည်။ ဇာတ်လမ်းကောင်းခြင်း၊ စာရေးကောင်းခြင်းနှင့် လူ့သဘော လူ့စရိုက်ကိုဖော်ပြရာ၌ ထိထိခိုက်ခိုက် ပေါ်ပေါ်လွင်လွင်ရှိခြင်း စသောအကြောင်းများကြောင့် နှစ်သက်မိခြင်း ဖြစ်ပါ၏။ ထို့ကြောင့်လည်း အခါအခွင့်သင့်လာတိုင်း အေဂျေကရိုနင်၏ စာအုပ်အချို့ကို အဆက်မပြတ် ပြန်ဆိုသွားမည်ဟု ကြံစည်စိတ်ကူးခဲ့ဖူးပါသည်။

ထိုစိတ်ကူးဖြင့် ကျွန်တော်သည် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အေဂျေကရိုနင်၏ အထူးခြားဆုံးသော လက်ရာဖြစ်သည့် ‘မောဟစံအိမ်’[၅] ကို စတင်ပြန်ဆိုခဲ့သည်။ မောဟစံအိမ်ဝတ္ထုကြီးသည် အေဂျေကရိုနင်၏ ပွဲဦးထွက်လက်ရာ ဖြစ်သည်။ အေဂျေကရိုနင်အား ဆရာဝန်ဘဝမှ စာရေးဆရာဘဝသို့ ကူးပြောင်းရောက်ရှိသွားစေခဲ့သည့် ဝတ္ထုကြီးလည်းဖြစ်သည်။ လူတစ်ယောက်၏ ‘မောဟ’ကြောင့် တစ်အိမ်သားလုံး ပျက်စီးသွားရသည့် အဖြစ်ကို ရင်နင့်စဖွယ်ဖြစ်အောင် ရေးဖွဲ့ထားခြင်း ဖြစ်၏။

သို့သော်လည်း ကျွန်တော် ဝတ္ထုကြီးကို အပြီးမသတ်နိုင်ခဲ့ပါ။ အခန်း (၃) ခန်းအပြီးတွင် ရပ်ထားလိုက်ရသည်။ တခြားကြောင့် မဟုတ်ပါ။ ထုတ်ဝေသည့်အခါ ရင်ဆိုင်ရမည့် အခက်အခဲများကြောင့် ဖြစ်ပါသည်။ အမှန်တော့ အေဂျေကရိုနင်၏ ဝတ္ထုအများစုသည် ဇာတ်လမ်းကောင်းခြင်း၊

---

၁။ Castle

၂။ Spanish Gardener

၃။ The Keys of the Kingdom

၄။ Adventures of Two Worlds.

၅။ Hatter's Castle

mgyoe.com

mgyoe.com  SAMPLE BOOK

ဓာတ်အိမ်ကြီးမားခြင်းနှင့် လူ့အကျင့်စရိုက်များကို ဖော်ပြရာ၌ စေ့စပ်ပိပြင်ခြင်း စသော အင်္ဂါရပ်များနှင့် ပြည့်စုံကြပါသည်။ ဤအကြောင်းကြောင့်ပင်လျှင် သူ့ဝတ္ထုများသည် 'ထူ' ကြပါသည်။ သူ့စာအုပ်များကို မြန်မာပြည်၌ ထုတ်ဝေမည်ဆိုပါက အနည်းဆုံး နှစ်တွဲ၊ သုံးတွဲ၊ အများဆုံး လေးတွဲမှ ငါးတွဲအထိ ဖြစ်လာဖွယ်ရာ ရှိကြပါသည်။

စကားအလျဉ်းသင့်လာသဖြင့် နောက်တစ်ချက် ပြောစရာရှိလာပြန်သည်။ ကမ္ဘာကျော် ရုရှားစာရေးဆရာကြီး 'မစ်ခ်ဟေး–ရိုကိုခေါ့ဗ်' ၏ (အချို့က မစ်ခ်ဟိုင်းရိုလို့ဟော့ဗ် ဟု ရေးမှ မှန်သည်ဟု ဆိုကြသည်။) 'တငြိမ့်ငြိမ့်ဒွန်'[၁] ကို ၁၉၈၉ ခုနှစ် မေလတွင် စတင်ပြန်ဆိုခဲ့သည်။ စာအုပ်ကောင်းကြီးတစ်အုပ်ဖြစ်၍ စာဖတ်ပရိသတ်ထံ ပို့ပေးချင်သည့် စေတနာအရလုပ်ခဲ့မိခြင်းဖြစ်၏။ စာအုပ်ကလည်း အထူစားကြီးဖြစ်သည်။ နောက်ဆုံးပုံနှိပ်ထုတ်ဝေသည့် စာအုပ်နှစ်အုပ်တွဲရှိသည့်အနက် 'ပထမတွဲ' သည် စာမျက်နှာ (ဆိုက်ကြီးစာအုပ်) ၇၅၂ မျက်နှာရှိ၍ 'ဒုတိယတွဲ' မှာ ၈၆၀ မျက်နှာရှိရာ နှစ်တွဲပေါင်း စာမျက်နှာ (၁၆၁၃) မျက်နှာတိတိ ရှိသည်။

ထိုစာအုပ်ကြီးကို မသေခင် ပြီးပြတ်အောင် လုပ်သွားချင်သည့် စိတ်ကလည်း ပြင်းထန်နေသည်။ ပြည့်စုံလုံလောက်သော ဘဝတစ်ခုကို ဦးဆောင်နေသူ မဟုတ်သဖြင့် တစ်ဖက်တွင် မိသားစုစားဝတ်နေရေးကလည်းရှိနေသည်။ နောက်ဆုံးတွင် ကျွန်တော်သည် ဇနီးသည်နှင့် ညှိနှိုင်း၍ ညစဉ် ခုနစ်နာရီမှ ဆယ်နာရီအထိ 'တငြိမ့်ငြိမ့်ဒွန်' ကို ကိုင်သည်။ နေ့စဉ်မနက်မှ ညနေအထိ လောလောဆယ် စားရေးအတွက် သင့်တော်ရာစာအုပ်ကို လုပ်သည်။

ထိုအလုပ်ကို ကျွန်တော် ဇောက်ချ၍ အားကြိုးမာန်တက် လုပ်နေသော်လည်း အိမ်တွင်လျှပ်စစ်မီးကမရှိ (ယနေ့ထိ မရှိသေးပါ။) ကျွန်တော်နေထိုင်ရာ ရပ်ကွက်တွင်းရှိ အိမ်နီးနားချင်းများကလည်း မီးမပေးကြပါ။ ကျွန်တော် နေထိုင်သည့် ရပ်ကွက်တွင်ရှိ ကရင်များသည် အလွန်ရိုးသားကြသည်ဖြစ်ရာ မီးပေး၍ အရေးယူခံရမည်ကို အလွန် ကြောက်ကြသည်။ ကျွန်တော်ကလည်း ကိုယ့်ပယောဂကြောင့် တစ်ဖက်သား မီးအသိမ်းခံရမည်

---

၁။ And Quiet Flows the Don

mgyoe.com

mgyoe.com  SAMPLE BOOK

ကို မလိုလား။ ဤသို့ဖြင့် ကိုယ်လုပ်ချင်သည့်အလုပ်ကို ဖြစ်သလိုပင် လုပ်ရသည်။ ကျွန်တော် လုပ်နေခဲ့ရသည်မှာ ဖယောင်းတိုင်မီးတစ်လှည့်၊ ဘက်ထရီမီးတစ်လှည့် သုံး၍ လုပ်ရခြင်းဖြစ်သဖြင့် ပင်ပန်းဆင်းရဲလှပါသည်။

ဤအဖြစ်ကို တွေးမိလိုက်တိုင်း စိတ်ထိခိုက်ရသော်လည်း ဖယောင်းတိုင်မီးဖြင့် ပြီးခဲ့ရသည့် သစ္စာရှင် (သုံးတွဲ)၊ နှစ်လောက (နှစ်တွဲ)၊ ဆိုင်ဂုံ (ရှစ်တွဲ) မထွက်သေး၊ ဓာတ်မြစ် (သုံးတွဲ)၊ ချစ်သွေးဟုန်၊ နှင်းကြွင်းတစ်ပြိုက်နွေတစ်ရှိုက်၊ နောက်ဆုံးမြေ၊ နာနာ (သုံးတွဲ)၊ မေတ္တာနှောင်ကြိုး (လေးတွဲ)၊ ည (နှစ်တွဲ)နှင့် သွေးကန္တာရ (သုံးတွဲ) စာအုပ်များ စာမူဖြစ်လာသည့်အခါ ဝမ်းသာကြည်နူးခြင်း ဖြစ်ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော် စာရေးနေသည်မှာ ဝါသနာအရ ဖြစ်ပါသည်။ သို့သော်လည်း မိမိ၏ ဘဝပေးအခြေအနေအရ စာရေးခြင်းအလုပ်ကို မိမိ၏ စားဝတ်နေရေးအတွက်ပါ အမှီသဟဲပြုရပါသည်။ သို့ဖြစ်ရာ ရေနံဆီမီးခွက်နှင့် ရေးရမည်ဆိုလျှင်လည်း ရေးရမည်သာဖြစ်ပါသည်။ စာမရေးဘဲ မနေနိုင်တော့သည့်ဘဝ ရောက်နေပြီဖြစ်၍ နောက်ဆုံး ထင်းမီးဖိုနှင့် ရေးရမည်ဆိုပါကလည်း ရေးဖြစ်အောင် ရေးရှလိမ့်မည်သာ ဖြစ်ပါ၏။

အဖြစ်အမှန်အတိုင်း ပြောရမည်ဆိုပါက စာအုပ်တစ်အုပ်ကို ထုတ်ဝေရာ၌ 'အတွဲများခြင်း' သည် ထုတ်ဝေသူတို့အတွက် လက်တွန့်စရာအကြောင်းတစ်ခု ဖြစ်နေပါသည်။ စာအုပ်မည်မျှပင်ကောင်းကောင်း အရင်းအနှီး အများကြီးမြှုပ်နှံပြီး စွန့်စားဖို့မှာ မလွယ်ကူလှပါ။ အကယ်၍ ထုတ်ဝေသူက လက်မတွန့်ဘဲ ထုတ်ဝေသည်ဆိုဦးတော့ ဝယ်ဖတ်မည့်ပရိသတ်အတွက် တနင့်တပိုး ဖြစ်လာမည့်အရေးကို မတွေးဘဲ နေလို့မရပါ။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ယခု ဤဝတ္ထု 'အစိမ်းရောင်နှစ်များ' ကို ကျွန်တော် စတင်ပြန်ဆိုခဲ့သည်မှာ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လအတွင်းက ဖြစ်ပါသည်။ သို့သော်လည်း အခန်း (၅) ခန်းအပြီးတွင် နှစ်တွဲခွဲရမည့်အရေး 'လေး' နေမှုဖြင့် ခက်ချည်ရဲ့ဟူသော အတွေးကြောင့် ရပ်ထားခဲ့ရပြန်သည်။ ထို့နောက်တော့ ဤစာမူကို အပြီးမသတ်လျှင် မဖြစ်နိုင်တော့သည့် ကိုယ်ရေးကိုယ်တာ အရေးကိစ္စတစ်ခု ပေါ်လာသည်။ ဤသို့ဖြင့် ညပိုင်းအချိန်ပို တစ်ချိန်ယူ၍ လက်စသတ်ခဲ့ရသည်။ ကျွန်တော်၏ ပင်ပန်းခံမှုသည်

mgyoe.com

mgyoe.com  SAMPLE BOOK

အချည်းအနှီးတော့ မဖြစ်ပါ။ ယခုလို စာအုပ်တစ်အုပ်ဖြစ်လာသည့်အခါ ဝမ်းသာအားတက်ခြင်း ဖြစ်ရပြန်ပါသည်။

(၃)

'အစိမ်းရောင်နှစ်များ' ကို ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ရုပ်ရှင်ကားအဖြစ် ကြည့်ခဲ့ဖူးသည်ဟု ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးတစ်ဦးက ကျွန်တော့်အား ပြောပြခဲ့ဖူးသည်။ သူ့အဆိုအရ အလွန်ကောင်းသည့် ရုပ်ရှင်ကားတစ်ကားဖြစ်သည်ဟု သိရပါသည်။ အင်္ဂလိပ်ဘာသာစကား သင်ကြားနေကြသော ရှရှားများအတွက် ရည်ရွယ်၍ ရှရှားနိုင်ငံ၌ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော ဤဝတ္ထု (အနှစ်ချုပ်) ကိုလည်း စာရေးဆရာ စောရွှေဗိုလ်၏ ကျေးဇူးကြောင့် ကျွန်တော် မြင်တွေ့ဖတ်ရှုခဲ့ရဖူးပါသည်။

တကယ်တော့ ဤဝတ္ထုသည် မနူးမနပ်အရွယ် သူငယ်လေးတစ်ယောက်၏ဘဝကို ရေးဖွဲ့ထားသည့်ဝတ္ထုဟု ဆိုရသော်လည်း စာရေးဆရာ၏ လက်စွမ်းထက်မှုကြောင့် သူငယ်ကလေးနှင့် ဆက်စပ်ယှက်နွယ်နေကြသည့် လူကြီးများ၏ သဘောသဘာဝနှင့် အကျင့်စရိုက်များသည် ပီပြင်ပေါ်လွင်လှပါသည်။ ဤအချက်သည် ဤဝတ္ထု၏ အောင်မြင်မှုသော့ချက်ဟု ထင်ပါသည်။

မောင်ထွန်းသူ
၁၉၉၃ ခုနှစ်၊ မေ ၂၁ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁)

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

မာမာ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး မီးရထားဘူတာရုံ၏ မှောင်မည်းမည်း မှုန်ကုပ်ကုပ် ပေါင်းမိုးအခုံးကြီးများအောက်မှ ထွက်လာသော ကျွန်တော်သည် လင်းလက်တောက်ပြောင်နေသည့် မြို့တွင်းလမ်းများပေါ်သို့ ရောက်လာသည်။

အမှန်တော့ ကျွန်တော်သည် အခုအချိန်မှစ၍ မာမာ့အပေါ်၌သာလျှင် ယုံကြည် စိတ်ချရတော့မည် ဖြစ်သည်။ အားကိုးအားထား ပြုရတော့မည် ဖြစ်သည်။ သို့တစေလည်း အသွင်တစ်မျိုးဖြစ်နေသည့် မာမာ့မျက်နှာကြောင့် ကျွန်တော့်စိတ်သည် မတင်မကျ ဖြစ်နေရပါသည်။ မာမာ့မျက်နှာသည် နွမ်းလျ ညှိုးငယ်နေသည်။ မာမာ့၏ အပြာရောင်မျက်လုံးများသည် အရောင်အဆင်းကင်းမဲ့ကာ ဝမ်းနည်းကြေကွဲခြင်းကို ဖော်ပြနေကြသည်။ မာမာ့၏ မျက်နှာ ဤမျှလောက် ညှိုးငယ်နွမ်းလျနေသည်ကို ကျွန်တော် အရင့်အရင်က တစ်ကြိမ်တစ်ခါမျှမတွေ့ဖူး၊ မမြင်ဖူးခဲ့သဖြင့် အံ့သြခြင်းဖြစ်နေရပါသည်။

မာမာသည် အလိုအလျောက်လှုပ်ရှားသည့် စက်ထဲသို့ ပိုက်ဆံထည့်ကာ ထွက်လာသည့် ချောကလက်ထုပ်ကိုယူ၍ ကျွန်တော့်လက်ထဲသို့ ထည့်ပေးသည်။ ဤမျှလောက်အထိ လုပ်ပေးသည်ကို တွေ့ရသည့်ကြားမှပင် ကျွန်တော့်စိတ်သည် မတင်မကျ ဖြစ်လျက်ရှိသည်။ မာမာ့အပေါ်၌ ယုံကြည်ကိုးစားလိုသည့်စိတ် ကင်းမဲ့လျက်ရှိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်တို့ ဝင်တန်မှ လာခဲ့သည့် ခရီးလမ်းတစ်လျှောက်လုံးတွင် မာမာနှင့် ကျွန်တော်သည် တတိယတန်းတွဲထဲတွင် မျက်နှာချင်းဆိုင်ထိုင်၍ လိုက်လာခဲ့သည်။ အဝတ်အစား နွမ်းနွမ်းဖတ်ဖတ်များကို ဝတ်ထားသော မာမာသည် မီးရထားပြတင်းမှနေ၍ အပြင်သို့မျှော်ငေးပြီး လိုက်ပါလာသည်။ သူသည် သူ့ခေါင်းကို တစ်ဖက်နံရံတွင် မှီထားသည်။ သူ့နှုတ်ခမ်းများသည် တလှုပ်လှုပ်။ သူ့ဘာသာသူ တစ်ယောက်တည်း စကားပြောလာနေခြင်း ဖြစ်၏။ မကြာမကြာ လက်ကိုင်ပဝါကိုထုတ်၍ သူ့မျက်လုံးထောင့်များကို သုတ်လျက်လည်း ရှိသည်။

ရထားပေါ်မှ ဆင်းလာသည့်အခါ မာမာသည် သူ့စိတ်သူ ထိန်းသိမ်းချုပ်တည်းဟန်တူသည်။ သူသည် ကျွန်တော့်အားပြုံး၍ကြည့်ပြီး ကျွန်တော့်လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်သည်။

"နောက်ထပ် မငိုနဲ့တော့နော် သား၊ မင်း အိမ်အထိ လမ်းလျှောက်နိုင်တယ် မဟုတ်လားဟင်။ အိမ်က သိပ်မဝေးပါဘူး ကလေးရယ်"

ကျွန်တော်က လျှောက်နိုင်ပါသည်ဟု ပြန်ပြောသည်။ ကျွန်တော်တို့သည် ဘူတာရုံအပြင်ဘက်၌ ရှိနေသည့် တစ်စီးတည်းသော အငှားကားကို မစီးကြတော့ဘဲ ဟိုက်လမ်းပေါ်အတိုင်း လျှောက်လာခဲ့ကြပါသည်။

ပလက်ဖောင်းပေါ်အတိုင်း လျှောက်လာနေသည့် ကျွန်တော့်နားထဲတွင် အိုင်းရစ်ရေလက်ကြားထဲမှ လှိုင်းသံများကို ကြားနေရဆဲ ဖြစ်ပါ၏။ လမ်းတစ်ဖက်တွင် ပြောင်ပြောင်လက်လက် ကျောက်တိုင်ကြီးများဖြင့် တခမ်းတနား တည်ဆောက်ထားသည့် အဆောက်အအုံကြီးတစ်လုံးကို မြင်ရသည်။ ရှေ့မျက်နှာစာတွင် ရှေးဟောင်း အမြောက်နှစ်လက်နှင့် အလံတိုင်တစ်ခု။ မာမာ၏ထံမှ စကားပြောသံကို ကျွန်တော် ကြားရသည်။

"ဒီအဆောက်အအုံကြီးဟာ ကီဗင်ဖို့ စည်ပင်သာယာရုံးကြီးကွဲ့၊ ရောဘတ်ရဲ့၊ ဒီရုံးမှာ ပါပါမစ္စတာလက်ကီး အလုပ်လုပ်တယ်။ ကျန်းမာရေးဌာနမှာ သူက တာဝန်ခံပေါ့ကွယ်"

"ပါပါဆိုတာ ဘယ်သူ့ကို ပြောတာပါလိမ့်" ဟု ကျွန်တော်သည် ဇဝေဇဝါဖြင့် တွေးနေမိပါသည်။ "မာမာ့ယောက်ျားကို ပြောတာလား၊ မာမာ့အဖေကို ပြောတာလား"

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်ခြေထောက်များသည် ကျောက်ပြားများ ခင်းထားသည့် ပလက်ဖောင်းပေါ်ဝယ် ကျယ်လောင်သော အသံကိုပြုကာ လျှောက်သွားလျက်ရှိသည်။ မာမာက ကျွန်တော့်အား စိုးရိမ်ပူပန်သည့် မျက်နှာထားဖြင့် ငုံ့ကြည့်သည်။

"ဒီနေ့ ဓာတ်ရထားတွေမထွက်တာ သိပ်ဆိုးတာပဲ"ဟု ပြောသည်။

ကျွန်တော်သည် ကိုယ်ထင်ထားသည်ထက် ပို၍ ပင်ပန်းနေရုံမျှမက အလွန်လည်း ထိတ်လန့်ကြောက်ရွံ့နေမိသည်။ စက်တင်ဘာလ၏ မွန်းလွဲပိုင်းသည် မှုန်မှိုင်းမှိုင်း။ မြို့တွင်းလမ်းများသည် ကျောက်ခင်းလမ်းများချည်း ဖြစ်သဖြင့် ဖိနပ်သံများသည် ကျယ်လောင်စူးရှစွာ ထွက်ပေါ်နေသည်။ ထိုအသံများသည် ကျွန်တော့်အား ပိုမို ချောက်ချားအောင် ခြောက်လှန့်လျက်ရှိ၏။ ယခု ကြားနေရသောအသံများသည် ကျွန်တော် နေထိုင်ခဲ့ရာ ဖီးနစ္စရပ်ကွက်တွင်းရှိ ကျွန်တော့်အိမ်ပြတင်းပေါက်များမှ ဝင်လာနေကြသည့် မော်တော်ကားသံများနှင့် မတူပါ။ ကိုယ်ကြားနေကျ အသံမျိုး မဟုတ်သဖြင့် ကျွန်တော့်စိတ်သည် တစ်မျိုးဖြစ်လျက် ရှိသည်။

သင်္ဘောကျင်းဘက်မှ တူထုသံများသည် အဆက်မပြတ် ထွက်ပေါ်လာလျက်ရှိ၏။ မာမာ ညွှန်ပြသည့် ဘွိုင်လာစက်ရုံဆီမှ မီးတောက်မီးလျှံများနှင့် မီးခိုးများသည် ကောင်းကင်ဆီသို့ ထိုးတက်နေကြသည်။ တစ်ခါတစ်ရံတွင် လေသည် ပြင်းထန်စွာ ဝှေ့ယမ်း တိုက်ခတ်လာတတ်သည်။ ထိုအခါတွင် ကျွန်တော့်မျက်စိများထဲသို့ ဖုန်မှုန့်များ ဝင်လာတတ်သည်။ ချောင်းလည်း တဟွပ်ဟွပ် ဆိုးလာတတ်ပါသည်။

မကြာမီ သင်္ဘောကျင်းဆီမှ အသံဗလံများသည် ကျွန်တော်တို့နောက်တွင် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ခဲ့သည်။ ကျွန်တော်တို့သည် ရေကန်ငယ်တစ်ကန်နှင့် တီးဝိုင်းစင်တစ်စင်ရှိရာ ပန်းခြံတစ်ခုအတွင်းမှ ဖြတ်ကျော်လာခဲ့ကြသည်။ ထို့နောက် မြို့၏ ဆင်ခြေဖုံးရပ်ကွက် တစ်ခုအတွင်းသို့ ဝင်လာခဲ့သည်။ ရပ်ကွက်သည် တောအုပ်လွှမ်းခြုံထားသည့် တောင်ကုန်းတစ်ခု၏အောက်ဘက်၌ တည်ရှိသည်။ ရွာငယ်လေးတစ်ရွာနှင့် တူလှပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ဤတစ်ဝိုက်တွင် သစ်ပင်များနှင့် စိမ်းလန်းစိုပြည်သော လယ်ကွင်းများတည်ရှိသည်။ ရှေးဆန်ဆန် စတိုးဆိုင်ငယ်များနှင့် ကော့တိတ်ချ် တစ်ထပ်တိုက်အိမ်ကလေးများ တည်ရှိသည်။ အိမ်ရှေ့တံခါးဝများတွင် 'ဟယ်လင်ဖီးလ်၊ ဂလင်းနယ်' စသော ခြံနာမည်ဆိုင်းဘုတ်များ ချိတ်ဆွဲထားသည့် အိမ်ကြီးများ တည်ရှိသည်။ ဤအိမ်ကြီးများသည် သံဝင်းထရံ၊ ပန်းခြံနှင့် ထည်ဝါခံ့ညားသော အသွင်ကို ဆောင်လျက်ရှိကြလေသည်။

ဒရမ်းဘက်လမ်းအတိုင်း လျှောက်ဝင်လာခဲ့ကြသော ကျွန်တော်တို့သည် နောက်ဆုံးတွင် 'လိုမွန်ဗြူးဂေဟာ' ဟူသော ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် အိမ်မြင့်မြင့်တစ်လုံးရှေ့၌ ရပ်ကြသည်။ အိမ်ရှေ့မျက်နှာစာ ပြတင်းပေါက်များတွင် အဝါရောင်ခန်းဆီးများတပ်ထားသည်ကို ကျွန်တော် မြင်ရပါသည်။

တိတ်ဆိတ်သောလမ်းထဲရှိ ဤအိမ်၏ အသွင်အပြင်သည် ထည်ဝါခံ့ညားခြင်းတော့ မရှိလှပါ။ အိမ်ရှေ့မျက်နှာစာကို အချောကိုင်ထားသော်လည်း ကျန်အစိတ်အပိုင်းများမှာ အကြမ်းထည်များသာဖြစ်သည်။ အိမ်ရှေ့ဘက်ရှိ ပန်းဥယျာဉ်ထဲမှ လေယူရာတိမ်းကာ ယိမ်းနွဲ့နေကြသော ဂန္ဓမာပန်းများသည် အိမ်ကို ကျက်သရေရှိအောင် ဖန်တီးလျက်ရှိသည်။

"အိမ်ကိုရောက်ပြီ ရောဘတ်"ဟု မာမာက ပြောသည်။ "ရာသီဥတုက သာသာယာယာရှိသေးလို့ တော်သေးတာပေါ့ကွယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာ သာယာလှပတဲ့ ရွာကလေးတွေ ရှိတယ်"

ဤပတ်ဝန်းကျင်သည် ကျွန်တော့်အတွက် အလွန်စိမ်းသော ပတ်ဝန်းကျင်ဖြစ်၏။ ကျွန်တော့်ရင်သည် စိုးရိမ်စိတ်ဖြင့် တဒိတ်ဒိတ်ခုန်ကာ လာရပြန်ပါသည်။ သို့သော်လည်း ကျွန်တော်သည် စိတ်ကိုတင်းကာ မာမာ၏နောက်မှ လိုက်ပါသည်။ လိုက်လာနေရင်းမှလည်း ယနေ့မနက် ဒပ်ဘလင်မြို့မှ မထွက်ခွာမီ ဝင်တန်သဘော်ကျင်း၌ ကျွန်တော့်အား တယုတယနမ်း၍ နှုတ်ဆက်ခဲ့သော ကျွန်တော်တို့အိမ်နားနီးချင်း မစ္စက်ချက်ပ်မင်းအား ပြန်လည်မြင်ယောင်မိသည်။ ပြီးတော့ သူပြောသည့် စကားတစ်ခွန်း။

"မင့်မှာ နောက်ထပ် ဘာတွေများ ဖြစ်လာဦးမှာလဲကွယ်"

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်နားများသည် သူ့စကားများကို ပြန်လည်ကြားယောင်နေသည်။ သူ့အသံတွင် စိတ်ထိခိုက်သံ အပြည့်အဝပါနေသည်ကို ကျွန်တော် သတိထားခဲ့မိပါသည်။

နောက်ဖေးဘက် တံခါးဝအရောက်တွင် မာမာသည် တစ်ခဏမျှ ရပ်လိုက်သည်။ ပန်းခင်းတစ်ခင်းကို ပြန်စိုက်ရန် ဂေါ်ပြားတစ်လက်ဖြင့် အလုပ်ရှုပ်နေသော လူတစ်ယောက်ကို မြင်လိုက်၍ ဖြစ်သည်။ ဒူးနှစ်ဖက်ထောက်၍ မြေကြီးများကို တူးဆွနေသော အသက်ဆယ့်ကိုးနှစ်ခန့်ရှိ လူရွယ်သည် ကျွန်တော်တို့အား မြင်လိုက်သည့်အခါ ထရပ်သည့် သူ့ပုံပန်းသည် ထုံထိုင်းနေးကွေးမည့် အရိပ်လက္ခဏာရှိ၏။ ဆံပင်က နက်နက်၊ အသားအရောင်က ဖြူရော်ရော်၊ တပ်ထားသည့် မျက်မှန်ကထူထူ၊ မျက်စိမွဲကြောင်းဖော်ပြနေသည့် အမှတ်အသားတစ်ခု ဖြစ်၏။

"မင်း ဒါတွေကို လုပ်နေပြန်ပြီလား မာဒိုး"

မာမာ့အသံတွင် အပြစ်တင်လိုသော အရိပ်အငွေ့ ထင်ဟပ်နေသည်။ ထို့နောက်တော့ ကျွန်တော့်လက်ကိုဆွဲ၍ လူငယ်ရှေ့သို့ တွန်းပို့သည်။

"ဒါ... ရောဘတ်ပဲ"

မာဒိုးသည် ကျွန်တော့်အား ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"အင်း... နောက်ဆုံးကျတော့လည်း သူ ဒီကို ရောက်လာတာပဲနော်" ဟု ရေရွတ်သည်။

မာမာက ခေါင်းညိတ်သည်။ သူ့မျက်လုံးအစုံတွင် ဝမ်းနည်းကြေကွဲခြင်း အရိပ်အငွေ့များ ယှက်သန်းလာသည်။ မာဒိုးသည် ရှေ့သို့ တိုးလာပြီး ကျွန်တော့်လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ သူ့လက်မှ မြေစေးများသည် ကျွန်တော့်လက်ကို ပေကျံကုန်ပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ရောဘတ်။ မင်းမှာ အခက်အခဲရှိလာရင် ငါ့ကိုပြောပါ" ဟု ပြောကာ မာမာ့အား လှည့်ကြည့်သည်။

"ပျိုးခြံက အလကားရတဲ့အပင်တွေကို စိုက်မှာပါ။ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်ပါဘူး မာမာ"

"အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့။ ဒါပေမဲ့ ပါပါ ပြန်မလာခင် မင်းရေမိုးချိုးထားမှ ဖြစ်မယ်။ သူ ပြန်လာတဲ့အချိန်မှာ မင်း ခုလိုလုပ်ကိုင်နေတာ တွေ့ရင် စိတ်ဆိုးလိမ့်မယ်" ဟု မာမာက ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကျွန်တော် ပြီးတော့မှာပါ။ ခဏနေရင် ကျွန်တော် မာမာ့ဆီ လာမှာပါ" မာဒိုးသည် ဒူးထောက်၍ထိုင်ကာ သူ့အလုပ်ကို ဆက်လုပ်သည်။ ကျွန်တော့်လက်ကိုဆွဲ၍ ထွက်သွားသော သူ့အမေအား နောက်မှနေ၍ လှမ်းပြောလိုက်သည်။ "ကျွန်တော် အာလူးတွေ ပြုတ်ထားလိုက်တော့မယ် မာမာ"

ကျွန်တော်တို့သည် ပန်းကန်ဆေးခန်းမှ ဖြတ်ကာ မီးဖိုချောင်ထဲသို့ ရောက်သည်။ ထိုမှတစ်ဆင့် မဟော်ဂနီသစ်သားများဖြင့် ပြုလုပ်ထားသည့် စားပွဲကုလားထိုင်များ ချခင်းထားသော ဧည့်ခန်းသို့ ရောက်သွားကြသည်။ မာမာသည် ဦးထုပ်ကိုချွတ်၍ ချိတ်ကာ ကျွန်တော့်အား ထိုင်ရန် လှမ်းပြောသည်။ ကျွန်တော် စိတ်အားမငယ်စေရန် အားပေးသမှု ပြုသည့်အနေဖြင့် ပြုံး၍ ကြည့်သည်။

"မာမာတို့ ညစာကို ညနေခင်း စောစောစားတယ်။ ပါပါ ပြန်လာရင် မင်းဇိုလားယိုလား မလုပ်နဲ့နော်။ သူ စိတ်မကောင်းဖြစ်သွားလိမ့်မယ်။ သူ့မှာက တစ်မြို့လုံးအတွက် ပူပင်စရာတွေ အများကြီးရှိနေတော့ မာမာတို့က သူ့ကို စိတ်မချမ်းမသာဖြစ်အောင် မလုပ်ကြဘူး"

"မာမာရဲ့ သမီးကိတ်လည်း မကြာခင် ရောက်လာလိမ့်မယ်။ သူက ကျောင်းဆရာမကွဲ့၊ မင်းကို မင်းအမေက ပြောပြီးရောပေါ့။ မင်းအမေရဲ့ ဆွေမျိုးတွေနဲ့ ပထမဆုံး ဆုံမိမှာဆိုတော့ ခေါင်းတော့ ရှုပ်စရာပဲ"

"မာမာရဲ့ သားအကြီးဆုံးက အေဒမ်တဲ့။ သူက ဝင်တန်မှာ အသက်အာမခံလုပ်ငန်း လုပ်တယ်။ သူက မာမာတို့နဲ့ အတူမနေပါဘူး။ ဒါပေမဲ့ သူ အားရင် ဒီကို ရောက်လာတတ်တယ်။ ပြီးတော့ ပါပါရဲ့အမေ ရှိတယ်။ သူက အခုလောလောဆယ် သူ့မိတ်ဆွေတွေဆီ အလည်သွားနေတယ်။ သူကတော့ မာမာတို့နဲ့ လာနေတဲ့အချိန်က များတယ်။ နောက်တစ်ယောက်ကတော့ မာမာရဲ့ အဖေပဲ။ သူက ဒီမှာ အမြဲနေတာ။ သူကတော့ မင်းနဲ့ အဘေားတော်တယ်။ ကလေးတိုင်းမှာ အဘေးမရှိကြဘူးကွဲ့။ သူ အသက်အထင်အရှားရှိနေတာဟာ မင့်အတွက် သိပ်ဂုဏ်ရှိတယ်။ မင်းက သူ့ကို 'ဘိုးဘိုး' လို့ပဲ ခေါ်ပေါ့ကွယ်။ မာမာက လင်ပန်းတစ်ချပ်နဲ့ ညစာပြင်

mgyoe.com

SAMPLE BOOK

ဆင်ပေးပြီးရင် မင်းကိုယ်တိုင် သူ့ဆီ သွားပို့ပေးနော်။ သူက အပေါ်ထပ်မှာနေတယ်။ သူ့ဆီရောက်ရင် နေကောင်းရဲ့လားလို့ မေးနော်"

မာမာသည် ညစာကို လှိုင်ါးယောက်စာ ပြင်သည်။ ခပ်ဟောင်းဟောင်း လင်ပန်းတစ်ခုတွင် ညစာ အစားအသောက် ပန်းကန်များကို သပ်သပ်ရပ်ရပ်ထည့်သည်။ ဟင်းများသာမက လက်ဖက်ရည်တစ်အိုး၊ နို့တစ်ပန်းကန်နှင့် ပေါင်မုန့်သုံးချပ်ပါ ထည့်ထားသည်။

"အဘိုးက ညစာကို အောက်ထပ်ဆင်းပြီး မစားဘူးလား" ဟု ကျွန်တော်က မေးမိသည်။ မာမာသည် အနည်းငယ် စိတ်ရှုပ်သွားပုံ ရသည်။ "မစားဘူးကွဲ့၊ သူက သူ့အခန်းထဲမှာပဲ စားတယ်" ဟု ဖြေသည်။ လင်ပန်းကို ကျွန်တော့်အား လှမ်းပေးပြီး "နိုင်တယ် မဟုတ်လား၊ အဘိုးက အပေါ်ဆုံးထပ်မှာနေတာ။ မြဲမြဲကိုင်သွား လွှတ်မကျစေနဲ့" ဟု မှာသည်။

ကျွန်တော်သည် လင်ပန်းကို မြဲမြဲကိုင်ကာ ကိုယ်တက်နေကျမဟုတ်သော လှေကားမှ တက်လာခဲ့သည်။ ဖယောင်းများဖြင့် တိုက်ထားသဖြင့် လှေကားထက်တွင် ချော်မလဲရန် များစွာ သတိထားလာရပါသည်။ ဒုတိယထပ်သို့ ရောက်သောအခါ အခန်းတံခါးပေါက် နှစ်ခုအနက် တစ်ခုကို သွား၍ဖွင့်သည်။ သော့ခတ်ထားသဖြင့် ဖွင့်မရ။ ဒုတိယအခန်းကျတော့ အလွယ်တကူပင် ပွင့်သွားသည်။

ကျွန်တော် အခန်းထဲသို့ ရောက်သွားသည်။ အလွန်မသပ်မရပ်နိုင်သည့် အခန်းတစ်ခန်း ဖြစ်သည်။ ထောင့်တစ်ထောင့်တွင် ကြေးခုတင်တစ်လုံးရှိသည်။ ခုတင်ပေါ်ရှိ အိပ်ရာခင်းများနှင့် စောင်များသည် ဖရိုဖရဲ၊ ဆောင်းမီးဖိုရှေ့၌ ခင်းထားသည့် ဝက်ဝံရေ ကော်ဇောသည် ကျိုးကြေတွန့်ခေါက်လျက်ရှိသည်။ တန်းတစ်တန်းပေါ်၌ လှန်းထားသည့် မျက်နှာသုတ်ပဝါသည် ရွံ့စောင်းစောင်း၊ ဘယ်ကိုပဲ ကြည့်လိုက် ကြည့်လိုက် စည်းမဲ့ကမ်းမဲ့ ဖြစ်နေသည့် အခြေအနေကို မြင်နေရသည်။ ကျွန်တော့်နှာခေါင်းသည် ဆေးပြင်းလိပ်နံ့များနှင့် ဟင်းကြွင်းဟင်းကျန် အနံ့များကို ရှူရှိုက်နေရပါသည်။

ကျွန်တော့်အဘိုးသည် သံချေးများအထပ်ထပ်တက်နေသည့် ဆောလမီးဖိုဘေးမှ ပက်လက်ကုလားထိုင်တွင် ထိုင်ကာ သူ့ရှေ့၌ ချထားသည့်

mgyoe.com

 mgyoe.com SAMPLE BOOK 

စားပွဲနိမ့်နိမ့်တစ်လုံးပေါ် စာရွက်များတင်၍ ကလောင်တစ်ချောင်းဖြင့် စာကူးလျက် ရှိသည်။ သူ၏ ဘေးတစ်ဖက်တွင် အံ့သြဖွယ်ကောင်းလောက်အောင် များပြားသည့် လမ်းလျှောက်တုတ်များ ထောင်ထားသည်။ အခြားတစ်ဖက်တွင် သတင်းစာဟောင်းများ အပုံလိုက် ထည့်ထားသည့် သေတ္တာတစ်လုံးနှင့် မြေဆေးတံ အမြောက်အမြား စီ၍ တင်ထားသည့် စင်တစ်ခု...။ ဆေးတံများတွင် ဆေးများထည့်ထားသည်။ အလွယ်တကူ ဆွဲယူပြီး သောက်လို့ရအောင် စီမံထားခြင်း ဖြစ်သည်။

အဘိုးသည် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် အတော်ကြီးထွားကျိုင်းသော လူကြီးတစ်ယောက် ဖြစ်လေသည်။ အရပ်ကလည်း သာမန်လူတွေထက် မြင့်မားသည်။ အသက်ကတော့ ခုနစ်ဆယ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ အသားအရောင်သည် ပန်းရောင်၊ ဆံပင်အရောင်ကျတော့ နီရဲရဲ။ သို့သော်လည်း အချို့နေရာများတွင် ကွက်တိကွက်ကျားရွှေရောင်သန်းနေသည်။ အဖြူရောင်ဝင်သည်ကို လုံးဝ မတွေ့ရသေး။ သူ့မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများမှာလည်း ရွှေရောင်သန်းနေသည်။ ပင်ကို အဖြူရောင် မျက်လုံးအစုံတွင် အဝါရောင် ပြောက်တိပြောက်ကျားဝင်နေသော်လည်း အပြာရောင် မျက်စိသူငယ်အိမ်မှ အပြာရောင်သည် မာမာ၏ အရောင်လို ဖျော့တော့တော့မဟုတ် ဝင်းလက်နေသည်။

အဘိုး၏ မျက်နှာတွင် အထူးခြားဆုံးသောအရာမှာ နှာခေါင်းဖြစ်သည်။ အလွန့်အလွန် ကြီးမားသော နှာခေါင်းကြီးသည် နီရဲကာ ပွရောင်းရောင်း ဖြစ်နေသည်။ ကျွန်တော် သူ့နှာခေါင်းကြီးကို စိုက်ကြည့်ကာ အံ့သြခြင်း ဖြစ်နေမိသည်။ သူ့မျက်နှာကို ဤနှာခေါင်းကြီး လွှမ်းမိုးနေသည်ဟုပင် ထင်မိသည်။ ဤမျှလောက် ကြီးမားပြီး ထူးဆန်းအံ့သြဖွယ်ကောင်းသည့် နှာခေါင်းမျိုးကို ကျွန်တော် ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပါ။

အဘိုးသည် စာရေးနေခြင်းကို ရပ်ထားလိုက်ပြီး ကလောင်တံကို သူ့နားတစ်ဖက်တွင် ညှပ်လိုက်သည်။ ထို့နောက် မျက်နှာကို ကျွန်တော့်ဘက်လှည့်၍ ကျွန်တော့်အား ကြည့်နေသည်။ ကုလားထိုင်တွင် တပ်ထားသည့် စပရင်များမှာ ပြုတ်ပျက်ထွက်နေကြသဖြင့် အညိုရောင် စက္ကူအထူ

mgyoe.com

များ ထိုး၍ လိမ်၍ ထိုးညှပ်ထားသည်။ သို့သော်လည်း အဘေး၏ ကိုယ် အလေးချိန်ဒဏ်ကို မခံနိုင်သည့် ကုလားထိုင်သည် အဘေး လှုပ်ရှားလိုက် တိုင်း တကျွီကျွီ အော်မြည်လျက်ရှိ၏။

ကျွန်တော်တို့သည် တစ်ဦးကို တစ်ဦး ဇိုက်ကြည့်နေကြသည်။ ကျွန်တော်သည် စောစောက စိတ်ဝင်တစားဖြစ်ခဲ့မိသည့် နှာခေါင်းကြီးကိုပင် မေ့သွားပါသည်။ ဈေးချုပ်အနက်ရောင်ဝတ်စုံ အပေါ်စားဝတ်၍ သူ့ရှေ့၌ ရပ်နေသော ကျွန်တော်သည် ကိုယ့်ချို့ယွင်းချက်များကို ပြန်၍ သတိထားမိ နေသည်။ ကျွန်တော့် ခြေအိတ်တစ်ဖက်သည် အောက်သို့ လျှောကျနေသည်။ ဖိနပ်ကြိုးများသည် ပြေလျက် ရှိကြသည်။ မျက်ရည်စက်များ ထင်နေသော မျက်နှာသည် ဖြူရော်ရော် ဖျော့တော့တော့။ ဆံပင်က နီနီရဲရဲ။ ကိုယ့်ကိုယ် ကိုယ် အချိုးအစားမကျဟူသော အထင်ကြောင့် အားငယ်သောစိတ်က လွှမ်းမိုးနေသည်။

အဘိုးသည် သူ့စာရွက်ကို ဘေးတစ်ဖက်သို့ တွန်းဖယ်လိုက်ပြီး စားပွဲပေါ်မှ နေရာအလွတ်ကို လက်ညှိုးထိုးပြသည်။ ကျွန်တော်က လက် ထဲမှ လင်ပန်းကို သူပြသည့်နေရာ၌ ချပေးလိုက်ပါသည်။ သူ့အကြည့် သည် ကျွန်တော်ထံမှ လွှဲဖယ်သွားသည်။ ချက်ချင်းပင် သူ့ရှေ့ရှိ လင်ပန်း ထဲမှ အစာများကို ယူ၍ စားသည်။ ပါးစပ်ထဲ ရောက်သွားသမျှကို လျှင်မြန် စွာဝါးပြီး လျှင်မြန်စွာ မျိုချသည်။ လက်ဖက်ရည်ကိုလည်း ကပျာကယာ ဖျော်၍ ကပျာကယာပင် မော့သည်။ ပြီးတော့ သူ့မုတ်ဆိတ်၌ ပေကျံသွား သမျှကို လက်နှင့်ဆွဲသပ်ပြီး သုတ်သည်။ ထို့နောက် စင်ပေါ်မှ ဆေးတံတစ် လက်ကို လှမ်းယူပြီး မီးညှိ၍ ဖွာသည်။

"ရောဘတ်ရှန်နွန်ဆိုတာ မင်းလား"

အဘိုး၏ အသံသည် တည်ကြည်လွန်းသော်လည်း ရင်းနှီးဖော်ရွေမှု တော့ပါသည်။

"ဟုတ်ပါတယ် ဘိုးဘိုး"

ကျွန်တော့်အသံမှာ ခပ်ပျော့ပျော့။ မာမာက 'ဘိုးဘိုးကြီး' ဟု မခေါ်ဘဲ 'ဘိုးဘိုး' ဟုခေါ်ရန် သင်ပေးလိုက်သည်ကို သတိရသည်။

"မင်း လမ်းမှာ ပျော်ခဲ့ရဲ့လားကွ"

mgyoe.com

mgyoe.com

"ဟုတ်ကဲ့... ဘိုးဘိုး"

"အေး...ကောင်းတာပေါ့ကွ၊ 'အဲက်ဒါး'နဲ့ 'ဖိုက်ပါ'ဆိုတဲ့ သဘော်တွေက သဘော်ကောင်းတွေပဲ။ ငါ ယစ်မျိုးဌာနမှာ အလုပ်လုပ်နေတုန်းက အဲဒီ သဘော်တွေက အိပ်ခန်းတွေကို တက်ကြည့်ဖူးတယ်။ အဲက်ဒါးက ပိုပြီး သာတယ်ကွ။ ဒါနဲ့ မင်းကို မေးရဦးမယ်။ မင်း ကျားကစားတတ်သလား"

"မကစားတတ်ဘူး ဘိုးဘိုး"

သူက ခေါင်းတစ်ချက်ညိတ်သည်။ "မင်း ဒီမှာ နေသွားရင် အချိန်တန်တော့ တတ်လာမှာပေါ့ကွာ" ဟု ပြောသည်။ "ငါ သိထားတဲ့အတိုင်းဆိုရင် မင်း ဒီအိမ်မှာနေမှာ မဟုတ်လား"

"ဟုတ်ပါတယ် ဘိုးဘိုး၊ မစ္စက်ချက်ပ်မင်းက မင့်မှာ ဒီနေရာကလွဲပြီး တခြားသွားစရာနေရာ မရှိတော့ဘူးလို့ ပြောတယ်"

ကျွန်တော်သည် မိမိ၏ အပယ်ခံဘဝကိုတွေးကာ ကိုယ့်ကိုယ်ကိုယ် သနားသောစိတ် ဖြစ်ပေါ်လာသည်။

ရုတ်တရက် ကျွန်တော်သည် သူ၏ သနားကရုဏာသက်မှုကို ရယူလိုသောစိတ် ပြင်းပြစွာ ပေါ်လာသည်။ ကျွန်တော့်၏ ဆိုးရွားသောဘဝအကြောင်းကို အစအဆုံး ဖွင့်ဟပြောလိုသော ဆန္ဒလည်း အပြင်းအထန်ဖြစ်ပေါ်လာသည်။ ကျွန်တော့်အဖေ အဆုတ်ရောဂါနှင့် သေသွားရသည်ကို သူသိပါလေစ။ အဆုတ်ရောဂါသည် ကျွန်တော့်အဖေ၏ မိသားစုအပေါ်တွင် တစ္ဆေသရဲတစ်ကောင်သဖွယ် အမြဲတစေ ခြောက်လှန့် နှိပ်စက်ခဲ့သောရောဂါဖြစ်၏။ သူ့အရင် သူ့အစ်မနှစ်ယောက်သည်လည်း ဤရောဂါနှင့်ပင် ကွယ်လွန်ခဲ့ကြသည်။ နောက်ဆုံးတွင် ထိုရောဂါသည် ကျွန်တော့်အမေအား ကူးစက်ခဲ့ပြီးသေဆုံးခဲ့ရသည်။ ထိုရောဂါသည် ကျွန်တော့်ကိုပင်လျှင် ဒုက္ခပေးလေမလားဟု အမြဲတစေ တွေးတော ပူပန်နေရသည့်အနေသို့ ဆိုက်ရောက်နေပြီ ဖြစ်၏။

သို့သော် အဘိုးသည် ဆေးတံကိုသုံးချက်ဖွာကာ ကျွန်တော့်အား စိုက်ကြည့်နေသည်။ သူ့နှုတ်ခမ်းများသည် မဲ့နေကြသည်။ သူသည် ပြောလက်စ အကြောင်းအရာကို ပြောင်းပစ်လိုက်သည်။

mgyoe.com

"မင်းအသက် ရှစ်နှစ်ရှိပြီနော် ဟုတ်လား"

"ဟုတ်ကဲ့ ဘိုးဘိုး၊ ကျွန်တော် ရှစ်နှစ်ပြည့်တော့မှာပါ"

ကျွန်တော့်အနေဖြင့် အသက်ကို ထို့ထက်ပို၍ ငယ်စေချင်သည်။ သို့သော်လည်း ကျွန်တော့်အဘိုးသည် ကျွန်တော်က မည်မျှပင် သနားလာအောင် လုပ်သော်လည်း သနားလာမည့်လက္ခဏာ မရှိပါ။

"မင့်အသက်က ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ရပ်သင့်တဲ့ အရွယ်ကွ" ဟု ပြောသည်။

"မင်းနဲ့ပတ်သက်ပြီး ငါ့မှာ ပြောစရာတွေ အများကြီး ရှိသေးတယ်။ မင်း လမ်းလျှောက်တာကော ကြိုက်သလား"

"ကျွန်တော် ကြိုက်ပါတယ် ဘိုးဘိုး၊ ဒါပေမဲ့ အဝေးကြီးတော့ မလျှောက်ခဲ့ဖူးဘူး"

"အေး… ကောင်းတယ်၊ မင်းနဲ့ငါ လမ်းလျှောက်ကြမယ်။ စကော့တွေရဲ့ ဒေသကလေးဟာ ငါတို့အတွက် ကောင်း၊ မကောင်း သိရအောင်ပေါ့" သူသည် စကားကိုဖြတ်၍ရပ်ကာ ကျွန်တော့်ဆံပင်ကို ကြည့်သည်။

"မင့်ဆံပင်ဟာ ငါ့ဆံပင်နဲ့တူလို့ ငါ ဝမ်းသာတယ်။ မင်းအမေဆံပင်လည်း ငါ့ဆံပင်နဲ့ အရောင်အတူတူပဲ။ ဒီမိန်းကလေးအဖြစ်က သနားစရာကောင်းပါတယ်ကွာ"

သူ့စကားကြားလိုက်ရသည့်အခါ ကျွန်တော်သည် ကိုယ့်စိတ်ကိုယ်ထိန်းချုပ်နိုင်စွမ်းမရှိ ဖြစ်လာသည်။ ဖြစ်နေကျ အလေ့အထအတိုင်း မျက်လုံးအစုံတွင် မျက်ရည်စများ ပြည့်လာသည်။ ကျွန်တော့်အမေ၏ အလောင်းကို သင်္ဂြိုဟ်ခဲ့သည့် လွန်ခဲ့သော သီတင်းပတ်ထဲမှစ၍ ကျွန်တော်သည် အမေ့နာမည်ကို ပြောသံကြားတိုင်း မျက်ရည်ကျခဲ့ရသည်။ တစ်ဦးတစ်ယောက်က ကျွန်တော့်အပေါ် ကရုဏာသက်သည့်အပြောနှင့် အမူအရာများကို မြင်တိုင်းလည်း စိတ်ထိခိုက်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ယခုတစ်ကြိမ်တွင်မူ စိတ်ထဲမှ တစ်မျိုးခံစားရသည်။ အဘိုးထံမှ ကြားရသည့် စကားသည် မစွက်ချက်ပ်မင်းထံမှ တယုတယ တရင်းတနှီး ပြောလိုက်သည့် လေသံမျိုးမဟုတ်ပါ။ စိန့်–ဒိုမိနီ ဘုရားရှိခိုး

mgyoe.com

ကျောင်းမှ ဖာသာရှန်လေး၏ စိတ်ထိခိုက်နေသည့် လေသံမျိုးနှင့်လည်း မတူပါ။ ကျွန်တော့်အဘိုးသည် ကျွန်တော် စိတ်ထိခိုက်သည်ကို နှစ်သက် ဟန်မတူပါ။

ကျွန်တော်သည် အဘိုး၏ အမူအရာကိုကြည့်၍ စိတ်ရှုပ်မိသည်။ မျက်ရည်စများကို ထွက်မကျလာအောင် ထိန်းထားရသည်။ ထိုအခါ လည်း ချောင်းထဲတွင် တစ်ဆို့ဆို့ဖြစ်ကာ ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။ ချောင်းဆိုးခြင်းသည် ရုတ်တရက် ရပ်မသွား။ ကျွန်တော် ချောင်းဆိုးနေပုံသည် ကျွန်တော့်အဖေ ချောင်းဆိုးနေပုံနှင့် တူနေသည်။ အမှန်အတိုင်း ပြောရမည် ဆိုပါက အဖေနှင့်တူသောချောင်းမျိုး ဆိုးနေခြင်းအတွက် ကျွန်တော် ဂုဏ် ယူမိသည်။ ချောင်းဆိုးရပ်သွားသည့်အခါ ကျွန်တော်သည် အဘိုး၏မျက် နှာကို မျှော်လင့်ချက်ကြီးစွာဖြင့် မော့ကြည့်မိသည်။

သို့သော်လည်း အဘိုး၏ မျက်နှာထားသည် ကျွန်တော်၏စိတ်ကို သက်သာရာ မရစေခဲ့ပါ။ သူသည် သူ့အပေါ်အင်္ကျီ အိတ်ကပ်ထဲမှ သံဘူး ကလေးတစ်ခုထုတ်ကာ အဖုံးကို ဖွင့်လိုက်သည်။ အထဲမှ 'ပူရှိန်းပြား' တစ်ပြား ထုတ်ယူလိုက်သည်။ ကျွန်တော်က ကျွန်တော့်အား ပေးမည်ဟု မျှော်လင့် ထားသည်။ သို့သော်လည်း ကျွန်တော် မျှော်လင့်သလိုမဟုတ်ပါ။ သူသည် ကျွန်တော် စိတ်ထိခိုက်နေခြင်းကို အသိအမှတ်ပြုပုံမပေါ်ပါ။ ပူရှိန်းပြားကို အေးအေးဆေးဆေးပင် သူ့ပါးစပ်တွင်းသို့ ထိုးသွင်းလိုက်ပြီး ငုံထားသည်။ တပျတ်ပျတ် စုပ်သည်။ ပြီးတော့ ကျွန်တော့်အား အလွန် အလေးအနက် ထားသည့် လေသံဖြင့် ပြောသည်။

"ဒီမယ် ရောဘတ်၊ မင်း မျက်လုံးနားမှာကပ်နေတဲ့ မျက်ရည်အိတ် ဟာ အဖိုးတန်တယ်ကွ၊ လွယ်လွယ်နဲ့ မျက်ရည်မထွက်အောင် မင့်ကိုယ် မင်း ထိန်းရမယ်"

သူသည် နားရွက်တွင် ညှပ်ထားသည့် ကလောင်ကို ပြန်ယူကာ ရှေ့အိတ်ကပ်ထဲ ထိုးထည့်လိုက်သည်။ "ငါ့ဘဝမှာ ငါဟာ အခက်အခဲ တွေနဲ့ တွေ့ရင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်တယ်။ အဲ့ဒီအခက်အခဲကို ငါက လက် မြှောက် အရှုံးပေးလိုက်ရင် အောင်မြင်လိမ့်မယ်လို့ မင်း ထင်သလား" ဟု မေးသည်။

mgyoe.com

အဘိုးသည် အလွန်လေးနက်သည့်သဘောတရားများကို ကျွန်တော့်အား ရှင်းပြတော့မည့်လက္ခဏာ ရှိသည်။ သို့သော်လည်း ထိုခဏမှာ အောက်ထပ်မှ ခေါင်းလောင်းတီးသံ ကြားလိုက်ရသည်။ အဘိုးသည် ပြောလက်စ စကားကို ဖြတ်လိုက်သည်။ စိတ်ပျက်သွားပုံလည်း ရလိုက်၏။ သူသည် လက်ထဲမှဆေးတံကို လှုပ်ယမ်းပြီး ကျွန်တော့်အား သွားတော့ဟု အရိပ်အခြည်ပြသည်။ သူ ရေးလက်စစာကို ပြန်၍ ရေးနေခိုက်တွင် ကျွန်တော်သည် သူ့ရှေ့မှ လင်ပန်းကို အသာယူ၍ အူတိအူကြောင်ဖြင့် ခပ်ကုပ်ကုပ်ကလေးလုပ်ကာ တံခါးဆီသို့ လျှောက်လာခဲ့သည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

အောက်ထပ် မီးဖိုခန်းထဲရှိ ထမင်းစားစားပွဲတွင် မစ္စတာလက်ကီး၊ ကိတ်နှင့် မာဒိုးတို့သည် မာမာနှင့်အတူ ကျွန်တော် ပြန်ရောက်အလာကို စောင့်မျှော်လျက် ရှိကြပါသည်။ ကျွန်တော် ရောက်သွားသောအခါ အားလုံး ငြိမ်ဆိတ်နေကြသည်။ သူတို့၏ အမူအရာများကို ကြည့်ရခြင်းအားဖြင့် သူတို့ပြောနေသည့် အကြောင်းအရာသည် ကျွန်တော့်အကြောင်း ဖြစ်သည်ဟု ထင်ရှားနေသည်။

အထီးကျန်နိုင်သော ကလေးသူငယ်တို့၏ သဘာဝအတိုင်း ကျွန်တော်သည် အရှက်ကြီးလျက်ရှိ၏။ ပါပါနှင့် ကျွန်တော့်အမေအကြား၌ တည်ရှိခဲ့သည့် သဘောကွဲလွဲမှုသည် ကျွန်တော့်အဖို့တော့ အလွန်ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်နေသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ပါပါနှင့် ဆက်ဆံရာ၌ များစွာမှပင် နောက်တွန့်နေရသည်။ ပါပါသည် ထိုင်ရာမှ ထကာ ကျွန်တော့်ထံ လျှောက်လာသည်။ ကျွန်တော့်လက်ကိုဆွဲ၍ ကိုင်ထားသည်။ ထို့နောက် ကျွန်တော့်နဖူးကို ငုံ့၍နမ်းပါသည်။

"မင်းနဲ့ တွေ့ရတာ ပါပါ သိပ်ဝမ်းသာတယ် ရောဘတ်။ ငါတို့ စောစောက မတွေ့ရတာ စိတ်မကောင်းပါဘူးကွယ်"

သူ့လေသံတွင် ဒေါသသံမပါ။ နူးညံ့ပျော့ပျောင်းလှ၏။ ကျွန်တော် စိုးရိမ်နေသည့် အနေအထားမျိုးမဟုတ်။ သူ့အသံနှင့် သူ့အမူအရာသည် ဝမ်းနည်းကြေကွဲခြင်းနှင့် စိတ်ထိခိုက်ခြင်းများကို ဖော်ပြနေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်ကတော့ မငိုမိအောင် သတိထားလျက်ရှိသည်။ ကျွန်တော့်အဖို့တော့ မငိုမိအောင် ထိန်းချုပ်ရသည်မှာ မလွယ်ပါ။ ကိတ်ကလည်း ထိုင်ရာမှထလာကာ ကျွန်တော့်ပါးပြင်ကို နမ်း၍ နှုတ်ဆက်သည်။ နောက်တွန့်နေသည့် အရိပ်လက္ခဏာများ ရှိနေသော်လည်း ကျွန်တော့်အပေါ်၌ တကယ် သနားကြင်နာသည့်စိတ် ရှိနေကြောင်းကား ထင်ရှားလျက် ရှိနေပါသည်။

"ကဲ...ကဲ ကျွန်မတို့ထိုင်ကြစို့"ဟု မာမာက ပြောသည်။ ကျွန်တော်ထိုင်ရမည့်ကုလားထိုင်ကို ညွှန်ပြသည်။ "ခြောက်နာရီတောင် ခွဲတော့မယ်။ မင်း ဆာနေရောပေါ့" ဟု ပြောသည်။

အားလုံး ထိုင်မိကြသည့်အခါ ပါပါသည် သူ့ပန်းကန်ပေါ်င့်ကာ ဘုရားသခင်အား ကျေးဇူးတင်စကား ပြောသည်။ သူ ပြောနေသည်မှာ အချိန်အတော်လေး ကြာသည်။ ကျွန်တော် အရင်က တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးခဲ့သည့် လုပ်ရပ်တစ်ခု ဖြစ်ပါ၏။ ထို့နောက် သူသည် အမဲသားကြော်ကို လှီး၍ ကျန်လူများအား ဝေငှပေးသည်။ မာမာက အားလူးပြုတ်များနှင့် ဂေါ်ဖီထုပ် အပြုတ်များကို ဝေငှပေးသည်။

ပါပါသည် ကျွန်တော့်ပန်းကန်ထဲသို့ အမဲသားကြော်တစ်ချပ် ထည့်ပေးသည်။ သူ့လက်များ၏ လှုပ်ရှားပုံသည် တိကျလှပါသည်။ သူသည် ကိုယ်လုံး ခပ်သေးသေး၊ အသက်က လေးဆယ့်ခုနစ်နှစ်၊ မျက်နှာက သွယ်လျလျ၊ မုတ်ဆိတ်မွေးများသည်။ မည်းနက်နေသည်။ သူ့ဆံပင်များသည် ပြောင်နေသည့်ထိပ်ကို ဖုံးအုပ်နိုင်ရန် အားယူနေကြသည့်နှယ်ရှိသည်။ သူ့မျက်နှာသည် တာဝန်ကို လေးစားခြင်း၊ လုံ့လဝီရိယရှိခြင်းများကို ဖော်ပြနေကြသည်။

"ဂေါ်ဖီထုပ်နဲ့ အမဲသားကို တွဲစားနော် ရောဘတ်" သူက ကျွန်တော့် ပခုံးကိုပုတ်၍ ပြောသည်။ "စားလို့ သိပ်အရသာရှိတယ်ကွ"

ဤမိသားစု၏ မျက်လုံးများအောက်၌ စားရသောက်ရသည်မှာ မလွယ်လှပါ။ ကျွန်တော့်အနေဖြင့် ဇွန်းများ၊ ခက်ရင်းများကို ဖြောင့်ဖြောင့်တန်းတန်းမကိုင်နိုင်ပါ။ ထို့ပြင်လည်း ကျွန်တော်သည် ဂေါ်ဖီထုပ်ကို

mgyoe.com

mgyoe.com SAMPLE BOOK


ကြိုက်သူမဟုတ်။ ကျွန်တော် စားနေရသည့် အမဲသားတုံးကလည်း ဆားငန် လွန်းလှသဖြင့် စားရသည်မှာ အရသာမတွေ့။

ကျွန်တော်သည် အလိုလိုက်ထားသည့် သားတစ်ယောက် ဖြစ်သည်။ အဖေသည် ရုံးမှပြန်လာတိုင်း ကျွန်တော် စားရန် ကျွန်တော် နှစ်သက်သည့် အစားအစာတစ်ခုခုကို ဝယ်လာလေ့ရှိသည်။ အဖေ မရှိတော့သည့်နောက် တွင်လည်း အမေသည် ကျွန်တော့်အား အလွန် အလိုလိုက်ခဲ့သည်။ ကျွန်တော် ကြိုက်သည့်အစားအစာကို ချက်ပြုတ်ကျွေးမွေးလေ့ရှိ၏။ သို့သော်လည်း ကျွန်တော့်အနေဖြင့် ပါပါအား စိတ်အနှောင့်အယှက် မဖြစ် စေချင်။ သူ စားခိုင်းသည့် ဂေါ်ဖီထုပ်ကို မကြိုက်သော်လည်း မရမနေ ကြိုးစား၍ စားသည်။

ပါပါသည် စားပွဲထိပ်မှနေ၍ မာမာအား လှမ်းကြည့်သည်။ သူ့စိတ် ထဲတွင် စိုးရိမ်မကင်းဖြစ်နေသည့် ကိစ္စတစ်ခုအတွက် မေးခွန်းတစ်ခု မေး သည်။

"မစွက်ချက်ပ်မင်းက ဘာပြောသေးလဲ"

"မပြောပါဘူး" ဟု မာမာက အဖြေပေးသည်။ "ခရီးစရိတ်ကတော့ သူ့မှာ ပေးစရာမရှိဘူး။ ဒီမိန်းမကြီး ကြည့်ရတာ သဘောမဆိုးပါဘူး။ စဉ်းစားချိန်ဆတတ်တဲ့ မိန်းမကြီးတစ်ယောက် ဖြစ်ပုံရပါတယ်"

ပါပါက သက်ပြင်းတစ်ချက်ချသည်။ "ဒီလို ယဉ်ကျေးသိမ်မွေ့တဲ့ လူတစ်ယောက်နဲ့ တွေ့ရတာလည်း ကောင်းတာပဲ။ မင်းတို့ အငှားကား စီးခဲ့ကြသေးလား"

"မစီးခဲ့ဘူး။ သယ်စရာပစ္စည်းလည်း ဘာမှမပါတော့ ခြေကျင်ပဲ လျှောက်လာခဲ့ကြတယ်။ သူလည်းပဲ လျှောက်နိုင်ပါတယ်။ ရှိသမျှပစ္စည်း တွေကိုတော့ လူတွေက ယူကုန်ပုံရတယ်"

ပါပါ၏မျက်နှာထားသည် နာကြည်းစက်ဆုပ်သောအသွင်ကို ဆောင် နေသည်။ "အင်းပေါ့လေ တစ်ခုပြီးတစ်ခု ဖြုန်းတီးနေတဲ့သဘောပေါ့။ သူ့အတွက် ဘာမှမကျန်ခဲ့တာ အံ့သြစရာသိပ်မရှိပါဘူး"ဟု ရေရွတ်သည်။

"ပါပါရယ် ဒီခေတ်မှာ ဒါမျိုးတွေ အများကြီးဖြစ်နေတာပဲ မထူးဆန်း တော့ပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK


"ဘာပြုလို့ သူတို့က အာမခံလုပ်မထားကြတာလဲ။ အာမခံပေါ်လစီကောင်းရင် အားလုံးကို ထိန်းပေးနိုင်ပါတယ်…" ပါပါက သူ၏ စကားအဆုံးတွင် ကျွန်တော့်အား စိတ်မကောင်းသည့် မျက်နှာထားဖြင့် လှမ်းကြည့်သည်။ ကျွန်တော်သည် ပန်းကန်ထဲမှ ရှိသမျှကို ပြောင်သွားအောင် ကြိုးစား၍ စားသည်။ "ရောဘတ်က လိမ္မာသားပဲ။ တို့အိမ်မှာကတော့ ဘယ်ပစ္စည်းကိုမှ မဖြုန်းတီးကြဘူးကွဲ့" ဟု ပြောသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေသော ကိတ်သည် ပြတင်းပေါက်မှနေ၍ အပြင်ဘက်မှ နေဝင်ဆည်းဆာအချိန်ကို ငေးကြည့်နေသည်။ သူ့အမူအရာသည် စကားဝိုင်းတွင် စိတ်မဝင်စားသည့်နှယ်ရှိသည်။ သူသည် ကျွန်တော့် တစ်ချက်လှမ်းကြည့်ပြီး ပြုံးသည်။ သူသည် အသက်နှစ်ဆယ့်တစ်နှစ်မျှ ရှိနေပြီဖြစ်သော်လည်း ကျွန်တော့်အမေထက် သုံးနှစ်မျှသာ ငယ်သည်။ ကိတ်သည် အမေနှင့် အနည်းငယ်မျှသာ ဆင်သည်။ ဤတစ်ချက်မှာလည်း ကျွန်တော့်အတွက် အံ့သြစရာတစ်ချက်ပင် ဖြစ်သည်။

တကယ်တော့ ကျွန်တော့်အမေသည် မိန်းမချောတစ်ဦး မဟုတ်။ သူ့မျက်နှာသည် ရိုးရိုးစင်းစင်းနှင့် သာမန် ရွက်ကြမ်းရေကျိုဖြစ်သည်။ မျက်လုံးအစုံကလည်း အရောင်အဆင်းကင်းမဲ့သည်။ ပါးရိုးနှစ်ဖက်က ခပ်ငေါငေါ။ အသားအရေက ခြောက်ခန်းခန်း။ သူ့ဆံပင်များကလည်း အရောင်အဆင်းမရှိ။ အနီနှင့် အနက်ကြားမှ အရောင်မျိုး ဖြစ်သည်။

"မင်း ကျောင်းတော့ နေခဲ့တယ် မှုတ်လား"

"ဟုတ်ကဲ့ နေခဲ့ပါတယ်" ရှက်စိတ်ကြောင့် ကျွန်တော့်မျက်နှာသည် နီရဲနေသည်။ စကားကို မနည်းကြိုးအားထုတ်၍ ပြောနေရပါသည်။ "ကရိုဆင့် ရပ်ကွက်ထဲက မစ္စဘာတီရဲ့ကျောင်းမှာ နေခဲ့ပါတယ်"

ကိတ်က ခေါင်းညိတ်သည်။ "ကျောင်းက ကောင်းတယ်မဟုတ်လား"

"အို… သိပ်ကိုကောင်းတာပဲ။ သူမေးတဲ့ မေးခွန်းကို ကောင်းကောင်းဖြေနိုင်ရင် ဗီရိုထဲက ပုလင်းဘူးထုတ်ပြီး ချိုချဉ်တစ်လုံးပေးတယ်"

"တို့ လီဗင်ဖို့ဒ်မှာလည်း ကျောင်းကောင်းကောင်း ရှိပါတယ်။ မင်းသဘောကျလိမ့်မယ်လို့ ထင်ပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK


ပါပါက ချောင်းတစ်ချက် ဟန့်သည်။ "ဂျွန်ကမ်း မူလတန်းကျောင်းမှာထားရင် ကောင်းမယ်ထင်တယ်။ ကိတ်နဲ့အတူတူ သွားရမှာဆိုတော့ အဆင်ပြေလိမ့်မယ်"

ကိတ်က ပါပါ၏မျက်နှာကို စူးစူးရဲရဲ ကြည့်သည်။ ပါပါ၏စကားကို မနှစ်သက်ကြောင်း သူ့မျက်နှာထားက အတိအလင်း ဖော်ပြနေသည်။ "ဂျွန်ကမ်း မူလတန်းကျောင်းက ကျောင်းသေးကလေးပဲ။ သူ့ကို ကျောင်းထားမယ်ဆို ကိတ်တို့နေတဲ့ 'အကယ်ဒမီ' ကျောင်းမှာပဲ ထားမှပေါ့။ ပါပါလည်း တတ်နိုင်သားပဲဟာ"

"အင်း..." ဟု ရေရွတ်ကာ ပါပါသည် မျက်လွှာကို ချထားသည်။

"အေးလေ ကြည့်သေးတာပေါ့။ ဒါပေမဲ့ ပထမနှစ်ဝက်ကုန်ချိန် အထိတော့ အပ်လို့ မဖြစ်ဘူးထင်တယ်။ နှစ်ဝက်က အောက်တိုဘာ ဆယ့်လေးရက် မဟုတ်လား။ သူ့ကိုလည်း နည်းနည်းပါးပါး မေးကြည့်ကြဦးလေ။ သူ့ကို ဘယ်အတန်းအပ်ရမယ်ဆိုတာ မေးမှသိမှာပေါ့"

ကိတ်က ခေါင်းယမ်းသည်။

"အခုချက်ချင်း မေးနေရင် ပင်ပန်းပြီး သေသွားမှာပေါ့။ ခရီးက ပန်းလာတော့ သူ အိပ်ရာဝင်သင့်နေပြီ၊ သူ့ကို ဘယ်သူနဲ့ သိပ်မှာလဲ"

အိပ်ချင်မူးတူးဖြစ်နေသော ကျွန်တော်သည် ဆင်ခြင် စဉ်းစားနေသည့် မာမာ၏မျက်နှာကို ငေးကြည့်နေမိသည်။ မာမာသည် ကျွန်တော့်အား ဘယ်နေရာ၌ သိပ်ရမည်ကို စောစောစီးစီး ကြိုတင်၍ စဉ်းစားထားပုံမပေါ်ပါ။

"သူ့ကို ကိတ်နဲ့တော့ သိပ်လို့မဖြစ်ဘူး။ ကိတ်ရဲ့ခုတင်က သိပ်ကျဉ်းတယ်။ မာဒိုးနဲ့ သိပ်ဖို့ကျပြန်တော့လည်း မာဒိုးက စာကျက်တာညဉ့်နက်တော့ အိပ်ရာဝင်နောက်ကျတယ်။ မဖြစ်သေးဘူး။ အဲဒီတော့ သူ့ကို အဘွားရဲ့အခန်းထဲမှာ သိပ်ရင် မကောင်းဘူးလား ပါပါ၊ အခု သူ ခရီးထွက်နေတဲ့ ရက်တွေမှာပေါ့"

ပါပါက မာမာ၏အကြံပြုချက်ကို ခေါင်းခါ၍ပယ်ချသည်။ "အဘွားက သူ့အခန်းခကို ထိုက်ထိုက်တန်တန် ပေးထားတာ။ သူနဲ့ မတိုင်ပင်ဘဲလုပ်လို့ မကောင်းဘူး။ ပြီးတော့ သူက မကြာခင် ပြန်ရောက်လာတော့မှာ"

mgyoe.com

mgyee.com
SAMPLE BOOK


အခုချိန်အထိ မာဒိုးသည် စကားတစ်ခွန်းမျှ ဝင်မပြော ရေငုံနှုတ်ပိတ်လုပ်ကာ သူ့အစာကိုသာ စားနေသည်။ သူ့ပန်းကန်ဘေး၌ ချထားသည့် ကျောင်းစာအုပ်ကို မကြာခဏ ကောက်ယူကာ သူ့မျက်နှာနှင့် ကပ်၍ဖတ်သည်။ ကပ်လွန်းအားကြီးသဖြင့် စာအုပ်ကို ငုံ့၍နမ်းနေသည်ဟူ၍ ထင်ရလောက်ပါသည်။ အခုကျတော့ သူသည် ဖျတ်ခနဲ ခေါင်းထောင်ကြည့်သည်။

"သူ့ကို အဘိုးနဲ့ သိပ်ပါလား။ အဲဒါ အကောင်းဆုံးပဲ..."

အဘိုးဟူသော စကားကြောင့် ပါပါ၏မျက်နှာသည် မှုန်မှိုင်း သွားသော်လည်း မာဒိုး၏အဆိုပြုချက်ကိုတော့ လက်ခံလိုသည့်လက္ခဏာရှိသည်။

ဤသို့ဖြင့် ကျွန်တော့်ကိစ္စသည် ပြီးပြတ်သွားသည်။ ပတ်ဝန်းကျင်သစ်မှ အလားအလာသည် ကျွန်တော့်အတွက် သိပ်ပြီး မကောင်းဟု ထင်ပါသည်။ အခုပုံအတိုင်းဆိုပါက ကျွန်တော်သည် အပေါ်ထပ်တွင် နေထိုင်လျက်ရှိသည့် ကြောက်စရာကောင်းသော လူထူးလူဆန်းကြီးတစ်ဦးနှင့် ဆက်ဆံရပေတော့မည်။ ကျွန်တော် ထိုအခန်းတွင် မအိပ်ပါရစေနှင့်ဟု ပြောလိုပါသော်လည်း မပြောဝံ့။ ကိတ်သည် ကုလားထိုင်ကို နောက်သို့ တွန်းဖယ်ကာ ထိုင်ရာမှ ထရပ်လိုက်လေသည်။

"ကဲလာ... ရေဘတ်၊ ရေနွေးရှိတယ် မဟုတ်လား မာမာ"

"ရှိတယ်ထင်ပါရဲ့၊ ဒါပေမဲ့ သိပ်ပြီး သုံးမပစ်ပါနဲ့ဦး ပန်းကန်တွေ ဆေးဖို့ ရှိသေးတယ်"

ခပ်ကျဉ်းကျဉ်း ရေချိုးခန်းထဲ ရောက်သွားသောအခါ ကိတ်သည် ကျွန်တော့်အဝတ်စားများကို ချွတ်ပေးသည်။ ရေချိုးကြွေဇလုံကြီးထဲတွင် ရေသည် ခြောက်လက်မ အမြင့်ခန့်သာ ရှိသည်။ ကိတ်က ကျွန်တော့်အား ကြွေဇလုံကြီးထဲတွင် ရပ်ခိုင်းကာ ရေချိုးပေးသည်။ ရေမှာ ခပ်နွေးနွေး။ သူသည် အဝါရောင်ဆပ်ပြာကိုသုံးကာ ကျွန်တော့်တစ်ကိုယ်လုံးကို အဝတ်စတစ်စဖြင့် ပွတ်တိုက်ပေးသည်။ ကျွန်တော့်ဦးခေါင်းသည် ငိုက်စိုက်ကျနေပါသည်။ ကျွန်တော့်မျက်လုံးအစုံသည် နောက်ထပ် မျက်ရည်ထွက်ဖို့ အားမရှိတော့ မျက်ခွံများသည် လေးလံလျက် ရှိသည်။

ကိတ်သည် ကျွန်တော့်ကိုယ်ပေါ်မှ ရေများကို သန့်စင်ခြောက်သွေ့

mgyoe.com
SAMPLE BOOK


သွားအောင် တဘက်တစ်ထည်ဖြင့် ကျကျနန သုတ်ပေးသည်။ ရှပ်အင်္ကျီတစ်ထည် ယူ၍ ဝတ်ပေးသည်။ ကျွန်တော်သည် အလွန် လေးလံထိုင်းမှိုင်းလျက်ရှိသောမျက်လုံးအစုံဖြင့် ကိတ် လုပ်ကိုင်ပေးသမျှကို ငြိမ်ခံနေရသည်။ ရေချိုးခန်းတံခါး ဖွင့်သံကို ကြားလိုက်ရသည်။ လေ့ကားထစ်များကိုနင်း၍ အပေါ်ထပ်သို့ တက်လာသည်။ အားလုံးသည် ဝိုးတဝါး...။

နှင်းမြူများ၊ လှိုင်းလုံးများ၊ သင်္ဘော၏ တုန်ခါမြည်ဟည်းသံများ...၊ ဥမင်လိုဏ်ခေါင်းမှ ပဲ့တင်သံများ...၊ လှေကားထိပ်၌ ရပ်နေသည့်လူတစ်ယောက် ကျွန်တော့်လက်ကို ဆီးဆွဲရန် သူ့လက်တစ်ဖက်ကို ဆန့်တန်းပေးနေသည်။ တခြားသူမဟုတ် ကျွန်တော့်အဘိုး...။

▢

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

အဘိုးသည် အလွန်အအိပ်ဆိုးသူဖြစ်၏။ သူ၏ ကျယ်လောင်သော ဟောက်သံသည် အခန်းထဲတွင် ဆူညံလျက်ရှိသည်။ ခိုးလိုးခုလုဖြစ်နေသော မွေ့ရာပေါ်တွင် သူသည် ဟိုဘက်လိမ့်လိုက် သည်ဘက်လိမ့်လိုက်နှင့် ပြောင်းဆန်လျက် ရှိသည်။ ကျွန်တော်သည် နံရံနှင့် သူ့ကြား၌ အမြဲတစေညပ်ကာ ကသိကအောက် ဖြစ်ရသည်။ သို့သော်လည်း ကျွန်တော်သည် ထိုညက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိပါသည်။

အရဏ်တက်ခါနီးတွင် ကျွန်တော်သည် အိပ်မက်ဆိုးတစ်ခုကို မက်သည်။ အိပ်မက်ထဲတွင် ကျွန်တော့်အဖေသည် အဖြူရောင် ညဝတ်ရှပ်အင်္ကျီ ရှည်ကြီးကိုဝတ်ကာ အသက်ရှူကိရိယာကိုတပ်၍ အသက်ရှူလျက်ရှိ၏။ ဤအသက်ရှူကိရိယာသည် သူ့မိတ်ဆွေတစ်ဦးက အကြံပေး၍ အသုံးပြုနေသည့် ကိရိယာဖြစ်၏။ အခြားဆေးများနှင့် လုံးဝ မသက်သာသဖြင့် ဤကိရိယာကို အသုံးပြုနေခြင်း ဖြစ်ပါသည်။

သူ၏ အညိုရောင်မျက်လုံးများသည် ပြုံးရယ်နေကြသည်။ အမေ့အား ပြောင်လိုနောက်လိုသည့် အရိပ်အငွေ့များကို ဖော်ပြနေကြသည်။ အမေသည် သူ့ရှေ့မှရပ်ကာ သူ အသက်ရှူနေသည်ကို စောင့်ကြည့်နေသည်။ ထိုအခိုက်မှာပင် ခပ်ကြီးကြီး ဆရာဝန်တစ်ယောက် ဝင်လာသည်။ သူ့မျက်နှာသည် ပြုံးခြင်းရယ်ခြင်း မရှိ။ ဣန္ဒြေကြီးနှင့် ဖြစ်သည်။ တစ်ခဏမျှအကြာတွင် မိုးခြိမ်းသံတစ်ချက် ကြားလိုက်ရပြီး မြင်းနက်ကြီးတစ်

mgyoe.com

mgyoe.com SAMPLE BOOK



ကောင် အခန်းထဲသို့ဝင်လာသည်။ ကျွန်တော့်အမေနှင့် အဖေသည် မြင်းကြီးပေါ်သို့ တက်သည်။ ကျွန်တော်သည် စိတ်ထိခိုက်လွန်းသဖြင့် မျက်နှာကို ဖုံးထားသည်။ မြင်းသည် အခန်းထဲမှ ကဆုန်စိုင်း၍ ထွက်သွားပါသည်။

ကျွန်တော်သည် မျက်လုံးများကို ဖျတ်ခနဲဖွင့်လိုက်သည်။ တစ်ကိုယ်လုံး ဇောချွေးပြန်လျက်ရှိ၏။ နှလုံးခုန်သံသည် တဒိန်းဒိန်း မြည်နေသည်။ အပြင်ဘက်မှ နံနက်ခင်း လင်းရောင်ခြည်များသည် အခန်းထဲသို့ တိုးဝင်လျက် ရှိကြသည်။ ပြတင်းပေါက်တစ်ပေါက်နားၦ ရပ်ကာ ခန်းဆီးများကို လိပ်တင်နေသော အဘိုးသည် အဝတ်များပင် လဲထားပြီးလေပြီ။

"ငါ့ကြောင့် မင်း နိုးသွားပြီ" ဟု အဘိုးက ကျွန်တော့်အား လှမ်းကြည့်ပြီး ပြောသည်။ "တကယ့်ကို သာယာတဲ့နေ့ပဲဟေ့၊ မင်းနိုးလာတာ အချိန်ကောင်းပဲကွ"

ကျွန်တော် အိပ်ရာမှထကာ မျက်နှာသစ်သည်။ အဝတ်လဲသည်။ အဘိုးက ကိတ်တစ်ယောက်တောင် သူ ဆရာမလုပ်နေတဲ့ကျောင်းကို သွားပြီဖြစ်ကြောင်း၊ မာဒိုးသည်လည်း စာတိုက်အလုပ် စာမေးပွဲဝင်ရောက်ဖြေဆိုရန် သင်တန်းတက်နေသည့် စကာရီကောလိပ်သို့ မီးရထားစီး၍ သွားပြီဖြစ်ကြောင်း၊ ပါပါ အလုပ်သွားပြီဆိုပါမူ မိမိတို့နှစ်ယောက်အတွက် လမ်းကြောင်းရှင်းသွားပြီဖြစ်၍ အောက်ထပ်သို့ ဆင်းနိုင်တော့မည်ဖြစ်ကြောင်း ပြောပြသည်။

ထို့နောက် အဘိုးက ပါပါ့အကြောင်း ပြောပြပြန်သည်။ ပါပါသည် ဝတ်စုံလှလှလေး ဝတ်ထားသော်လည်း ခရိုင်ပတ်ဝန်းကျင် သန့်ရှင်းရေး အင်စပက်တော်တစ်ဦးမျှသာ ဖြစ်ကြောင်း။ ပါပါက ကျော့ရေလုပ်ငန်းဌာနတွင် တာဝန်ခံအရာရှိတစ်ဦး ဖြစ်လိုကြောင်း။ သို့သော်လည်း သူ၏လက်ရှိတာဝန်မှာ အိမ်များတွင် အမှိုက်ပုံးတွေ စနစ်တကျထား၊ မထားနှင့် လမ်းဘေး ရေဘုံပိုင်များ ပျက်၊ မပျက် လိုက်လံကြည့်ရှု စစ်ဆေးရသည့် အလုပ်သာ ဖြစ်ကြောင်း ရှင်းပြသည်။ ဤကဲ့သို့ ရှင်းပြနေခိုက်တွင် သူ့မျက်နှာသည် ပြုံးနေသည်။ သူ့အပြုံးမှာ တစ်မျိုးဖြစ်သည်။ ဘယ်လို အပြုံးမျိုးဖြစ်သည်ကို ကျွန်တော် ခွဲခြား၍ မရပါ။

mgyoe.com

ထိုအခိုက်မှာပင် အိမ်ရှေ့တံခါးတွန်းပိတ်သံကို ကြားရသည်။ မာမာသည် လှေကားခြေရင်းသို့ ရောက်လာပြီး လှမ်းအော်သည်။

"အပေါ်ထပ်ကနှစ်ယောက် ဘယ်လိုလဲ၊ အဆင်ပြေကြရဲ့လား"

လှေကားမှဆင်းလာသော ကျွန်တော်တို့အား မာမာက ပြုံး၍ နှုတ်ဆက်သည်။ ပြီးတော့ မယုံသင်္ကာ မျက်နှာထားဖြင့် ကြည့်သည်။ သူ့အကြည့်မှာ မဟုတ်တရုတ်လုပ်လာသည့် ကျောင်းသားကလေးနှစ်ယောက်အား အကဲခတ်နေသည့် အကြည့်မျိုး ဖြစ်ပါသည်။

"အားလုံး အဆင်ပြေတယ် ဟန်နာ၊ ကျေးဇူးပဲ"

ပြောပြောဆိုဆိုနှင့်ပင် အဘိုးသည် ပါပါ ထိုင်နေကျဖြစ်သော စားပွဲထိပ်မှ သစ်သားကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

အဘိုးသည် အစာစားလျှင် သူ့အခန်းထဲမှ အောက်ထပ်သို့ ဆင်း၍ အစာစားလေ့ရှိသူမဟုတ်။ ယနေ့မနက်ကျခါမှ နံနက်စာကို ဆင်း၍စားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု ကျွန်တော် သိရပါသည်။

မီးဖိုခန်းထဲ၌ နေရသည်မှာ သက်သောင့်သက်သာ ရှိသည်။ မီးဖိုသည် စားပွဲနှင့် မလှမ်းမကမ်းတွင် တည်ရှိသဖြင့် နွေးနွေးထွေးထွေးရှိလှသည်။ မာဒိုး၏ ကုလားထိုင်ပေါ်တွင် ပေါင်မုန့်အစအနများ ပြန့်ကျဲနေရုံမက အစွန်းအကွက်များပါ ထင်နေသည်ကို မြင်တွေ့ရပါသည်။ မာမာသည် သံဘူးတစ်ဘူးထဲမှ ကိုကိုးများကို ဇွန်းတစ်ချောင်းဖြင့် ခပ်ကာ လက်ဖက်ရည်ပန်းကန်လုံး သုံးလုံးထဲသို့ ထည့်သည်။ ပြီးတော့ နှုတ်သီးမည်းမည်း ရေနွေးအိုးထဲမှ ရေနွေးများ လောင်းထည့်ကာ ဖျော်သည်။ ယခုကျတော့လည်း ကျွန်တော်တို့ သုံးယောက်ကြားတွင် ချစ်ခင်ရင်းနှီးမှုသည် တည်ရှိနေသည်။

"ဒီမနက် ရောဘတ်ကို အဖေ ခေါ်သွားမယ်မဟုတ်လား"ဟု မာမာက မေးသည်။

"အေး...ခေါ်သွားမှာပေါ့ ဟန်နာရယ်" ဟု အဘိုးက လေအေးကလေးဖြင့် ဖြေသည်။

"အဖေ တတ်အားသရွေ့ ကူညီသွားလိမ့်မယ်ဆိုတာ သမီး သိပါတယ်"ဟု မာမာက ထပ်ပြောသည်။ သူ့လေသံသည် သူ့အဖေတစ်ယောက်

mgyoe.com

mgyoe.com

တည်းသိအောင် ပြောသည့်လေသံဖြစ်၏။ "ဘယ်ကိစ္စမဆို အစဆိုရင် အခက်အခဲတွေ တွေ့တတ်ကြတာပဲ အဖေရယ်"

အဘိုးသည် ကိုကိုးပန်းကန်ကို လက်နှစ်ဖက်ဖြင့် မ၍ယူပြီးသောက်သည်။ "ခရီးအစ ရှိသေးတယ် ဒုက္ခနဲ့တွေ့နေပြီလို့ မထင်နဲ့၊ အဲဒီအတွေးမျိုးဟာ မလိုအပ်ဘူး မိန်းကလေးရဲ့"

မာမာသည် အဘိုးအား စိုက်ကြည့်နေသည်။ မာမာ့မျက်နှာ အပြုံးရိပ်ထင်နေသော်လည်း ဝမ်းနည်းကြေကွဲသည့် လက္ခဏာများ ထင်ဟပ်နေသည်။ အဘိုးအား ချစ်ခင်နှစ်သက်သည့် အရိပ်အငွေ့များ ရှိနေသည်ကိုလည်း ကျွန်တော် သတိထားမိပါသည်။

ကျွန်တော်တို့ နံနက်စာ စားအပြီးတွင် မာမာသည် တစ်ခဏမျှ အပြင်သို့ ထွက်သွားသည်။ ပြန်ဝင်လာသည့်အခါ သူ့လက်ထဲတွင် အဘိုး၏ လမ်းလျှောက်တုတ်၊ အဘိုး၏ဦးထုပ်နှင့် မနေ့က အဘိုးကူးနေသောစာရွက်များပါလာလေသည်။ ဦးထုပ်သည် ဟောင်းနွမ်းလှပြီဖြစ်၍ အရောင်အဆင်းပင် မရှိတော့ပါ။ မာမာသည် ဦးထုပ်ကို ဝက်မှင်ဘီးတစ်ခုဖြင့် ဂရုတစိုက် ပွတ်တိုက်ပေးသည်။ စက္ကူများတွင် ချည်ထားသည့် တိပ်ကြိုးအနီကို ဖြေကာ ပြန်၍ ချည်ပေးနေသည်။

"အဖေ့အနေနဲ့ ဒီအလုပ်ကို မလုပ်သင့်တာ အမှန်ပဲအဖေ၊ ဒါပေမဲ့ ဒီဟာက အကူအညီရနိုင်စရာ ရှိနေလို့ပါ"

အဘိုးက ပြုံးသည်။ အဘိုး၏ အပြုံးသည် သိရခက်သောအပြုံးဖြစ်သည်။ သူသည် ထိုင်ရာမှထရပ်ကာ ဦးထုပ်ကို ကောက်ဆောင်းသည်။ မာမာက ကျွန်တော့်အား တံခါးဝအထိ လိုက်ပို့သည်။ တံခါးဝအရောက်တွင် မာမာသည် အဘိုးအနားသို့ တိုးကပ်သွားသည်။ အလွန်လေးနက်ပြီး အဓိပ္ပာယ်ပါလွန်းလှသော မျက်နှာထားဖြင့် အဘိုး၏အပြာရောင်မျက်လုံးများကို စိုက်ကြည့်နေသည်။ ထို့နောက် လေသံတိုးတိုးဖြင့် စကားတစ်ခွန်း ပြောသည်။

"သမီးကို ကတိပေးပါနော်၊ အဖေ"

"ဟန်နာရယ်၊ မင်းဟာ ဘယ်လို မိန်းမစားမျိုးလဲ" ဟု အဘိုးက

mgyoe.com

SAMPLE BOOK

ရေရွတ်ကာ မာမာ့မျက်နှာကို ကြည့်၍ ပြုံးသည်။ ကျွန်တော့်လက်ကိုဆွဲပြီး လမ်းမဘက် ထွက်လာသည်။

မကြာခင်မှာ ကျွန်တော်တို့သည် ဓာတ်ရထားဆိပ်သို့ ရောက်လာကြသည်။ အနီရောင် ဓာတ်ရထားတစ်စီးသာလျှင် ရပ်ထားသည်ကို တွေ့ရသည်။ လက်မှတ်ရောင်းသမားသည် ဓာတ်ရထားမှတိုင်ကို အပေါ်ဘက်မှ ဗိုင်ယာနှင့် တွဲမိအောင် လှမ်း၍ တင်နေသည်။ စလွယ်သိုင်း၍ လွယ်ထားသည့် လွယ်အိတ်ထဲမှ ပိုက်ဆံအကြွေများသည် တချွင်ချွင် မြည်လျက်ရှိကြသည်။

အဘိုးသည် ကျွန်တော့်လက်ကို ဆွဲ၍ ဓာတ်ရထားအပေါ်သို့ တက်သည်။ ရှေ့ဆုံးခုံတွင် ဝင်ထိုင်သည်။ ကျွန်တော်က သူ့လက်ကို စောစောက ထက်တိုး၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိပါသည်။ အဘိုးသည် ကျွန်တော် ဘာဖြစ်နေသည်ကို ရိပ်မိပုံရသည်။ ကျွန်တော့်အား လှည့်ကြည့်သည်။ စိတ်ဓာတ်ပြန်လည်တက်ကြွလာအောင် အားပေးလိုက်သည့် အကြည့်ဖြစ်ပါသည်။ ဓာတ်ရထားသည် လီဗင်ဖို့ဒ်မြို့ဆီသို့ ဦးတည်ပြီး ထွက်လာခဲ့သည်။

"လက်မှတ်ဝယ်ကြပါ၊ လက်မှတ်ဝယ်ကြပါ"

လက်မှတ်ရောင်းသမား၏ အော်သံကို ကြားရသည်။ သူ့အိတ်ကြီးထဲမှ တချွင်ချွင်အသံများ ကြားနေရသည်။ အဘိုးကတော့ ထိုအသံများကို ဂရုထားပုံမရ။ ရှေ့တည့်တည့်ကိုကြည့်ကာ သူ့မေးကို လမ်းလျှောက်တုတ်ပေါ်တင်၍ သူ့အတွေးနှင့်သူ ငြိမ်ဆိတ်နေသည်။ သူ့ဆံပင်များသည် လေတိုက်တိုင်း တလှုပ်လှုပ်ဖြစ်လျက်ရှိသည်။ ကျွန်တော်က သူ့ကိုကြည့်သည်။ ပေးရမည့်လက်မှတ်ခကို ပေးစေလိုသောသဘောဖြင့် ကြည့်ခြင်းဖြစ်ပါ၏။ သို့သော်လည်း အဘိုးကတော့ မတုန်မလှုပ်။

လက်မှတ်ရောင်းသမားသည် မယုံသင်္ကာဖြစ်သော မျက်နှာထားဖြင့် ကျွန်တော်တို့အနီး၌ တစ်ခဏမျှ ရပ်နေသည်။ သို့သော်လည်း အဘိုးကတော့ လုံးဝ ဂရုမစိုက်။ သူသည် တစ်စုံတစ်ရာတွင် စျာန်ဝင်စားကာ နစ်မျောနေသည့် ပုံမျိုးဖြင့် လှုပ်ရှားခြင်းလည်းမရှိ။ လက်မှတ်ရောင်းသည် အဘိုးအား ကြည့်၍ ရယ်ကျဲကျဲလုပ်နေသည်။ တစ်ခဏမျှ ကျွန်တော်တို့အနား၌ ရပ်နေသေးသော်လည်း နောက်ထပ် ဘာမျှမပြောဘဲ ထွက်သွားပါသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော့်အဘိုး၏ စံနမူနာပြလုပ်ရပ်သည် ကျွန်တော့်စိတ်ထဲတွင် စွဲထင် ကျန်ရစ်ခဲ့ပါသည်။ မကြာမီ ဓာတ်ရထားသည် စည်ပင်သာယာရုံးကြီး နှင့် မျက်နှာချင်းဆိုင် ဟိုက်လမ်းတွင်းသို့ဝင်လာသည်။ ထိုမှတ်တိုင်ရောက် သော် အဘိုးသည် ကျွန်တော့်လက်ကိုဆွဲ၍ ဓာတ်ရထားပေါ်မှ ဣန္ဒြေမပျက် ခပ်တည်တည် ခပ်ခန့်ခန့် မျက်နှာထားဖြင့် ဆင်းလာသည်။ လမ်းတစ် ဖက်ရှိ ခပ်နိမ့်နိမ့်အဆောက်အအုံဆီသို့ လျှောက်သွားသည်။ ရှေ့မျက်နှာ စာတွင် ကြေးဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။ ဆိုင်းဘုတ်ပေါ်တွင် 'ဒွန်ကင်းမက်ကဲလား ရှေ့နေ' ဟူသော အမည်ရေးထားသည်။ စာလုံးများ သည် မှေးမှိန်လျက်ရှိကြသည်။ အခြားတစ်ဖက်တွင်လည်း မထင်မရှားဖြစ် နေသည့် 'လီဗင်ဖို့ဒ် အဆောက်အအုံ ဆောက်လုပ်ရေးအဖွဲ့' ဟူသော စာလုံးများနှင့် "ရော့ခ် အသက်အာမခံကုမ္ပဏီ" ဟူသော စာလုံးများကို မြင်ရလေသည်။

အဘိုးသည် ထိုရုံးခန်းထဲသို့ နူးညံ့သိမ်မွေ့သော မျက်နှာထားဖြင့် ခပ်ကုပ်ကုပ်ကလေးလုပ်၍ ဝင်သွားသည်။ မဝင်မီ ကျွန်တော့်ဘက် လှည့်၍ ပြောင်နောက်နောက် အမူအရာဖြင့် မျက်နှာကို ရှုံ့ပြလိုက်ပါသေး သည်။ အတွင်းဘက်မှ ထိုးတံခါးတွန်းဖွင့်သံကြားလိုက်ရပြီး အပေါက်မှ မိန်းမတစ်ယောက်၏ဦးခေါင်း ထွက်လာသည်။ မျက်နှာပေါက် ခပ်ဆိုး ဆိုးဖြင့် ကျွန်တော်တို့အား ကြည့်သည်။ "မစ္စတာမက်ကဲလား မအား သေးဘူး။ မြို့တော်ဝန် ဘလဲရားနဲ့ စကားပြောနေတယ် ခဏစောင့်ဦး" ဟု တိုတိုတောင်းတောင်းပြောကာ တံခါးပေါက်ကို ပြန်ပိတ်လိုက်သည်။ ကျွန်တော့်အနေဖြင့် အခြေအနေကို ချက်ချင်း ရိပ်မိသည်။ စိတ်တိုတတ် သော မိန်းမများနှင့် အဘိုးသည် ဘယ်တော့မှ မျက်နှာကြောမတည့်ဟူသော အချက်ကို ကျွန်တော် ကောင်းစွာ နားလည်ခဲ့ရပါသည်။

နောက်ငါးမိနစ်ခန့်အကြာတွင် အခန်းတံခါးပွင့်သွားပြီး မုတ်ဆိတ် မည်းမည်းနှင့် လူချမ်းသာတစ်ဦး ဖြစ်ဟန်တူသော လူကြီးတစ်ယောက် ထွက်လာသည်။ ကျွန်တော့်အား အလွန် စိတ်ဝင်စားဟန်ဖြင့် စိုက်ကြည့် နေသည်။ သူ၏ စူးစူးရဲရဲအကြည့်ကြောင့် ကျွန်တော့်မှာ ရှက်စိတ်ဝင်ကာ

mgyoe.com

SAMPLE BOOK

များစွာ အနေကျုံ့လျက် ရှိနေပါသည်။ သူသည် အဘိုးဘက် ဖျတ်ခနဲလှည့်ကာ သဘောမကျသည့်လက္ခဏာဖြင့် မျက်မှောင်ကုတ်၍ ကြည့်သည်။

"ဒီကလေးလား"

"ဟုတ်တယ် မြို့ဝန်မင်း" ဟု အဘိုးက ဖြေသည်။

မြို့တော်ဝန် ဘလဲရားသည် ကျွန်တော့်အား နောက်ထပ် စေ့စေ့စပ်စပ် ကြည့်နေပြန်သည်။ သူ့မျက်နှာထားသည် ကျွန်တော့်အကြောင်းကို ကျွန်တော့်ထက် ပို၍ သိနေသည်ဟု ထင်ရပါသည်။ သူ့စိတ်ထဲတွင် ကျွန်တော်နှင့်ပတ်သက်၍ ဖြစ်ပျက်ခဲ့သမျှကို ဆက်စပ် တွေးတောနေသည့်နှယ် ရှိသည်။ ကျွန်တော်ကတော့ ရက်စိတ်ဝင်ကာ ဒူးနှစ်ဖက်စလုံး တုန်နေသည်ကို သတိထားနေမိသည်။

"မင်းမှာ မင်းနဲ့ကစားမယ့် သက်တူရွယ်တူ သူငယ်ချင်းတွေ ရှိရဲ့လားကွ" ဟု ကျွန်တော့်အား မေးသည်။

"မရှိဘူး ခင်ဗျ"

"ငါ့သား ဂေဗင်ကတော့ မင်းနဲ့ ရွယ်တူလောက်ပဲ ရှိမယ်။ ကြီးရင်လည်း နည်းနည်းပါးပါးပဲ ကြီးမှာပါ။ မင်းအိမ်ကို လာလည်ပေါ့။ မင်းလာရင် သူက မင်းနဲ့ ကစားမှာပါကွ။ အိမ်က နီးပါတယ်။ ဒရင်းဘတ်လမ်းထဲတင်ပါ"

ကျွန်တော် မသိသော ဂေဗင်နှင့် ကျွန်တော် မကစားချင်ဟု ပြောလိုသော်လည်း မပြောရဲပါ။ သူသည် သူ့မေးလေးပွတ်ကာ ကျွန်တော့်အား တစ်ခဏမျှ ကြည့်နေသေးသည်။ ထို့နောက် ခေါင်းတစ်ချက်ညိတ်ပြကာ ထွက်သွားလေသည်။

မစ္စတာမက်ကဲလားသည် အားလပ်သွားပြီဖြစ်၍ ကျွန်တော်တို့အား ဝင်ခွင့်ပေးသည်။ သူ့ရုံးခန်းသည် အပြင်အဆင် ရှေးကျသော်လည်း ခမ်းနားထည်ဝါသည်။ စားပွဲသည် မဟော်ဂနီသစ်သားစားပွဲဖြစ်၍ လှပသည်။ ရုံးခန်းထဲတွင် အနီရောင်ကော်ဇောကြီး ခင်းထားသည်။ ခြေချလိုက်တိုင်း ကျွန်တော့်ခြေထောက်များသည် မြုပ်မြုပ်သွားသည်။ ဗီရိုတစ်လုံးပေါ်တွင် ငွေထည်ပစ္စည်းများ တန်းစီ၍ တင်ထားသည်။ နံရံပေါ်တွင်လည်း ဂုဏ်သရေရှိလူကြီးများ၏ ဓာတ်ပုံများချိတ်ဆွဲထားသည်။ မစ္စတာမက်ကဲလား

mgyoe.com

mgyoe.com  SAMPLE BOOK 

သည် ဆံလည်ကုလားထိုင်တွင် ထိုင်နေရာမှ ကျွန်တော်တို့အား မော့မကြည့်ဘဲ စကားပြောသည်။

"သူတို့က ခင်ဗျားကို စောင့်ခိုင်းထားသလား ဒင်ဒီ၊ ဘယ်လိုလဲ အလုပ်ကောပြီးပြီလား။ မိန်းကလေးတွေက ခင်ဗျားကို တရားစွဲလို့ လာတာလား"

မစ္စတာမက်ကဲလားသည် ဖျတ်ခနဲ မော့ကြည့်သည်။ ထိုအခါကျမှ သူ ကျွန်တော့်အား မြင်သွားသည်။ သူသည် အဘိုးအား နောက်ပြောင်ပြောင် ပြောနေသည့်စကားကို ဆက်မပြောဘဲ ရပ်ပစ်လိုက်သည်။

မစ္စတာမက်ကဲလားသည် မျက်နှာနီရဲရဲ အသက်ငါးဆယ်ခန့်၊ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများကို စင်ကြယ်အောင် ရိတ်ထားသည်။ ဆံပင်ကို တိုတိုညှပ်ထားသည်။ သူ့မျက်လုံးများသည် ခြောက်သွေ့သွေ့နိုင်သော်လည်း သဘောကောင်းသည့် အရိပ်လက္ခဏာများ ဖော်ပြနေကြပါသည်။ သူသည် အဘိုးလှမ်းပေးသည့် စာရွက်များကို ယူ၍ ကြည့်နေသည်။

"အဘိုးက အလာသားပဲ။ လက်ရေးကတော့ တကယ့်ကိုလှတာပဲ။ အလုပ်ကို အခုလိုသာ သေသေသပ်သပ် လုပ်သွားမယ်ဆိုရင် ခင်ဗျားအတွက် အဆင်ပြေသွားမှာပါ"

အဘိုးက ရယ်သည်။ "ငါ့ကို အလုပ်ပေးလို့ မင်းကို သိပ်ပြီးကျေးဇူးတင်ပါတယ်ကွာ" ဟု ပြန်ပြောသည်။

"ဒီလိုဆိုရင်လည်း ခင်ဗျားအနေနဲ့ မကောင်းဆိုးရွားနဲ့ ဝေးဝေးနေနိုင်အောင် ကြိုးစားဗျာ" မစ္စတာမက်ကဲလားသည် သူ့ရှေ့၌ ချထားသည့် စာအုပ်၌ တစ်စုံတစ်ခု ရေးမှတ်သည်။ "ဒီဟာကိုလည်း ကျန်တဲ့ဟာတွေနဲ့ ရောပြီး မှတ်ထားလိုက်မယ်။ ကျွန်တော်တို့ မိတ်ဆွေကြီး လက်ကီးအနေနဲ့ လကုန်တာနဲ့ တစ်ပြိုင်နက် ချက်လက်မှတ်ရမယ်။ ခင်ဗျားတို့မှာလည်း မိသားစုအသစ်တစ်ယောက် တိုးလာတယ်ဆိုပါတော့၊ ဟုတ်လား"

မက်ကဲလားသည် ကုလားထိုင်ကို ကျောနှင့်မှီ၍ ထိုင်လိုက်ပြီး ကျွန်တော့်အား ခြေဆုံးခေါင်းဆုံး ကြည့်သည်။ သူ ကြည့်နေပုံသည် စောစောက မြို့တော်ဝန်ထက် ပို၍ စေ့စေ့စပ်စပ်ရှိသည်ဟု ထင်ပါသည်။ "ကြည့်ရတာ လူကောင်းကလေးပါ၊ အေးကွယ်...သူနဲ့တော့ မင်း ပြဿနာ

mgyoe.com

ရှိလိမ့်မယ်မထင်ပါဘူး။ ငါ ထင်ရင်တော့ လွဲခဲ့ပါတယ်”ဟု ရေရွတ်သည်။ သူသည် သတိကြီးစွာဖြင့် သူ့အိတ်ကပ်ထဲရှိ ပိုက်ဆံအကြွေများကို နှိုက်၍ ရွေးနေသည်။ ထို့နောက် သျှီလင်ပြားတစ်ပြားကိုယူ၍ အဘိုးအား လှမ်းပေးလေသည်။

“ကလေးကို လင်မနစ်တစ်ခွက်တိုက်ပါ ဒင်ဒီ၊ မစ္စဂလင်းနီးက ခင်ဗျားကို နောက်ထပ် မိတ္တူကူးဖို့ စာချုပ်တစ်ခု ထပ်ပေးလိမ့်မယ်။ ကဲ... ပြီးပြီ ပြန်ကြပေဦးတော့၊ ကျွန်တော့်မှာ အလုပ်တွေက သိပ်များနေတယ်”

အဘိုးသည် ရုံးခန်းထဲမှ ရင်ကော့၍ ထွက်လာခဲ့သည်။ ကျွန်တော်တို့လှေကားမှ ဆင်းလာခိုက်တွင် အဘိုးက ကျွန်တော့်အာရုံကို လမ်းတစ်ဖက် ပလက်ဖောင်းဆီသို့ ရောက်သွားအောင်လက်ညှိုးထိုးပြသည်။ ဒန်အိုးဒန်ခွက်များပြင်သည့် မိန်းမနှစ်ယောက် ဖြစ်သည်။ တစ်ယောက်မှာ အသက်ငယ်ငယ် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ အသားညိုညို၊ ဆံပင်ကလိမ်မွှော်ရောင်။ စကော့ဂျစ်ပစီများကြား၌ မကြာခဏ တွေ့ရတတ်သူများဖြစ်ပါသည်။

အသက်ငယ်ငယ်မိန်းမသည် ပစ္စည်းများထည့်ထားသည့် ကြိမ်ခြင်းတောင်းကို ခေါင်းပေါ်၌ ရွက်ထားသည်။ သူ့လက်နှစ်ဖက်သည် ခြင်းတောင်းကို ကိုင်၍ထိန်းထားသည်။ လက်နှစ်ဖက်စလုံးအပေါ် မြှောက်ထားသဖြင့် သူ့ရင်အုံသည် ရှေ့သို့ ကော့ထွက်နေပါသည်။

“ဟိုမှာ မြင်လား”ဟု အဘိုးက ကျွန်တော့်အား ပြောသည်။ သူသည် မြင်ကွင်းကို တမြတ်တနိုး လှမ်းကြည့်နေသည်။ အခုလို ရာသီဥတုသာယာတဲ့ ဆောင်းဦးပေါက်နေ့တစ်နေ့မှာ ဒီရှုခင်းဟာ အင်မတန် စိတ်ကြည်နူးစရာ ကောင်းတယ်” ဟု မှတ်ချက်ချသည်။

ကျွန်တော် သူ ဘာကို ဆိုလိုသည်ကို လုံးဝ နားမလည်ပါ။ ကျွန်တော့်အဖို့ကတော့ ဂျစ်ပစီနှစ်ယောက်သည် စိတ်ဝင်စားစရာ မရှိပါ။ ပြီးတော့ ကျွန်တော့်တွင် စဉ်းစားစရာတွေက တစ်ပုံတစ်ပင်ကြီး ရှိနေသည်။ ရှေ့နေ၏ ရုံးခန်းအတွင်း၌ ကြုံတွေ့ခဲ့ရသမျှ ဖြစ်ရပ်များသည် အားလုံး စဉ်းစားစရာတွေချည်း ဖြစ်နေသည်။ ယနေ့ တွေ့ခဲ့ရသမျှ လူများသည် ကျွန်တော့်အား အထူးအဆန်းတစ်ခုသဖွယ် ကြည့်ကြသည်။ စိတ်ဝင်စား

mgyoe.com

mgyoe.com  SAMPLE BOOK 

ကြသည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်ပြီး ခေါင်းတယမ်းယမ်း လုပ်ကြသည်။ ဘာကြောင့်နည်း။

ကျွန်တော် တိတိကျကျတွေး၍ မရသော်လည်း အကြောင်းအရင်းကတော့ ရိုးရိုးစင်းစင်းလေး ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ မျက်နှာကြီးငယ် ရွေးတတ်ပြီး အစွဲအလမ်းကြီးသည့် ဤစကော့ မြို့ငယ်ကလေးတွင် ကျွန်တော့်အမေသည် မိန်းမချော မိန်းမလှတစ်ယောက်အဖြစ် ထင်ရှားကျော်ကြားခဲ့သူဖြစ်ပါသည်။ အမေ့အနေဖြင့် သူကြိုက်ရာလူကို စိတ်တိုင်းကျ ရွေးချယ်ပြီး ခေါင်းခေါက်၍ ယူနိုင်သော အခြေအနေရှိ၏။ သို့သော်လည်း အမေသည် နွေရာသီ အပန်းဖြေခရီးထွက်ရင်း အမှတ်မထင် ဆုံခဲ့မိသော အိုဝင်ရှန်နွန်ဟုခေါ်သည့် လူတစ်ယောက်အား လက်ထပ်ခဲ့သည်။ ဤနည်းဖြင့် အမေသည် သူ့မိသားစုကိုရော သူ့ကိုယ်သူပါ အရှက်သိက္ခာကင်းမဲ့အောင် လုပ်ခဲ့သည်ဟု အများက ယူဆခဲ့ကြလေသည်။

ကျွန်တော့်အဖေ အိုဝင်ရှန်နွန်သည် အမေ့မြို့မှလူ မဟုတ်။ ဒပ်ဘလင်မြို့သား လူစိမ်းတစ်ယောက် ဖြစ်သည်။ မိသားစုချင်းလည်း အဆက်အသွယ် မရှိ။ အလုပ်အကိုင်လည်း ဂုဏ်ရှိလောက်အောင် ကြီးကျယ်ခြင်းမရှိ။ လက်ဖက်ခြောက်များ တင်သွင်းရောင်းချသည့် ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်သည်ဟုသာ သိကြရသည်။ အဖေ့တွင် ပြောစရာဟူ၍ စိတ်နေစိတ်ထား ကောင်းမွန်မြင့်မားခြင်းနှင့် ရုပ်ချောခြင်းဟူသော အရည်အချင်းများမှာလည်း အများက လက်ခံနိုင်သည်ဟု ဆိုမှသာ အသိအမှတ်ပြုရမည့် အရည်အချင်းများ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အဖေနှင့် အမေတို့သည် ပျော်ပျော်ရွှင်ရွှင် နေကြမည့် အချိန်ဟူ၍ သိပ်မရှိ။ ပထမဦးစွာ အဖေ သေသည်။ မကြာခင်မှာပင် အမေ သေသည်။ ရှေ့ဆင့်နောက်ဆင့် သေကြရခြင်းဖြစ်၏။ လူတွေကတော့ သူတို့အဖြစ်ကို ကြားသိရသည့်အခါ သူတို့ပြုခဲ့သည့် အကုသိုလ်အကျိုးကို ခံစားရခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ကျွန်တော့်တွင် မှီခိုအားထားစရာ မရှိ၍ လက်ကီးမိသားစုထဲ ရောက်လာသည့်အခါတွင်လည်း လူအများက ထိုအတိုင်းပင် ယူဆခဲ့ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


အဘိုးနှင့် ကျွန်တော် နာရီဝက်ခန့် လျှောက်မိသောအခါ မနေ့က မာမာနှင့် ကျွန်တော် ကပ်၍ ဖြတ်လာခဲ့ကြသည့် ဒရမ်းဘက်ရွာသို့ ရောက်သွားသည်။ မွန်းတည့်ချိန်ဖြစ်၍ အလုပ်မ်းဝေးဝေးတစ်နေရာရှိ အလုပ်ရုံများဆီမှ ခဏတစ်ဖြုတ် အလုပ်နားသည့် ဥသြမှုတ်သံများ ကြားရပါသည်။

အလွန်လှပသာယာသည့် ရွာကလေးတစ်ရွာ ဖြစ်ပါသည်။ ပတ်ပတ်လည်တွင် တောအုပ်များ ဝန်းရံနေသည်။ ကျောက်တုံး တံတားငယ်နှစ်ခုအောက်မှ စီးဆင်းနေသော စမ်းချောင်းသည် ရွာလယ်မှ ဖြတ်သန်းလျက် ရှိသည်။ ကျွန်တော်တို့သည် မုန့်ဆိုင်တစ်ဆိုင်ရှေ့မှ ဖြတ်လာခဲ့ကြသည်။ ထို့နောက် ကော့တိတ်ချ် တိုက်ပုကလေးတစ်လုံးရှေ့မှ ဖြတ်လာခဲ့သည်။ အထဲတွင် ရက်ကန်းစင်တစ်စင်နှင့် ရက်ကန်းရက်နေသည့် ရက်ကန်းသမားတစ်ယောက်။ လမ်းမ၏တစ်ဖက်တွင် ပန်းပဲဖိုတစ်ခု။ ဖိုရှေ့တွင် အဖြူရောင် မြင်းတစ်ကောင်အား သံခွာရိုက်ပေးနေသည့် ပန်းပဲဆရာ။

ရွာလယ်လမ်းအတိုင်း လျှောက်လာနေခိုက်တွင် တွေ့သမျှ လူတိုင်းက အဘိုးအား တရင်းတနှီး နှုတ်ဆက်ကြသည်။ လမ်းဘေးဈေးသည်များကပင် အော်ဟစ် နှုတ်ဆက်ကြသည်ကို တွေ့ရသည်။ အဘိုးကလည်း သူတွေ့သမျှလူတိုင်းကို ပြန်၍ နှုတ်ဆက်လျက်ရှိ၏။ အဘိုးသည် လူတိုင်းနှင့် ခင်မင်ရင်းနှီးနေဟန်ရှိပါသည်။ ကျွန်တော့်စိတ်ထဲတွင် အဘိုးသည် အလွန်ကြီးကျယ် ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်လာနေပါသည်။

ဒရမ်ဘတ်အမ်းစ် စားသောက်ဆိုင်ရှေ့ လေကားခုံပေါ်၌ ရပ်နေသည့် လူကြီးတစ်ယောက်နှင့် ဆုံမိကြသည်။ လူကြီးမှာ ကိုယ်လုံးကိုယ်ထည် ခပ်တုတ်တုတ်၊ မျက်နှာက နီရဲရဲ၊ ရှပ်အင်္ကျီလက်မောင်းများကို ခေါက်၍ တင်ထားသည်။ သူကလည်း အဘိုးအား ဆီး၍နှုတ်ဆက်သည်။ သူနှုတ်ဆက်ပုံသည် တခြားသူထက် ပို၍ တရင်းတနှီး ရှိလှပါသည်။ အဘိုးကလည်း ထိုနေရာ၌ ရပ်ကာ ထိုလူကြီးအား လှိုက်လှဲစွာ ပြန်၍နှုတ်ဆက်သည်။ သူ့ဦးထုပ်ကို နဖူးအထက်သို့ တက်သွားအောင် လက်နှင့် တွန်းတင်လိုက်ပြီး ကျွန်တော့်အား လှမ်းပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ငါတို့ မင့် လင်မနစ်ကို မေ့ပစ်လို့မဖြစ်ဘူးနော်... လူကလေး"

အဘိုးသည် ဆိုင်ထဲသို့ဝင်သွားသည်။ သူ ဆိုင်ထဲဝင်သွားခိုက်တွင် ကျွန်တော်သည် ရေကားဘေးရှိ ကျောက်ပြားတစ်ပြားပေါ်၌ ထိုင်၍ ခြံဝင်းထဲ၌ အစာကောက်နေသော ကြက်ဖြူတစ်အုပ်ကို စိတ်ဝင်စားနေမိသည်။ မွန်းတည့်ချိန်ဖြစ်၍ တစ်ရွာလုံး ငြိမ်ဆိတ်နေပါသည်။ လမ်းတစ်ဖက်ရှိ မုန့်ဆိုင်မှ မစ္စမင်းသည် သူ့ဆိုင် ပြတင်းပေါက်မှနေ၍ ကျွန်တော့်အား ချောင်းကြည့်နေသည်။ မှန်ပြတင်းပေါက်၏ နောက်ဘက်ရှိ သူ့ရုပ်သွင်သည် ရေလှောင်ကန်တစ်လုံးထဲ၌ ရေကူးနေသည့် ရေသတ္တဝါ အထူးအဆန်းတစ်ကောင်နှင့် တူနေပါသည်။

ရုတ်တရက် ဆိုင်ထဲမှ အဘိုးပြန်ထွက်လာပြီး ကျွန်တော့်အား လင်မနစ် တစ်ဖန်ခွက် ပေးသည်။ ကျွန်တော် တစ်ငုံမျှ သောက်လိုက်ပါသည်။ လျှာဖျားစိမ့်အောင် ထူးကဲသည့် အရသာ ဖြစ်နေပါသည်။ အဘိုးကတော့ ဆိုင်ထဲပြန် ဝင်သွားပြီး လူအများကြား၌ထိုင်သည်။ ပထမ ဖန်ခွက်သေးသေးတစ်လုံးထဲမှ အရည်များကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ထို့နောက် တခြားလူများနှင့် စကားပြောသည်။ စကားပြောနေရင်းမှပင် သူ့ရှေ့ရှိ ဖန်ခွက်ကြီးထဲမှ အမြှုပ်တစီစီထနေသော အရည်ကို ဖြည်းဖြည်းချင်း သောက်နေပါသည်။

ထိုအခိုက်မှာပင် ကျွန်တော့်အာရုံသည် စားသောက်ဆိုင်နှင့် မလှမ်းမကမ်း မြက်ခင်းပေါ်၌ ကစားနေကြသည့် ကောင်မလေးနှစ်ယောက်၏ အော်ဟစ်သံများဆီသို့ ရောက်သွားလေသည်။ ဆိုင်ထဲရှိ အဘိုးအား တစ်ချက် လှမ်းကြည့်လိုက်သည်။ စကားတွေ ဖောင်လောက်အောင် ပြောနေသော အဘိုးသည် တော်တော်နှင့် ထလာမည့် အရိပ်လက္ခဏာမရှိ။ တစ်ယောက်တည်း ပျင်းရိငြီးငွေ့လာပြီဖြစ်သော ကျွန်တော်သည် ထိုင်ရာမှထကာ မြက်ခင်းအစပ်တွင် သွား၍ရပ်သည်။ မျက်နှာစိမ်း ယောကျ်ားကလေးများသာဆိုလျှင် ကျွန်တော် သွားမိလိမ့်မည် မဟုတ်ပါ။ သို့သော်လည်း မစ္စတာဘာတီ၏ ကျောင်းရှိ ကျောင်းသားအများစုမှာ မိန်းကလေးများဖြစ်ရာ သူတို့နှင့်ကျတော့ ရှက်စိတ်နှင့် အားငယ်စိတ် မဝင်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK


ကောင်မလေးနှစ်ယောက်သည် ဂရိကတ်ကစားနေကြခြင်း ဖြစ်သည်။ အသက်ပို၍ ကြီးပုံရသော ကောင်မလေး ဘောလုံးပစ်နေခိုက်တွင် သူ့ထက်ငယ်ပုံရသော ကောင်မလေးသည် ဘေးနားရှိ ခုံတန်းလျားပေါ်၌ ထိုင်နေသည်။

ကောင်မလေးသည် ကျွန်တော်နှင့် သက်တူရွယ်တူခန့် ဖြစ်သည်။ သက္ကလတ်ကွက် စကပ်ကို ပခုံးသိုင်းကြိုးများနှင့် ဝတ်ထားသည်။ သူသည် သီချင်းတစ်ပုဒ်ကို ဆိုလျက် ရှိပါသည်။ သူ သီချင်းဆိုနေခိုက်တွင် ကျွန်တော်သည် အသံမကြားအောင် လျှောက်သွားကာ ခုံတန်းလျား၏ တစ်ဖက်စွန်း၌ အသာကလေး ဝင်ထိုင်သည်။ ပြီးတော့ ကျွန်တော့် ဒူးခေါင်းမှ ခြစ်ရာတစ်ခုကို ကြည့်နေသည်။

သီချင်းဆုံးသွားသည့်အခါ တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ မကြာမီ ကျွန်တော် မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာပါသည်။ ကောင်မလေးသည် ကျွန်တော့်အား တရင်းတနှီး အမူအရာဖြင့် လှမ်းကြည့်သည်။ စူးစမ်းသော မျက်နှာထားဖြင့် အကဲခတ်သည်။

"နင်ကော သီချင်းဆိုတတ်လား"

ကျွန်တော်က စိတ်ထိခိုက်စွာဖြင့် ခေါင်းခါပြသည်။ အမှန်တော့လည်း ကျွန်တော် သီချင်းတစ်ပုဒ်မျှမရပါ။ ကျွန်တော့်အဖေက ကျွန်တော့်အား သင်ပေးခဲ့ဖူးသည့် သီချင်းတစ်ပုဒ်တော့ ရှိသည်။ အရက်သိက္ခာကင်းမဲ့စွာဖြင့် သေဆုံးခဲ့ရရှာသော မိန်းမချောတစ်ယောက်၏ အဖြစ်ကို ရေးဖွဲ့ထားသည့်သီချင်း ဖြစ်သည်။ ထိုသီချင်းကိုလည်း ကျွန်တော် အစအဆုံး မမှတ်မိပါ။

ကျွန်တော့်ရင်ထဲတွင် ကောင်မလေးအပေါ်၌ ခင်မင်ရင်းနှီးလိုသော စိတ် ဖြစ်နေမိပါသည်။ သူ့ကို စေ့စေ့စပ်စပ် ကြည့်မိသည်။ သူ့မျက်လုံးအစုံသည် အညိုရောင် ဖြစ်ပါသည်။ ဆံပင်နက်နက်များကို သပ်ရပ်စွာ ဖြီးပြီး နောက်ဘက်တွင် ဆံညှပ်ဖြင့် စုစည်းထားသည်။ ကျွန်တော် သူနှင့် စကားပြတ်သွားမည်ကို စိုးရိမ်နေမိသည်။

"နင်တို့ ဘောလုံးနဲ့ ပစ်တဲ့တိုင်က သံနဲ့ လုပ်ထားတာလား"

"အေးပေါ့ဟ"

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် ရှက်သွားသည်။ ဤအရပ် ဤဒေသမှ လူတစ်ယောက် မဟုတ်ကြောင်း ဖော်ပြလိုက်သလို ဖြစ်သွားပါသည်။ အရှက်ပြေသဘောဖြင့် ကျွန်တော်သည် ကောင်မလေး၏ အဖော်ဆီသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

"ဟိုဟာ နင့်အစ်မလား"

ကောင်မလေးက ပြုံးသည်။ "ကူဝီဆာက ငါ့ဝမ်းကွဲအစ်မပါ။ သူက အာဒ်ဖီလန်က လာလည်တာ။ ငါ့နာမည်က အေလီဆန်ကိတ်သ်လို့ ခေါ်တယ်။ ငါက ဟော့ဒီနားမှာ ငါ့အမေနဲ့နေတယ်"

ပြောပြောဆိုဆို သူက ထည်ဝါခံ့ညားလှသည့် အိမ်ခေါင်မိုးတစ်ခုဆီသို့ လက်ညှိုးထိုးပြသည်။ အိမ်မှာ ရွာ၏အစွန်တစ်ဖက်၌ တည်ရှိ၍ သစ်ပင်များ အုံ့ဆိုင်းနေပါသည်။

ကျွန်တော် ဒုတိယအကြိမ် မှားပြန်ပြီ။ အေလီဆန်ကိတ်သ်နေသည့် အိမ်ကလည်း တကယ့် သားနားလှသော အိမ်ကြီးဖြစ်နေသည်။ ထိုအခိုက်မှာပင် ကူဝီဆာသည် ကျွန်တော်တို့ထံ ခုန်ပေါက်ပြီး ပြေးလာသည်ကို ကျွန်တော်က ဆီး၍ ပြုံးပြသည်။

သူက 'ဟယ်လို' ဟု ရေရွတ်သည်။ ပြီးတော့ ကျွန်တော့်အား စိုက်ကြည့်လိုက်ပြီး "နင်က ဘယ်ကလာတာလဲ" ဟု မေးသည်။

သူ့အသက်သည် ဆယ့်နှစ်နှစ်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ သူ၏ ရှည်လျားလှပသော ဆံပင်များသည် ရွှေရောင်ဖျော့ဖျော့၊ သူသည် ရတ်တရက် အသက်ကို မှန်မှန်မရှူနိုင်။ ပြေးလာရသဖြင့် မောဟိုက်လျက်ရှိပါသည်။ သူ သည် ဆံပင်လုံ့လှများကို လက်ဖြင့်သိမ်းကာ နောက်ဘက်သို့ ချလိုက်သည်။

"ငါက မနေ့ကမှ ဒပ်ဘလင်ကလာတာ"

"ဒပ်ဘလင် ဟုတ်လား၊ ဒပ်ဘလင်ဆိုတာ အိုင်ယာလန်ကျွန်းရဲ့ မြို့တော်ဟဲ့" သူသည် အံ့သြသွားဟန်ဖြင့် ကျွန်တော့်အား ကြည့်နေသည်။ "နင့်ကို အဲဒီမှာ မွေးတာလား"

ကျွန်တော်က ခေါင်းညိတ်ပြသည်။ သူ အံ့သြသွားသည့်အတွက် ကျွန်တော် များစွာ ကျေနပ်နေမိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဒါဆို နင်ဟာ အိုင်းရစ်လူမျိုးပေါ့ ဟုတ်လား"

"ငါက အိုင်းရစ်နဲ့ စကော့လူမျိုးဟ"ဟု ကျွန်တော်က ခပ်ကြွားကြွား လေသံဖြင့် ဖြေသည်။ ကျွန်တော့်စကားကြားလျှင် သူ ပို၍ စိတ်ဝင်စားသွား လိမ့်မည်ဟုလည်း မျှော်လင့်ထားသည်။

သို့သော် ကျွန်တော် မျှော်လင့်သလို ဖြစ်မလာပါ။ သူသည် ကျွန်တော့်စကားကြောင့် ကျွန်တော့်အပေါ် အထက်စီးအပြုအမူဖြင့် ဆက်ဆံလာပါသည်။

"လူတစ်ယောက်တည်းက အမျိုးနှစ်မျိုးဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ နင့်ဟာက ဖြစ်ဖို့မလွယ်တဲ့ကိစ္စပဲ။ နင်ပြောပုံက အထူးအဆန်းတစ်ခု ဖြစ် နေပြီ"

သူသည် ကျွန်တော့်အား မယုံသင်္ကာဖြစ်သည့် မျက်နှာထားဖြင့် ကြည့်နေသည်။

"နင် ဘယ်ဘုရားကျောင်းတက်သလဲ"

ကျွန်တော် ပြုံးလိုက်ပါသည်။ "စိန့်ဒိုမီနီကန်ဘုရားကျောင်း တက် တာပေါ့" ဟု အဖြေပေးရန် တာစူလိုက်သည်။ သို့သော်လည်း စူးစူးဝါးဝါး နိုင်လွန်းလှသော အကြည့်ကြောင့် ကျွန်တော့်ကိုယ် ကျွန်တော် ကာကွယ် လိုစိတ် ဝင်လာသည်။

"ရိုးရိုးဘုရားကျောင်းပဲပေါ့ဟ၊ ပြာသာဒ်ကြီးတွေက အမြင့်ကြီး၊ သိပ်ကိုလှတာ။ ငါတို့နေတဲ့ ဖီးနစ္စကရီဆင့် ရပ်ကွက်နဲ့ဆိုရင် နီးနီးလေးရယ် သိလား"

ကျွန်တော့်အနေဖြင့် ဤအကြောင်းကို ဆက်၍ မပြောချင်။ သူ အာရုံပြောင်းသွားစေရန်အတွက် ထိုင်ရာမှ ထရပ်ကာ သုံးကြိမ်တိတိ ခုန် ပေါက် လိုက်လုပ်သည်။ သို့သော်လည်း မရပါ။ ကူဝီဆာသည် ကျွန်တော့် မျက်နှာကိုသာ စူးစူးစိုက်စိုက်ကြည့်လျက် ရှိသည်။

"ငါကတော့ နင့်ကို ကက်သလစ်တစ်ယောက်လို့ ထင်တယ်"

ကျွန်တော့်မျက်နှာသည် နီရဲသွားသည်။ ထစ်တီးထစ်ငေါ့ လေသံဖြင့် "နင်က ဘာပြုလို့ အဲဒီလို ထင်ရတာလဲ" ဟု ပြန်မေးမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"အို... ဘာကြောင့်ဆိုတာတော့ မပြောတတ်ဘူး၊ ငါ့စိတ်ထဲက ထင်တာပဲ။ အေးလေ... နင် ဂက်သလစ်ဘာသာဝင် မဟုတ်ရင်တော့ ကံကောင်းမှာပဲ"

ကျွန်တော် စိတ်ရှုပ်သွားသည်။ ခေါင်းကိုငုံ့ကာ ကိုယ့်ဖိနပ်များကို စိုက်ကြည့်နေမိသည်။ ကျွန်တော် ဘယ်လိုခံစားနေသည်ကို အေလီဆန် ကိတ်သ်က ရိပ်မိနေသည်။ သူ ရိပ်မိကြောင်းကို သူ့မျက်လုံးအစုံက ဖော်ပြနေကြပါသည်။

"နင်က ဒီမှာနေတော့မှာလား" ဟု ကူဝိဆာက မေးသည်။

"ဟုတ်တယ်နေမှာ" ဟု မကျေမနပ်လေသံဖြင့် ပြန်ဖြေသည်။

"နင် သိချင်သေးရင် ငါ ထပ်ပြောပြမယ်။ ငါ ဒီမှာနေမှာ။ နောက် သီတင်းပတ် သုံးပတ်ကြာရင် ငါ အကယ်ဒမီကျောင်းကိုတက်မယ် ဒါပဲ"

"အကယ်ဒမီကျောင်း ဟုတ်လား။ ဟဲ့.... အေလီဆန် အဲဒီကျောင်းဆို ရင်တော့ နင့်နေတဲ့ ကျောင်းပဲ။ အေးလေ ငါထင်သလို နင်ဟာ ကက် သလစ်ဘာသာဝင် မဟုတ်ရင်တော့ နင် ကံကောင်းမှာပဲ။ အဲဒီကျောင်းတက် တော့ တစ်ကျောင်းလုံးမှာ ကက်သလစ်ဆိုလို့ နင်တစ်ယောက်တည်း ဖြစ် တော့မှာ သေချာတယ်။ ငါပြောတာ ဟုတ်တယ်နော် အေလီဆန်"

အေလီဆန်က ခေါင်းယမ်းသည်။ မျက်နှာကို ငုံ့ထားသည်။ ကျွန်တော့်ရင်ထဲတွင် ဒိုချင်စိတ် ပြင်းပြလျက် ရှိပါသည်။ ထို့နောက်တော့ ကူဝိဆာက အားရပါးရ ရယ်သည်။

"ကဲ... အေလီဆန်၊ တို့ နေ့လယ်စာ စားရတော့မယ် သွားကြစို့" ဟု ပြောသည်။ သူသည် ထိုင်နေရာမှထကာ ကျွန်တော့်အား ကြည့်၍ ပြုံးသည်။ "နင် စိတ်မပျက်ပါနဲ့ဟာ၊ နင်ပြောသလို နင်ဟာ ကက်သလစ် ဘာသာဝင်မဟုတ်ရင် အားလုံး အဆင်ပြေမှာပါ။ ကဲ... လာ အေလီဆန် တို့ သွားကြစို့"

သူတို့သည် ကျွန်တော့်အား ထားခဲ့ပြီး ထွက်သွားကြသည်။

အေလီဆန်က နောက်သို့ လှည့်ကြည့်သည်။ သူ့မျက်နှာတွင် ကျွန်တော့်အား ကရုဏာမကင်းသည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သို့သော်လည်း ကျွန်တော့်စိတ်ဓာတ်သည် တက်မလာပါ။ ကျွန်တော် မမြင်နိုင်သည့် ဘေးအန္တရာယ်များတွေးကာ ချောက်ချားလျက်ရှိသည်။

ကျွန်တော်သည် မျက်စိအောက်မှ ဖြည်းဖြည်း ပျောက်ကွယ်သွားနေသည့် သူတို့နှစ်ယောက်၏ ရုပ်လွှာများကို ငေးကြည့်နေမိသည်။ ထိုအခိုက်မှာပင် လမ်း၏တစ်ဖက်မှ အဘိုး၏ခေါ်သံကို ကြားရပါသည်။

အဘိုးက ကျွန်တော့်အား ပြုံးပြုံးကြီးလုပ်၍ ကြည့်နေသည်။ သူသည် အလွန်အားရကျေနပ်သည့် အရိပ်လက္ခဏာများကိုလည်း ဖော်ပြလျက်ရှိသည်။ ကျွန်တော်တို့ လိုမွန်ဗသူးရပ်ကွက်ဆီသို့ ဦးတည်၍ ပြန်လာကြသည့်အခါ အဘိုးက အလွန်အားရကျေနပ်သည့် အမူအရာဖြင့် ကျွန်တော့်ကျောကို ပုတ်သည်။

"မင်းကြည့်ရတာ မိန်းကလေးတွေနဲ့ အလွန်စွံမယ့်လက္ခဏာရှိတယ် ရောဘတ်၊ ဟိုမိန်းကလေးဟာ အေလီဆန်ကိတ်သ်လို့ခေါ်တဲ့ ကောင်မလေး မဟုတ်လား"

"ဟုတ်တယ် အဘိုး" ဟု ကျွန်တော်က ပြန်ပြောသည်။

"သူတို့မိသားစုက လူကောင်းတွေပဲကွ" ဟု ပြောသည်။

"သူ့အဖေ မသေခင်က သင်္ဘောကပ္ပတိန် တစ်ယောက်ပေါ့ကွာ။ သူ့အမေကလည်း မိန်းမချောတစ်ယောက်ကွ။ သူက စန္ဒရားတီးတဲ့နေရာမှာ တကယ့်ကိုတော်တဲ့ မိန်းမတစ်ယောက်ပဲ။ အေးလေ သူ့သမီးကလည်း သီချင်းဆိုရင် အသံသိပ်ကောင်းတယ်ဟ။ နေပါဦး မင်း ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး အဘိုးရဲ့။ တကယ်ပါ ဘာမှမဖြစ်ပါဘူး"

အဘိုးက ကျွန်တော့်ကိုကြည့်ပြီး ခေါင်းခါသည်။ ထို့နောက် လေချွန်သည်။ သူသည် လေချွန်ရာ၌ တကယ့်ကို ကျွမ်းကျင်သူ ဖြစ်သည်။ သူ့လေချွန်သံသည် နားထောင်လို့ ကောင်းလှပါသည်။ အိမ်ဘက်သို့ နီးလာသည့်အခါ သူ့နှုတ်ခမ်းမှ သီချင်းညည်းသံကို ကြားရသည်။

"အိုး... အချစ်ကလေးရယ်၊ မင်းဟာလေ နှင်းဆီနီကလေးနဲ့ တူပါတယ်။ နွေဦးပေါက်ပွင့်တဲ့ ပန်းကလေးလို ပါလားကွယ်"

သူသည် ကျွန်တော့်အား ငုံ့ကြည့်ပြီး နှစ်ကိုယ်ကြားလေသံဖြင့်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဒီမယ် ရောဘတ်၊ တို့ အရက်သောက်တာ မင့်မာမာကို မပြောနဲ့နော်။ သူက အရက်သောက်တာ မကြိုက်ဘူးကွ၊ သိလား"

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

ကျွန်တော် လီဗင်ဖို့ဒ်သို့ရောက်စ စောစောပိုင်း ကာလများတွင် အိမ်ထောင်စုအတွင်းရှိ လူများနှင့် တွေ့ဆုံခွင့် သိပ်ပြီးမရခဲ့ပါ။ ဤသည်မှာ မာမာကိုယ်တိုင်က လိမ္မာပါးနပ်စွာဖြင့် စီစဉ်ထားသည့် နည်းပရိယာယ်ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။

အများအားဖြင့် ကျွန်တော်သည် ပါပါနှင့် ညပိုင်းကျမှသာ ခဏတစ်ဖြုတ် ဆုံခွင့်ရသည်။ ပါပါသည် မိုးလင်းမှမိုးချုပ် အလုပ်ခွင်၌ ရောက်နေသည်က များ၏။ နေ့လယ်စာကိုပင် အိမ်ပြန်၍ စားလေ့မရှိပါ။ သူ့အလုပ်မှာ တစ်ခါတစ်ရံတွင် စက်ရုံခေါင်းတိုင်များ စစ်ဆေးရခြင်းဖြစ်၍ တစ်ခါတစ်ရံတွင် နွားနို့ရောင်းသူများအား သွားရောက် စစ်ဆေးရခြင်းဖြစ်သည်။

ပါပါသည် သူ့အလုပ်ပေါ်၌ အလွန်တွယ်တာသူတစ်ဦး ဖြစ်သည်။ သူ့အလုပ်အပေါ်၌ သူ ခင်မင်တွယ်တာပုံသည် စံနမူနာပြုအပ်သည်ဟုပင် ဆိုနိုင်လောက်ပါသည်။ ညပိုင်းမှာပင်လျှင် သူသည် အနားယူခြင်း၊ အပန်းဖြေခြင်းမရှိ။ သူ့အခန်းထောင့်ရှိ ကုလားထိုင်၌ထိုင်ကာ မြို့တွင်းရေပိုက်တပ်ဆင်ရေးလုပ်ငန်းနှင့် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာ အစီရင်ခံစာများ ဖတ်နေလေ့ ရှိပါသည်။ သူ အပြင်သို့ ထွက်သည့်နေ့မှာ တစ်နေ့တည်းသာ ရှိ၏။ ကြာသပတေးနေ့ ညပိုင်းဆိုလျှင် သူသည် တစ်ပတ်တစ်ကြိမ် ကျင်းပပြုလုပ်သော လီဗင်

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖို့ဒ် အဆောက်အအုံများဆိုင်ရာအဖွဲ့ချုပ် အစည်းအဝေးသို့ တက်ရောက်လေ့ရှိပါသည်။

မာဒိုးသည် တစ်နေကုန်နီးပါးမျှ အိမ်တွင်မရှိ။ ကောလိပ်ကျောင်း၌သာ အချိန်ကုန်လေ့ရှိသည်။ သူ အိမ်ပြန်ရောက်လာသည့်အခါ ရှေးဦးစွာ ညစာစားပွဲ၌ထိုင်သည်။ ထို့နောက် ကျွန်တော်နှင့် စကားစမြည် ပြောလိုဟန်ရှိသော်လည်း ပြောဖို့အချိန်ရဟန်မတူ။ စားပွဲပေါ်တွင် သူ၏ ကျောင်းစာအုပ်များ ဖြန့်၍ချကာ သက်ပြင်းတစ်ချက်ချပြီး ထိုင်သည်။

ကိတ်သည် သူ စာသွားသင်နေသည့်ကျောင်းမှ နေ့ခင်းတွင် ပြန်ရောက်လာပြီး နေ့လယ်စာ စားသည်။ သို့သော်လည်း သူသည် အလွန်စကားနည်းသူဖြစ်ရာ မည်သူနှင့်မျှ ကြာကြာစကားထိုင်ပြောနေလေ့ မရှိ။ သူသည် မိသားစုနှင့် အလွန်အနေနည်းသူဖြစ်၏။ အများအားဖြင့် သူသည် သူငယ်ချင်းများထံ အလည်သွားနေလေ့ရှိသည်။ အကယ်၍ သူ့သူငယ်ချင်း ဘက်စ်စီအီဝင်းထံ အလည်သွားဖြစ်ပါက သူ့အခန်းထဲမှ မထွက်။ တံခါးကို အလုံပိတ်ကာ ကျောင်းသူ ကျောင်းသားများ၏ လေ့ကျင့်ခန်းစာအုပ်များကို စစ်ဆေးခြင်း၊ စာဖတ်ခြင်းဖြင့်သာ အချိန်ကုန်လေ့ရှိ၏။

အိမ်တွင်း၌ ဤအခြေအနေမျိုး ရှိနေသည့်အားလျော်စွာ အကယ်ဒမီကျောင်းမတက်မီ ကာလတစ်လျှောက်လုံး ကျွန်တော်သည် အဘိုးလက်တွင်း၌ရောက်နေသည်။ အဘိုးမှာလည်း မိတ္တူကူးချိန်မှတစ်ပါး ကျန်အချိန်များတွင် အားလပ်နေသည်ဖြစ်ရာ ကျွန်တော်နှင့် အများဆုံး အချိန်ဖြုန်းလေ့ရှိပါသည်။

အဘိုးသည် ကျွန်တော့်အား သူ့အတွက် အနှောင့်အယှက်တစ်ခုဟု ယူဆနေဟန် ဆောင်ထားသော်လည်း ကျွန်တော်နှင့် အဖော်လုပ်နေရခြင်းအပေါ်၌ များစွာ သဘောကျလျက် ရှိပါသည်။ ရာသီဥတု ကြည်လင်သာယာသည့် နေ့ခင်းပိုင်းများဆိုလျှင် အဘိုးသည် ကျွန်တော့်အား ဒရမ်းဘတ်ဂရင်းဘတ်သို့ ခေါ်သွားလေ့ ရှိပါသည်။

ဒရမ်းဘက်ဂရင်းသို့ ရောက်သည့်အခါ သူသည် သူ့သူငယ်ချင်းနှစ်ယောက်နှင့် 'မာလေး' ကစားလေ့ရှိသည်။ 'မာလေးကစားနည်းမှာ' ထောင်ထားသည့် တိုင်များအား လဲကျသွားအောင် သစ်သားဘောလုံးဖြင့် လှိမ့်၍

mgyoe.com

SAMPLE BOOK

ပစ်ရသော ကစားနည်းတစ်ခု ဖြစ်ပါသည်။ အဘိုး ကစားနေပြီဆိုပါက ကျွန်တော်က ဘေးမှထိုင်၍ကြည့်သည်။ အများအားဖြင့် သူကချည်း အနိုင်ရသည်ဖြစ်ရာ အဘိုးသည် မျက်နှာ ရွှင်လန်းတက်ကြွနေတတ်ပါသည်။

အဘိုး၏ သူငယ်ချင်းနှစ်ယောက်အနက် တစ်ယောက်မှာ 'မြင်းကုန်းနှီးသမား ဘိုအတ်' ဖြစ်သည်။ ဘိုအတ်သည် ဒရမ်းဘတ်ဂရင်း ရပ်ကွက်ထဲ၌ မြင်းကုန်းနှီးတန်ဆာပလာ အရောင်းဆိုင်ဖွင့်လာခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့ပြီဖြစ်၏။ သူသည် ကိုယ်လုံးကိုယ်ထည်တုတ်ခိုင်ခိုင်နှင့် အလွန်စိတ်တိုသူ ဖြစ်သည်။

နောက်တစ်ဦးမှာ ပီတာဒစ်ကီဆိုသူ ဖြစ်သည်။ ပီတာဒစ်ကီမှာ အရပ်ပုပု ပိန်ပိန်ညှက်ညှက်နှင့် လူဖလံလေး ဖြစ်သည်။ သူသည် စာပို့သမားလုပ်ခဲ့ဖူးသူဖြစ်သည်။ သူ စာပို့သမားဘဝက ကမ္ဘာကြီး၏ တစ်ဝက်ခန့်နှင့် ညီမျှသောခရီးကို ပေါက်ရောက်အောင် ခြေဆန့်ခဲ့သူ ဖြစ်သည်ဟု ကျွန်တော့်အား ပြောပြလေ့ရှိသည်။ သူတို့အုပ်စု ကစားကြသည့်အခါတိုင်း ရှုံးမည်ကို ကြောက်သော ဘိုအတ်သည် သူ့ရမှတ်များကို လိမ်ပြောလေ့ရှိပါသည်။

အချို့ရက်များတွင် အဘိုးသည် ကျွန်တော့်အား ပြည်သူ့စာကြည့်တိုက်သို့ ခေါ်သွားလေ့ရှိသည်။ တစ်ခါတွင်မူ လီဗင်ဖို့ဒ် မီးသတ်တပ်ဖွဲ့၏ လက်တွေ့သရုပ်ပြ လေ့ကျင့်ပွဲသို့ ခေါ်သွားသည်။ သူသည် သရုပ်ပြပွဲမှ လုပ်ပုံကိုင်ပုံများကို ထိုင်ကြည့်ကာ အပြင်းအထန် ဝေဖန်ရှုတ်ချခြင်း ပြုနေပါသည်။ တစ်ကြိမ်တွင်မူ အဘိုးသည် ကျွန်တော့်အားခေါ်၍ မြို့လယ်ကန်သို့ သွားသည်။ လှေဆိပ်တွင် လှေငှားသူ မစ္စတာပါကင် မရှိခိုက်နှင့် ကြုံကြိုက်သဖြင့် အဘိုးသည် လှေတစ်စင်းယူ၍ ကန်လယ်သို့ လှေဖြင့် လိုက်ပို့ပေးသည်။ ထိုနေ့က အဘိုး၏ကျေးဇူးကြောင့် အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မကုန်ဘဲ ကန်ထဲတွင် လှေလှော်ခွင့် ရခဲ့ပါသည်။

တနင်္ဂနွေနေ့သည် ကျွန်တော့်စိတ်တွင် တစ်စုံတစ်ခုခု လိုနေသလိုလို ခံစားရသည့်နေ့ ဖြစ်သည်။ အများအားဖြင့် ရင်ထဲ၌ ဟာနေရသည့်နေ့ ဖြစ်ပါသည်။ ထိုနေ့တွင် ကျွန်တော်သည် ခါတိုင်းနေ့များနှင့် မတူသည့် အစီအစဉ်များနှင့် ရင်ဆိုင်ရပါသည်။

mgyoe.com

mgyee.com 

တနင်္ဂနွေနေ့တွင် မာမာသည် ခါတိုင်းနေ့များထက်စော၍ အိပ်ရာမှထသည်။ စောစောစီးစီး လက်ဖက်ရည်တစ်ခွက်ဖျော်၍ ပါပါ့အိပ်ခန်းထဲသို့ ပို့ပေးသည်။ ပြီးတော့ ဘောင်းဘီအင်္ကျီ ဝတ်စုံသစ်များကို အသင့်ထုတ်ချထားသည်။ ကြက်တစ်ကောင်ကို မီးဖိုထဲထည့်၍ ကင်သည်။ ထို့နောက်တော့ မိသားစုတစ်ခုလုံး အဝတ်လဲသည့်ကိစ္စဖြင့် အလုပ်ရှုပ်ကြလေတော့သည်။

ကိတ်သည် လှေကားတွင် အပေါ်ပြန်တက်လိုက်၊ အောက်ပြန်ဆင်းလိုက်နှင့် အလုပ်ရှုပ်သည်။ လက်အိတ်က စွပ်မရနိုင်လောက်အောင် ကျပ်နေသဖြင့် မာမာက ဝင်ကူရသည်။ အဝတ်အားလုံး လဲဖယ်ပြီးနေပြီဖြစ်သော မာဒိုးက "မာမာရေ... မာမာ၊ ကျွန်တော့်ရဲ့ လျှော်ပြီးသား ခြေအိတ်တွေ ဘယ်မှာထားသလဲ၊ ဒီမှာ ရှာလို့ မတွေ့တော့ဘူး"ဟု အော်တတ်သည်။

ထိုအချိန်တွင် ကော်လာအမာကို ကြယ်သီးအပြည့်အစုံတပ်၍ ရပ်စောင့်နေရသော ပါပါသည် လည်ပင်းကနာလာသဖြင့် စိတ်မရှည်နိုင် ဖြစ်လာသည်။

"ခေါင်းလောင်းထိုးဖို့ အချိန်နီးနေပြီဟေ့၊ မြန်မြန်လုပ်ကြ" ဟု လက်ထဲမှ အိတ်ဆောင်နာရီကို ကြည့်၍ မကြာခဏ သတိပေးတတ်သည်။

သူတို့လူစု ဘုရားကျောင်းသွားရန် ပြင်ကြဆင်ကြနှင့် ဗျာများနေကြသည့်အခါတိုင်း ကျွန်တော်သည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သူတို့အနား၌ မနေ။ သူတို့နှင့် ဝေးရာ အဘိုး၏အခန်းထဲ၌ သွား၍နေလေ့ရှိသည်။ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံ ကြားရသည့်အခါတွင်မူ ကျွန်တော်သည် ပို၍ စိတ်ဆင်းရဲရုံမျှမက အမြဲတမ်းလိုလို စိတ်ထဲ၌ ငြိတွယ်နေသည့် အထီးကျန်နိုင်မှုသည် ပို၍ ကြီးထွားလာရပါသည်။

အဘိုးသည် လုံးဝ ဘုရားကျောင်းသို့ မသွားပါ။ သူ့ကို ကြည့်ရသည်မှာ သွားချင်စိတ်ရှိပုံ မပေါ်ပါ။ အကယ်၍ သွားချင်စိတ်ရှိသည်ဆိုဦးတော့ သူ့တွင် အဝတ်အစားကောင်းကောင်း မရှိပါ။ အခြားလူ အားလုံးနော့စ်ဟစ်လ် တောင်ကုန်းပေါ်ရှိ ဘုရားကျောင်းသို့ ရောက်သွားကြပြီး

mgyee.com

မြို့တော်ဝန်နှင့် အခြားစည်ပင်ရုံးမှ အရာရှိများပါဝင်သည့် ဝတ်ပြုပွဲ တက်ရောက်နေချိန်တွင် အဘိုးသည် ကျွန်တော့်အား မျက်စပစ်ပြလေ့ရှိ၏။ ကျွန်တော်တို့ အိမ်အနီးရှိ သူ့မိတ်ဆွေမကြီး မစ္စက်ဘိုဆွမ်လေထံ သူ အလည်အပတ်သွားတော့မည်ဖြစ်၍ သူနှင့် အဖော်လိုက်ရန် ခေါ်ခြင်းဖြစ်ပါသည်။

မစ္စက်ဘိုဆွမ်လေသည် မုဆိုးမတစ်ဦးဖြစ်၍ သူ့ယောကျ်ားသည် ဝက်သတ်သမားတစ်ဦး ဖြစ်သည်။ မစ္စက်ဘိုဆွမ်လေ ကိုယ်တိုင်မှာလည်း တစ်ချိန်က နယ်လှည့်ကဇာတ်တစ်ခုတွင် ဇာတ်မင်းသမီး ဖြစ်ခဲ့ဖူးသည်။ သူသည်'ဧကရာဇ်မင်းမြတ်၏သတို့သမီး' အမည်ရှိ ပြဇာတ်၌ ဇာတ်ကောင် ဂျစ်ဖင်းအဖြစ် သရုပ်ဆောင်ခဲ့ရာ ထူးခြားပြောင်မြောက်ခဲ့သည်ဟု လူအများက ချီးကျူးခြင်းခံခဲ့ရသူ ဖြစ်ပါသည်။

မစ္စက်ဘိုဆွမ်လေသည် အသက်ငါးဆယ်ခန့် ကိုယ်လုံးကိုယ်ပေါက် တုတ်ခိုင်ခိုင်၊ ဆံပင်က အညိုရောင်၊ မျက်နှာက ဝိုင်းဝိုင်း၊ မျက်စိပေါက်က ကျဉ်းကျဉ်း ရယ်လိုက်လျှင် မျက်စိပေါက်များ ပိတ်သွားတတ်သည်။ ကျွန်တော် သူ့အား မကြာမကြာ ခြံစည်းရိုးကို တိုး၍ ချောင်းကြည့်ခဲ့ဖူးသည်။ သူသည် သူ၏ပန်းခြံကလေးထဲ၌ သူကိုယ်တိုင် 'မီကာဒို'ဟု အမည်ပေးထားသော သူ့ကြောင်ဝါနှင့်အတူ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေလေ့ရှိသည်။

တစ်ခါတစ်ရံတွင် လမ်းသလားနေရာမှ ဖျတ်ခနဲရပ်လိုက်ပြီး ကဗျာလိုလို စာပိုဒ်များကို အော်ကြီးဟစ်ကျယ် ရွတ်ဆိုလေ့ ရှိပါသည်။ တစ်ကြိမ်တွင် သူ့နှုတ်မှ "သင်တို့၏ ဘိုးဘွားများ၏ သင်္ချိုင်းမြေအတွက် တိုက်ကြပါ။ သင်တို့၏ဇာတိမြေအတွက် တိုက်ကြပါ" ဟူသော ရေရွတ်သံများကို ကျွန်တော် နားနှင့်ဆတ်ဆတ် ကြားလိုက်ရဖူးပါသည်။

အမှန်တော့ လီဗင်ဖို့ဒ်မြို့သည် သူ့ဇာတိ မဟုတ်ပါ။ သူ ဘယ်အရပ်က လာသည်ကို မည်သူမျှ အတိအကျ မသိကြပါ။ သူ၏ စောစောပိုင်းဘဝက အကြောင်းကိုလည်း ဝိုးတဝါးမျှသာ သိကြရပါသည်။ နောက်ပိုင်း ကျွန်တော် ကျောင်းတက်သည့်အခါ သူငယ်ချင်းများထံမှာ မစ္စက်ဘိုဆွမ်လေ၏ အကြောင်းကို အနည်းအကျဉ်း သိခွင့်ရခဲ့သည်။ သူတို့

mgyoe.com

mgyee.com

ပြောသည့်အတိုင်းဆိုပါက မစ္စက်ဘိုဆွမ်လေသည် ဓာတ်စင်ပေါ်တက်ခဲ့ဖူးသူမဟုတ်။ သူသည် ဆပ်ကပ်တစ်ဖွဲ့နှင့် အနယ်နယ် အရပ်ရပ်သို့ လှည့်လည်သွားလာနေသူတစ်ဦးဖြစ်၍ သူ့ရင်ဘတ်တွင် ဆေးမင်ကြောင်များ ထိုးထားသည်ဟု သိခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ မစ္စက်ဘိုဆွမ်လေသည် အလွန် ဖော်ဝတ်ကျေပွန်သူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့အိမ်မှ စနစ်ဇယားကြီးစွာဖြင့် ကျင့်သုံးနေကြသည့် ချွေတာရေးစနစ်နှင့် နှိုင်းယှဉ်ကြည့်ပါက အလွန်ရက်ရောသူတစ်ဦး ဖြစ်နေသည်။ ကျွန်တော်နှင့် အဘိုးတို့ သူ့အိမ်ရောက်သွားလျှင် အိမ်ရှေ့ခန်းထဲ၌ ထိုင်ခိုင်းသည်။ ကျွန်တော့်အား နွားနို့နှင့် အသားညှပ်ပေါင်မုန့်များ ကျွေး၍ အဘိုးနှင့် သူက ကော်ဖီသောက်သည်။ သူ စီးကရက်သောက်သည်ကို မြင်လိုက်ရသော ကျွန်တော်သည် အကြီးအကျယ်အံ့အားသင့်ခဲ့ရ၏။ ကျွန်တော့်အဖို့ အမျိုးသမီးတစ်ယောက် စီးကရက်သောက်သည်ကို ပထမဆုံးအကြိမ် မြင်ဖူးခဲ့ရခြင်းဖြစ်သည် မဟုတ်ပါလော။

တစ်ရက်သော တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပါပါသည် ဧည့်ခန်းထဲရှိ ဆိုဖာတစ်လုံးပေါ်၌ အိပ်ပျော်လျက်ရှိသည်။ မာဒိုးနှင့် ကိတ်တို့သည် တနင်္ဂနွေနေ့ ကျောင်းသို့ စာသင်ပေးရန် သွားနေကြသည်။ အဘိုးက ကျွန်တော့်အား မျက်စပစ်ပြသည်။ ကျွန်တော်တို့နှစ်ယောက်သည် အိမ်ထဲမှ အသာလစ်ထွက်ကာ ဒရမ်ဘတ်ဂရင်းရွာဘက်သို့ လျှောက်လာခဲ့ကြသည်။

တနင်္ဂနွေနေ့ဆိုလျှင် ရွာသူရွာသားများသည် ညနေစာ စားအပြီးတွင် တစ်ရေးတစ်မော အိပ်လေ့ရှိကြသဖြင့် တစ်ရွာလုံး တိတ်ဆိတ်နေသည်။ ရွာ၏တစ်ဖက်ရှိ လမ်းကြားလေးတစ်ခုအတွင်းသို့ ဝင်မိသောအခါ အဘိုးသည် 'ဒယ်ရင်မ်ပဲလ် စိုက်ပျိုးခြံ' ဟူသော ဆိုင်းဘုတ်တစ်ခု ချိတ်ထားသည့် ဂိတ်တံခါးတစ်ခုရှေ့၌ ရပ်သည်။

အလွန်လှပသော ဥယျာဉ်ခြံတစ်ခြံ ဖြစ်သည်ကို ကျွန်တော် သတိထားမိပါသည်။ ခြံထဲတွင် ဂေါ်ဖီထုပ်များနှင့် မုန်လာဥနီများသည် အတန်းလိုက်ရှိနေကြသည်။ သစ်သီးခြံထဲတွင်လည်း သစ်တော်သီးများနှင့် ပန်းသီးများ အပြုံလိုက်၊ အပြွတ်လိုက် သီးနေကြသည်။ အဘိုးသည် လူသူအသွားအလာ

mgyee.com

ကင်းမဲ့နေသည့်လမ်းကြားကို စေ့စေ့စပ်စပ် အကဲခတ်သည်။ ခြံစည်းရိုးပေါက်မှနေ၍ အတွင်းသို့ ချောင်းကြည့်သည်။ ထို့နောက် ပါးစပ်မှ တစ်ချက်မျှ စုတ်သပ်လိုက်သည်။

"သနားစရာပဲကွာ၊ ခြံထဲမှာ ငါတို့လူမရှိဘူးကွ" ဟု ရေရွတ်သည်။ သူ၏ခေါင်းမှ ဦးထုပ်ကိုချွတ်၍ ကျွန်တော့်လှမ်းပေးပြီး ပြုံးပြသည်။ "မင်း ခြံထဲကို ခြံစည်းရိုးတိုးပြီး ဝင်၊ သစ်တော်သီး အလုံးလှလှကြီးတွေ ခူးခဲ့။ သိပ်ကောင်းတယ်ကွ သိလား၊ သွားရင် ခေါင်းကိုငုံ့ထားနော်"

ကျွန်တော်သည် သူ၏တီးတိုးညွှန်ကြားချက်များအတိုင်း ခြံထဲသို့ဝင်သည်။ သစ်တော်သီးများကို ဦးထုပ်တစ်လုံးစာရအောင် ခူးထည့်သည်။ အဘိုးကတော့ လမ်းအလယ်၌ရပ်ကာ လမ်း၏ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်များကို မျှော်ကာ ကင်းစောင့်လျက်ရှိသည်။ လေကိုလည်း အဆက်မပြတ် ချွန်လျက်ရှိ၏။

ကျွန်တော် သူ့ထံပြန်ရောက်သည့်အခါ တစ်နေရာတွင် ထိုင်၍ သစ်တော်သီးများကို စားကြသည်။ အရည်များသည် ကျွန်တော်တို့ မေးစေ့များအပေါ် စီးဆင်းလျက်ရှိသည်။ သစ်တော်သီးကို အားပါးတရကိုက်ဝါးနေသော အဘိုးသည် မှတ်ချက်တစ်ခုချသည်။

"ဒယ်ရင်မ်ပဲလ်ဆိုတဲ့ကောင်က ငါ့ကို ဆီးဖြူသီးတောင် ပေးဦးမှာ၊ ဒီကောင်က ငါ့ကို သိပ်ချစ်တာကွ သိလား"

ကလေးတစ်ယောက်မျှသာ ဖြစ်သော်လည်း အဘိုး၏ လုပ်ပုံကိုင်ပုံများကို ကြည့်၍ စိတ်ထဲတွင် မကြည်မလင် မသိုးမသန့် ဖြစ်ရပါသည်။ မည်သို့ပင်ဖြစ်စေ အဘိုးနှင့်တွဲပြီး အဘိုးခိုင်းသမျှ လုပ်နေရသည်မှာ ပျော်စရာတော့ ကောင်းပါသည်ဟု ကျွန်တော် ဝန်ခံပါသည်။ တစ်ခုတော့ ရှိပါ၏။ အဘိုး သွားလေရာရာတွင် တွေ့သမျှ လူတိုင်းလိုလိုက ဝမ်းသာအယ်လဲ နှုတ်ဆက်ကြသော်လည်း လူငယ်များကမူ အဘိုးအားတွေ့လျှင် ပြောင်လားလှောင်လား လုပ်ကြသည်။ မနှစ်သက်သည့် အရိပ်လက္ခဏာများကိုလည်း ပြတတ်ကြသည်။ ဤအတွက်တော့ ကျွန်တော် ဘဝင်မကျ ဖြစ်ရပါသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော်အား ရန်ပြုနေသူများမှာ ဂေဗင်ဘလဲရားလို အကယ်ဒမီကျောင်းမှ သူငယ်များ မဟုတ်ပါ။ အများစုမှာ ရွာထဲရှိ လူငယ်များ ဖြစ်သည်။ တစ်ရက်တွင် ထိုသူငယ်အုပ်စုတစ်စုသည် တံတားပေါ်၌ထိုင်ကာ ချောင်းထဲမှ ငါးသိုင်းများကို သူတို့ ဦးထုပ်များဖြင့် ဖမ်းနေကြသည်။ ကျွန်တော်နှင့်အဘိုးတို့ ဖြတ်သွားကြသည့်အခါ ရိုင်းရိုင်းစိုင်းစိုင်းအော်ကြဟစ်ကြ ပြောင်ကြလှောင်ကြသည်။

ဟိုး... အဘိုးကြီး သွားပါပြီ

ဟောဟိုမှာ သွားပြီ။

သူ့နှာခေါင်းက အကြီးကြီး...

ကြောက်စရာကောင်းတဲ့ နှာခေါင်းကြီး။

ဒီနှာခေါင်းကြီး ဘယ်ကရ

သိရင်ပြောပါဗျ။

ကျွန်တော်ကတော့ သူတို့အော်သံ ကြားတိုင်း ရှက်လှပါသည်။ အဘိုးကတော့ လုံးဝ ဂရုမစိုက်။ သူ့ဦးခေါင်းကိုမော့ကာ ခပ်တည်တည်ပင် သူ့လမ်းသူ ဆက်သွားသည်။ ပထမကြားစမှာတော့ ကျွန်တော် မကြားချင်ဟန်ပြုကာ မသိသလို လုပ်နေခဲ့သည်။ သို့သော်လည်း ကြားရဖန်များလာသည့်အခါ စိတ်ထဲတွင် အထူးအဆန်းတစ်ခုလို ဖြစ်လာသည်။ အဘိုး၏ မျက်နှာကို အသေအချာကြည့်ကာ သိလိုစိတ် ပြင်းပြလာသည်။ ကျွန်တော်သည် အဘိုး၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်မိသည်။

"ဘိုးဘိုး အဲ... ဟို နှာခေါင်းကြီးကို ဘယ်ကရတာလဲဟင်"

ငြိမ်ဆိတ်သွားသည်။ သူသည် ကျွန်တော့်အား မျက်စိထောင့်ကပ်ပြီး ဘေးတိုက်ကြည့်သည်။ မျက်နှာက ဂုဏ်ဝင့်ကြွားသည့် အရိပ်အငွေ့ ဖော်ပြနေသည်။

"ငါ့နှာခေါင်းကို ဖူးလူးစစ်ပွဲအတွင်းက ရခဲ့တာ လူလေးရဲ့"

"ဖြစ်မှဖြစ်ရလေ ဘိုးဘိုးရယ်" ကျွန်တော် စိတ်မကောင်း ဖြစ်သွားမိသည်။ အဘိုးအပေါ် အထင်လွဲမိသည့်အတွက်လည်း ရှက်စိတ်ဝင်မိသည်။ ဘာမှမသိ နားမလည်ဘဲနှင့် အဘိုးအား နောက်ကြပြောင်ကြသည့် ကလေးသူငယ်များ အပေါ်တွင်လည်း ဒေါသဖြစ်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"အဲဒီအကြောင်း ကျွန်တော့်ကို ပြောပြပါလား ဘိုးဘိုး"

အဘိုးက ကျွန်တော့်အား အကဲခတ်နေသည့်မျက်နှာထားဖြင့် ကြည့်နေသည်။ တွန့်ဆုတ်ဆုတ်ဖြစ်နေဟန် ရှိသော်လည်း ကျွန်တော်က သူ့အပေါ် စိတ်ဝင်စားနေကြောင်းပြလိုက်သဖြင့် များစွာ ကျေနပ်နေပုံရပါသည်။

"ပြောပြမှာပေါ့ လူလေးရာ" ဟု သူက စကားစသည်။

"ဘိုးဘိုးက လူကြွားတစ်ယောက် မဟုတ်ဘူးကွ၊ သိလား"

အဘိုး၏ဘေးမှ လျှောက်လာနေသော ကျွန်တော်သည် သူ့စကားများ၏ညှို့ယူဖမ်းစားခြင်းကို ခံနေရသည်။ ကျွန်တော့်စိတ်အာရုံတွင် စစ်သားများ တင်လာသည့် သင်္ဘောကြီးတစ်စင်းနှင့် ထိုစစ်သင်္ဘောပေါ်မှ ဆင်း၍ ကမ်းပေါ်သို့တက်ကာ ရိုက်ကြီးတင်င် ငိုကြွေးနေကြသည့် မိန်းမချောများကြားမှ ဖြတ်သန်း ချီတက်သွားနေကြသည့် စစ်သားများကို မြင်ယောင်လျက်ရှိသည်။

ချီတက်သွားနေသောတပ်မှာ ဗိုလ်မှူးကြီး မက်ဒူဂဲလ်၏ စကော့မြင်းဖြူကြီးဟု နာမည်ရနေသော တပ်မဟာတစ်ခုဟု အဘိုးကပြောသည်။ ထိုတပ်များအား ဝန်းရံထားသည့် မာတာဘီလီများအား လျှပ်တစ်ပြက် ပြန်လည် တိုက်ခိုက်ရာ၌ အဘိုးသည် ရဲဝံ့စွန့်စား၍ တိုက်ခိုက်ခဲ့သည်။ ချက်ချင်းပင် ရာထူးတိုးပေးကာ တပ်ရင်းမှူး ဗိုလ်မှူးကြီးက သူ့ညာလက်ရုံးအဖြစ် အသုံးပြုလာသည်။ ခံတပ်များဆီသို့ သတင်းပို့ရသည့် တာဝန်ကိုပင် သူ့အား ပေးအပ်ခဲ့သည်။

ထို့နောက် ဖူးလူးတပ်များ၏တိုက်ခိုက်မှုကြောင့် အဘိုးတို့တပ်များ အဆက်အသွယ် ပြတ်ကုန်သည်။ တစ်ညတွင် အဘိုးသည် ဓားမြှောင်တစ်ချောင်းကို ပါးစပ်တွင်ကိုက်၍ ခြောက်လုံးပြူးနှစ်လက်ကို လက်နှစ်ဖက်ဖြင့် တစ်ဖက်တစ်လက် ဆုပ်ကိုင်ကာ ကျောက်ခဲများ ထူထပ်သော အာဖရိက မြက်ခင်းပြင်ပေါ်တွင် လေးဖက်တွား၍ ချီတက်ခဲ့သည်။ သူသည် ရန်သူများကြားမှ အသံမကြားအောင် ချီတက်လာခဲ့ရာ လွတ်မြောက်လုနီးနီး အခြေအနေသို့ ရောက်လာသည်။

ကျွန်တော်သည် အဘိုး၏ အသံကို အသက်ပင် မှန်မှန်မရှူနိုင်ဘဲ နားစွင့်နေပါသည်။ အဘိုးလွတ်လုနီးနီးအချိန်တွင် ရုတ်တရက် တိမ်တိုက်

mgyoe.com SAMPLE BOOK


များကြားမှလသည် ထိုးထွက်လာသည်။ ရန်သူများက အဘိုးအားမြင်သွားကြပြီ။ ထိုအခါ အုပ်လိုက်သင်းလိုက် ပြေးလာကာ ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ သူ့လက်ထဲမှ ခြောက်လုံးပြူးများသည် ကျည်ဆန်တစ်တောင့်မျှ မကျန်တော့။ သူသည် သူ့ထံ ရောက်လာသမျှသော ရန်သူများအား ဓားဖြင့် ထိုးသည်။ သူ့ပတ်ပတ်လည်တွင် တုံးလုံးပက်လက် ဖြစ်နေကြသည့် ရန်သူများ...

သူသည် လေချွန်သံတစ်ချက် ပေးလိုက်သည်။ သူ့မြင်းကြီး ရောက်လာသည်။ ညသန်းခေါင် မှောင်မိုက်ကြီးထဲတွင် မြင်းကို အသာကုန်စိုင်းသည်။ သူ့နောက်မှ ညာသံပေး၍ ခြေကျင်ပြေးလိုက်လာနေသည့် ဓူးလူးလူရိုင်းများကို မြင်နေရသည်။ နောက်ဆုံးတွင် သွေးများ တစ်ကိုယ်လုံးပေကျံကာ သတိလက်လွတ်မတတ် ဖြစ်နေသော အဘိုးသည် သူ့မြင်း၏လည်ပင်းကို ဖက်တွယ်ကာ တပ်ရင်းသို့ ရောက်လာခဲ့လေသည်။

ကျွန်တော်သည် အခုမှပင် သက်ပြင်းချနိုင်ပါတော့သည်။ အဘိုး၏ရဲစွမ်းသတ္တိကို အံ့သြ၍မဆုံး၊ ချီးမွမ်း၍မဆုံး။ လှုပ်ရှားလွန်းသည့် စိတ်ကြောင့် ကျွန်တော့်မျက်လုံးအစုံ လင်းလက်တောက်ပနေကြပါသည်။

"ဘိုးဘိုးမှာ ဒဏ်ရာတွေ အပြင်းအထန် ရတာပေါ့နော်"

"ဒါပေါ့ လူလေးရာ"

"အဲဒီနောက်ပိုင်းမှာ ဘိုးဘိုးရဲ့နှာခေါင်းကြီးဟာ အခုလို ဖြစ်လာတာပေါ့နော် ဟုတ်လား"

အဘိုး၏တည့်ငြိမ်သော ဏ္ဍဖြင့် ခေါင်းညိတ်ပြသည်။

"ဒဏ်ရာက မြားမှန်တဲ့ ဒဏ်ရာပေါ့ လူလေးရာ၊ မြားမှ ရိုးရိုးမြားမဟုတ်ဘူးကွဲ့ အဆိပ်လူးမြား၊ နှာခေါင်းကို တည့်တည့်ကြီးမှန်တာကွ"

သူသည် ဦးထုပ်ကိုပင့်တင်ကာ နေကို မော့ကြည့်သည်။ ရှေးဖြစ်ဟောင်းကို အလွန်သတိရ တမ်းတနေသည့် မျက်နှာထားဖြင့်...

"ဘုရင်မကြီးက ဘိုးဘိုးကို သူရတံဆိပ် ချီးမြှင့်တော့ အဘိုးရဲ့နှာခေါင်းကိုကြည့်ပြီး စိတ်ထိခိုက်ခဲ့တယ်" ဟု ပြောကာ စကားကို အဆုံးသတ်ခဲ့သည်။

mgyoe.com

ကျွန်တော်သည် အဘိုးအား တလေးတစား မော့ကြည့်နေမိသည်။ အံ့သြစရာကောင်းလောက်အောင် သတ္တိကောင်းသည့် အဘိုးအပေါ် ကြည်ညိုလေးစားမှုအသစ် တိုးလာသည်။ ယခင်ကထက် ဆထက်ထမ်းပိုး တိုး၍ ချစ်ခင်မြတ်နိုးခြင်းလည်း ဖြစ်လာသည်။ လမ်းတစ်လျှောက်လုံး အဘိုး၏ လက်ကို ယခင်ကထက် တိုး၍ တင်းကျပ်စွာ ဆုပ်ကိုင်လာခဲ့ပါသည်။

ကျွန်တော်တို့ အိမ်ထဲဝင်လာသည့်အခါ အိမ်ရှေ့ခန်းထဲ၌ ပို့စ်ကတ်တစ်ခုကို ဖတ်နေသော မာမာနှင့် ဆုံမိသည်။ အောက်တိုဘာလတစ်ရက်နေ့စွဲဖြင့် ရောက်လာသော ပို့စ်ကတ်ဖြစ်သည်။

"အဘွား မနက်ဖြန် ရောက်တော့မယ်" ဟု မာမာက ကျွန်တော့်အား လှမ်းကြည့်ပြီး ပြောသည်။ "အဘွားက မင်းကို သိပ်တွေ့ချင်နေတယ် ရောဘတ်"

ဤသတင်းအပေါ် အဘိုး တုံ့ပြန်ပုံမှာ ထူးဆန်းလှ၏။ သူသည် ဘာတစ်ခွန်းမျှ မပြောဘဲ အလွန်ချဉ်သော အစာတစ်ခုကို မျိုချလိုက်ရသည့် နှယ် မျက်နှာကို အကြီးအကျယ် ရှုံ့မဲ့ထားသည်။ ထို့နောက် ချာခနဲလှည့်ကာ လှေကားမှ တက်သွားသည်။

မာမာသည် အဘိုး၏ အပြုအမူကြောင့် စိတ်မကောင်းဖြစ်သွားပုံရသည်။ အဘိုးအား ချော့မော့လိုဟန်လည်း ရှိ၏။ "အဖေ လက်ဖက်ရည်သောက်ရင် ကြက်ဥတစ်လုံးပါ ပေးရမလား" ဟု မေးသည်။

"မပေးနဲ့ဟန်နာ၊ မပေးနဲ့" ဖူးလူးများအား ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် ခုခံတိုက်ခိုက်ခဲ့သော သူရဲကောင်းကြီး စိတ်ထိခိုက်ဟန်ဖြင့် ပြန်ပြောသည်။

"ဒီသတင်းကြားရရင် အဖေ ဘာမှစားနိုင်တော့မှာ မဟုတ်ဘူး"

အဘိုးသည် အပေါ်ထပ် သူ့အခန်းသို့ တက်သွားသည်။ ခဏမျှအကြာတွင် သူထိုင်နေကျ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ဟန်တူ၏။ ကုလားထိုင်ဆီမှ စပရင်သံများ ကြားလိုက်ရပါသည်။

* * *

mgyoe.com

mgyoe.com
SAMPLE BOOK


အဘွားပြန်လာတော့မည်ဟူသော သတင်းနှင့်ပတ်သက်၍ အဘိုး၏ တုံ့ပြန်မှုမှာ တစ်မျိုးဖြစ်သော်လည်း ကျွန်တော်ကတော့ "မျှော်လင့်ချက်ထားခြင်း" ဟူသော စိတ်ဖြင့် တုံ့ပြန်ခဲ့ပါသည်။

နောက်တစ်နေ့သည် စနေနေ့ ဖြစ်၏။ အိမ်ရှေ့မှ ကားသံကြားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး အပြင်သို့ ချောင်းကြည့်မိပါသည်။

စိတ်လှုပ်ရှားစွာဖြင့် အငှားကားပေါ်မှ ပိုက်ဆံအိတ်ကို လက်တစ်ဖက်ဖြင့်ကိုင်၍ အခြားတစ်ဖက်ဖြင့် စကပ်ကိုမ၍ ဆင်းလာသော အဘွားကို ဂရုတစိုက် ကြည့်နေမိသည်။ ယာဉ်မောင်း၏ မျက်နှာသည် ရယ်ခြင်း၊ ပြုံးခြင်းမရှိ။ တည်ငြိမ်သော မျက်နှာထားဖြင့် အဘွားအား ကြည့်နေသည်။ အဘွားက ပိုက်ဆံအိတ်ထဲမှ နှိုက်၍ ကားခလှမ်းပေးသည်။ ကားသမားက ပထမတော့ ကျေနပ်ပုံမရ။ လက်နှစ်ဖက်ကို မြှောက်၍ အဘွားအား တစ်စုံတစ်ရာ ပြန်ပြောနေသည်။ နောက်တော့လည်း သူသည် အဘွားအား လက်မြှောက် အရှုံးပေးကာ ပေးသမျှကို ယူသွားပုံရသည်။

အဘိုးသည် ယနေ့မနက်ကျခါမှ ထူးထူးခြားခြား အစောကြီး အိပ်ရာမှထကာ လမ်းလျှောက်ထွက်သွားသည်။ ကိတ်နှင့် မာဒိုးတို့သည် အိမ်ထဲမှ ပြေးထွက်ကာ အဘွားကို ဆီးကြိုကြသည်။ အိမ်ရှေ့ခန်းမထဲမှ မာမာ၏ အော်ပြောနေသံကို ကျွန်တော် ကြားနေရပါသည်။

"ရောဘတ်ရေ...၊ အဘွားရောက်လာပြီ၊ ပစ္စည်းတွေ ကူသယ်ပေးလှည့်ဦးလေ"

ကျွန်တော် ပြေးထွက်ခဲ့သည်။ အဘွားလက်ထဲမှ ပေါ့ပေါ့ပါးပါး ပစ္စည်းများကို သယ်၍ အပေါ်ဆုံးထပ်သို့ ပို့ပေးသည်။ အဘွား၏ အရိပ်အခြည်ကို ရက်ရွဲ့ရွဲ့ဖြင့် ကြည့်မိလေသည်။

အဘွားသည် ဝတုတ်တုတ်ကြီး ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်သည် အဘိုးထက် များစွာကြီးသည်။ မျက်နှာက ရှည်ရှည်သွယ်သွယ်။ ခုချိန်ထိ အဖြူရောင်ပင် မသန်းသေးသော ဆံပင်များကို အလယ်တည့်တည့်မှခွဲထားသည်။ အပေါ်နှုတ်ခမ်းထောင့်တွင် မှဲ့တစ်လုံးရှိသည်။ အဘွား

mgyoe.com

mgyoe.com SAMPLE BOOK


သည် မာမာအား သူ လာခဲ့ရသည့် ခရီးစဉ်အကြောင်း ပြောပြနေသည်။ စကားပြောလိုက်တိုင်း ဝါရောင်သန်းနေသည့် သွားများကို မြင်ရပါသည်။

အပေါ်ထပ်တွင် အဘွား၏အခန်းတံခါးသည် ပွင့်နေသည်။ အဘွားကတော့ အောက်ထပ်တွင် လက်ဖက်ရည် သောက်နေသည်။ ကျွန်တော်သည် တံခါးဝရှိ အိတ်တစ်လုံးပေါ်တွင် ထိုင်ကာ အဘွား အကြောင်းကို စဉ်းစားနေမိ၏။ အဘွား၏ အခန်းသည် သန့်ပြန့်သည်။ အခင်းအကျင်း အထားအသိုများသည် စနစ်တကျ ရှိလှ၏။ အခန်းထဲတွင် ပရုတ်နံ့နှင့် ဖယောင်းနံ့များ သင်းပျံ့လျက်ရှိ၏။ အခန်းတစ်ဖက်တွင် မဟော်ဂနီ သစ်သားခုတင်ကြီးတစ်လုံး ရှိ၏။ တစ်ဖက်သော ထောင့်တွင် အပ်ချုပ်စက်တစ်လုံးချထားသည်။ အခန်းနံရံများတွင် ဘုရားသခင်နှင့် ပတ်သက်သော ဓာတ်ပုံများနှင့် ပန်းချီကားများ ချိတ်ဆွဲထားသည်။

အဘွားသည် လေ့ကားအတိုင်း ဖြည်းဖြည်းချင်း သတိထား၍ တက်လာသည်။ ကျွန်တော်သည် အဘွား၏ လှုပ်ရှားမှုများကို စိတ်ဝင်တစား ကြည့်နေမိပါသည်။ အဘွားသည် အခန်းထဲရှိ ပစ္စည်းများ၏ အထားအသို လက်ရာပျက် မပျက် ပြန်လည် စစ်ဆေးလျက်ရှိသည်။ ကုလားထိုင်များကို နေသားတကျဖြစ်အောင် ရွှေ့ခြင်းပြောင်းခြင်း ပြုလုပ်သည်။ အပ်ချုပ်စက်ကိုလည်း အသေအချာ စစ်ဆေးသည်။ ခြေနင်းကို တစ်ချက် နှစ်ချက်မျှ နင်းကြည့်သည်။ ကြည့်ရှု စစ်ဆေးနေရင်းကလည်း ကျွန်တော့်ဘက်လှည့်၍ အကဲခတ်သည်။

အဘွားသည် သူ့အခန်းထဲမှ အခြေအနေအပေါ် ကျေနပ်ပုံ မရ။ ခေါင်းတခါခါ လုပ်နေသည်။ နောက်ဆုံးတွင် သူ့လက်ဆွဲအိတ်ကို ဖွင့်၍ အထဲမှ မျက်မှန်အိတ်၊ သမ္မာကျမ်းစာအုပ်နှင့် ဆေးပုလင်းများ ထုတ်ယူပြီး သူ့အိပ်ရာဘေးရှိ စားပွဲငယ်တစ်လုံးပေါ် တင်သည်။ ပစ်စလက်ခတ်တင်ခြင်းမျိုး မဟုတ်။ သူ့နေရာနှင့်သူ တန်းစီ၍ ချထားနေခြင်း ဖြစ်သည်။

ထို့နောက် ကျွန်တော့်ဘက် လှည့်၍ စကားပြောသည်။

"အဘွားမရှိတုန်းမှာ မင်း ကောင်းကောင်းနေရဲ့လား"

"ဟုတ်ကဲ့၊ နေပါတယ် အဘွား"

mgyoe.com

mgyoe.com SAMPLE BOOK


"အေး...ငါ့မြေးက လိမ္မာသားပဲ။ ဒီလိုကြားရတာ အဘွား ဝမ်းသာတယ်" ဟု ပြောသည်။

"အဘွားပစ္စည်းတွေ ထုတ်မလို့၊ ငါ့မြေးက ကူမယ်မဟုတ်လား"

ကျွန်တော်က အဘွားခိုင်းသမျှ လုပ်ပေးသည်။ အဘွားသည် သူ့အင်္ကျီများကို ဗီရိုကြီးတစ်လုံးထဲသို့ စီ၍ထည့်သည်။ ထို့နောက် သူ့ဖလန်နယ်အင်္ကျီတစ်ထည် ကျွန်တော့်အား လှမ်းပေးပြီး ဝက်မှင်ဘီးတစ်ချောင်းဖြင့် တိုက်ခိုင်းသည်။

အဘွားသည် ကျွန်တော် လုပ်ကိုင်နေသည်ကိုကြည့်ကာ များစွာ ကျေနပ်နေပုံရှိသည်။ "ငါ့မြေးက လိမ္မာသားပဲ။ ဘွားဘွားက မင့်ကို ဆုချရဦးမယ်" ဟု ပြောသည်။

ပြောပြောဆိုဆိုနှင့်ပင် ဗီရိုအံဆွဲတစ်ခုထဲမှ ပူရှိန်းပြား လက်တစ်ဆုပ် နှိုက်ယူသည်။ တစ်လုံးကို သူ့ပါးစပ်ထဲ ထည့်လိုက်ပြီး ကျန်သမျှကို ကျွန်တော့်အားပေးပါသည်။

"ဝါးစားမပစ်နဲ့ ငါ့မြေး၊ စုပ်"ဟု အဘွားကပြောသည်။ "စုပ်တော့ ကြာကြာခံတာပေါ့ကွယ်" အဘွားက ကျွန်တော့်ဆံစများကို လက်ဖြင့် အသာအယာ ပွတ်သည်။ "မင်းဟာ ဘွားဘွားရဲ့မြေး ဖြစ်ပြီနော်။ ဘွားဘွား အနားမှာပဲနေဦးနော်။ ဘွားဘွား လက်ဖက်ရည်သောက် ထွက်တဲ့အခါ ငါ့မြေးကိုပါ ခေါ်သွားမယ်"

ထိုနေ့ တစ်နေ့လုံး ဘွားဘွားသည် ကျွန်တော့်အား သူ့အနား၌ နေခိုင်းသည်။ ကျွန်တော့်အား အဖော်အဖြစ်ထားကာ အာလာပသလ္လာပ စကားများ ပြောသည်။ သူ့အကြောင်းကိုပင် ကျွန်တော့်အား ပြောပြပါသည်။

အဘွားသည် တောပိုင်းဒေသ မျိုးကောင်း ရိုးကောင်း မိသားစုမှ ဆင်းသက်လာသူ ဖြစ်သည်။ သူနှင့်အတူတူ နေခဲ့သည့် သူ့တူမှာ အာရှိုင်းယားနယ်မှ အာလူးစိုက်သည့် ယာသမားတစ်ဦး ဖြစ်သည်။ သူ့ယောကျ်ားသည် လီဗင်ဖို့ဒ်ဘွိုင်လာ လုပ်ငန်းဌာနမှ အချိန်မှတ် စာရေးကြီးတစ်ဦးဖြစ်၍ သဘောမနောကောင်းတစ်ဦး ဖြစ်သည်။ အဘွား ဂုဏ်သိက္ခာကင်းမဲ့အောင် ဘယ်တော့မှမလုပ်"

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ဘဝတွင် ဘယ်တော့မှ မမေ့နိုင်သည့် နေ့တစ်နေ့နှင့်ကြုံခဲ့သည်။ ထိုနေ့တွင် အဘွားး၏ယောက်ျား ဆင်ဖြူရယ်လက်ကီးသည် အလုပ်ရုံထဲ၌ လျှောက်လာနေခိုက် ပစ္စည်းအတင်အချ လုပ်နေသော ကရိန်းဆီမှ တစ်တန်ခန့်လေးသော သံမဏိတုံးကြီးတစ်တုံး ခေါင်းပေါ်သို့ ကျလာသည်။ နေရာမှာပင် ပွဲချင်းပြီး သေခဲ့ရ၏။

လုပ်ငန်းပိုင်ရှင် မာရှယ်ဘရားသား ကုမ္ပဏီကလည်း ထောက်ထားညှာတာမှုရှိခဲ့သည်။ သူ့ယောက်ျား၏ ပင်စင်ကို ရာသက်ပန် ခံစားခွင့်ပြုခဲ့သည်။ ထို့ကြောင့်လည်း အဘွားသည် မည်သူ့ကိုမှ မမှီခိုဘဲ လွတ်လပ်စွာ နေခဲ့ရသည်။ သူ့အစားအသောက်နှင့် အခန်းခကို မှန်မှန်ပေးကာ ဂုဏ်သိက္ခာရှိရှိ နေထိုင်ခဲ့ရသည်။

ထိုနေ့ မွန်းလွဲပိုင်းလေးနာရီထိုးချိန်တွင် အဘွားက ကျွန်တော့်အား မျက်နှာသစ်ခိုင်းသည်။ ခြေတွေလက်တွေ ဆေးခိုင်းသည်။ နောက်နာရီဝက်ခန့်အကြာတွင် အဘွားနှင့် ကျွန်တော်သည် ဒရမ်းဘတ်ရွာသို့ ထွက်လာခဲ့ကြသည်။

ယခုအချိန်တွင်မူ အဘွား၏ စည်းစနစ်ကြီးခြင်းနှင့် ဘာသာတရားကိုင်းရှိုင်းခြင်းတို့သည် ကျွန်တော့်အပေါ် ဩဇာညောင်းလျက် ရှိသည်။ အဘွား၏ မျက်နှာသာပေးမှုကို ရယူလိုသော ကျွန်တော်သည် သူ့အမူအရာများကိုကြည့်၍ သူလုပ်သလို လိုက်လုပ်နေမိသည်။ အဘွား၏ ဘေးမှကပ်၍ လိုက်သွားနေခိုက်တွင် အဘွားကဲ့သို့ မျက်နှာကို ခပ်ခံ့ခံ့ ခပ်တည်တည် လုပ်ထားမိသည်။ အဘွားကျတော့လည်း ပြောင်မည့် လှောင်မည့်သူ မရှိ။ အော်မည့်ဟစ်မည့်သူ မရှိ။

မြင်းစားခွက်နှင့် ပန်းပဲဖိုကြားရှိ အချိုယမကာဆိုင်ဘက်သို့ နီးကပ်လာသောအခါ အဘွားက ကျွန်တော့်အား လှည့်ကြည့်သည်။ "ငါ့မြေးကို အဘွား ပြောထားတာ မမေ့နဲ့နော်" ဟု သတိပေးသည်။

"ငါ့မြေး လိမ်လိမ်မာမာနေ၊ အပြောအဆို မရိုင်းစေနဲ့။ အဲ့ဒီဆိုင်ရှင် မစ္စမင်းစ်က အဘွားရဲ့သူငယ်ချင်းကွဲ့။ မင်း လက်ဖက်ရည်သောက်ရင် အသံမမြည်စေနဲ့နော်။ မင့်ကို စကားပြောရင်လည်း ပြန်ပြောကြားလား"

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်သည် မစ္စမင်းစ်၏ဆိုင်ရှေ့မှ မကြာခဏ ဖြတ်သွားဖြတ်လာ လုပ်ခဲ့ဖူးပါသည်။ သို့သော်လည်း သူ့ဆိုင်ထဲတွင်ဝင်၍ သူ့ဧည့်သည်အဖြစ် ထိုင်ဖို့ဆိုသည်မှာ အိပ်မက်ပင် မမက်ဖူးခဲ့ပါ။

အဘွားသည် ဆိုင်တံခါးကို တွန်းဖွင့်ကာ အတွင်းသို့ ဝင်သွားသည်။ ကျွန်တော်က သူ့နောက်မှကပ်၍ လိုက်သွားခဲ့ပါသည်။ ဆိုင်ထဲတွင် ပူရှိန်းပြားနံ့များ၊ ချိုချဉ်မျိုးစုံအနံ့များ၊ ဆပ်ပြာမွှေးနံ့များက သင်းသင်းပျံ့လျက်ရှိပါသည်။ မစ္စမင်းစ်သည် အရုပ်ပုပု၊ ပိန်ပိန်ပါးပါး၊ ခါးကိုင်းကိုင်း မျက်မှန်နှင့်ဖြစ်သည်။ ကျွန်တော်တို့ ဝင်သွားချိန်တွင် မစ္စမင်းစ်သည် ကောင်တာနောက်တွင်ထိုင်၍ ဇာထိုးလျက်ရှိ၏။ မစ္စမင်းစ်သည် အဘွားကို မြင်လိုက်သည့်အခါများစွာ အံ့အားသင့်သွားသည်။ တစ်ခွန်းမျှ ဝမ်းသာအားရအော်လိုက်သည်။

"အမယ်လေးတော်… ကျွန်မက ပြန်မလာပါမလားလို့ ထင်တာ"

"ဘာလို့ ပြန်မလာရမှာလဲ မင်းစ်ရယ်"ဟု အဘွားက ပြန်ပြောသည်။ အဘွားသည် သူ့မိတ်ဆွေအား ဖက်လဲတကင်း ပြန်၍ နှုတ်ဆက်သည်။ မစ္စမင်းစ်က လှိုက်လှိုက်လှဲလှဲ ပြောနေသမျှ စကားများကို ဝမ်းသာကြည်နူးခြင်း ဖြစ်နေသည့် မျက်နှာထားဖြင့် နားထောင်သည်။

မစ္စမင်းစ်သည် ကျွန်တော်တို့အား ဆိုင်နောက်ဘက်ရှိ အခန်းထဲသို့ ခေါ်သွားသည်။ စားပွဲတစ်လုံးတွင် လက်ဖက်ရည်ပွဲပြင်ပေးသည်။ လက်ဖက်ရည်ကို သူကိုယ်တိုင် ထည့်ပေးသည်။ အဘွား ခရီးထွက်နေခိုက် ဖြစ်ခဲ့ပျက်ခဲ့သမျှ သတင်းအဖျင်းများကို အားပါးတရ ပြောပြနေသည်။ ဘယ်သူတွေ ကလေးမွေးကြ၍ ဘယ်သူတွေ သေကြသည် စသောအကြောင်းများလည်း ပါသည်။ ထို့နောက် နှစ်ယောက်စလုံး မောသွားကြသည့်နှယ် ငြိမ်ဆိတ်နေကြသည်။ ကျွန်တော့်အား ထူးဆန်းသော မျက်နှာထားဖြင့် ကြည့်နေကြသည်။

"လူချောလေးတစ်ယောက်ပဲ" ဟု မစ္စမင်းစ်က မှတ်ချက်ချသည်။ "ကိတ်မုန့်တစ်ချပ် စားဦးလေ၊ ဒီမုန့်က အားရှိတယ်ကွဲ့"

အခုလို ဂရုတစိုက် ပြုလာသည့်အခါ ကျွန်တော် များစွာ ဝမ်းသာမိသည်။ စောစောကလည်း သူသည် ဘီစကွတ်မုန့်တစ်ပန်းကန် ချကျွေး

mgyoe.com

mgyoe.com

ပြီးပြီ။ ပြီးတော့ စားပွဲနှင့်မမီသဖြင့် ကျွန်တော့်ဖင်အောက်တွင် ကုရှင်တစ်ခုယူ၍ ခံပေးထားခဲ့သည်။ ကျွန်တော် လက်ဖက်ရည် မသောက်ဘဲနေသည်ကို မြင်သည့်အခါ လိမ္မော်ရည်တစ်ပုလင်း ယူလာပြီး ချပေးသည်။

"ကဲ...ကလေးရယ်၊ တို့ကို မင်း ဘယ်လိုနေထိုင်ခဲ့ရတယ်ဆိုတာ ပြောပြစမ်းပါဦး၊ မင်း ဒီကိုရောက်ကတည်းက မင့်အဘိုးနဲ့ နေခဲ့ရတယ် မဟုတ်လား" ဟု ပြောသည်။

"ဟုတ်တယ်ခင်ဗျ၊ ကျွန်တော် တစ်ချိန်လုံး အဘိုးနဲ့နေခဲ့တာ"

အဘွားကြီးနှစ်ယောက်သည် မျက်စိမျက်နှာပျက်ဖြင့် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ကြည့်နေကြသည်။

"မင့်အဘိုးနဲ့ မင်း ဘာတွေလုပ်နေသလဲ"

"အို... လုပ်တာတွေကတော့ အများကြီးပဲ"ဟု ကျွန်တော်က ပြောသည်။ "မစ္စတာဘိုအတ်နဲ့ ဘောလုံးတိုင်ပစ် ကစားတယ်။ ဖူးလူးတွေလိုက်ရှာတယ်။ ဒယ်ရင်မဲလ် စိုက်ပျိုးခြံကိုသွားပြီး သစ်သီးတွေခိုးတယ်။ ဘိုးဘိုးက ကျွန်တော့်ကို ခြံစည်းရိုးတိုးပြီး ဝင်ခိုင်းတာ"

အဘွားကြီးနှစ်ယောက် စိတ်ဝင်တစား နားထောင်နေသည်ကို ကြည့်၍ ဝမ်းသာနေသော ကျွန်တော်သည် အဘိုးနှင့် လုပ်ခဲ့သမျှများကို တစ်ခုမကျန် ပြောပြသည်။ ဒရမ်းဘတ်အမ်းစ် စားသောက်ဆိုင်၌ သောက်ခဲ့ စားခဲ့သည်များကိုပါမချန် ပြောပြမိသည်။

တစ်ခဏ ငြိမ်ဆိတ်နေကြသည်။ အဘွားသည် ကျွန်တော့်အား ကရုဏာသက်သည့် မျက်နှာထားဖြင့်ကြည့်နေသည်။ ထို့နောက် ကျွန်တော့်ဘဝ၏အဆိုးဆုံးသောအပိုင်းများကို သိလိုဟန်တူ၏။ ကျွန်တော် ဒပ်ဘလင်မြို့၌ နေခဲ့ရစဉ်က အကြောင်းများကို မေးသည်။ ကျွန်တော်ကလည်း စိတ်အနှောင့်အယှက်ကင်းစွာဖြင့် ကျွန်တော် ကြုံခဲ့ရသမျှကို အဘွားအား ပြောပြပါသည်။

ကျွန်တော့်ဇာတ်လမ်းကို အဆုံးသတ်လိုက်သည့်အခါ အဘွားကြီးနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငြိမ်ဆိမ်နေကြသည်။

"ကြားခဲ့ပြီ မဟုတ်လား" ဟု မစ္စမင်းစ်က ပြောသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ရှင် ဘာလုပ်သင့်တယ်ဆိုတာ ခန့်မှန်းလို့ ရလောက်ပါတယ်"

အဘွားက တည်ငြိမ်လေးနက်သော မျက်နှာထားဖြင့် ကျွန်တော့်အား ကြည့်သည်။ "ငါ့မြေး တစ်မိနစ်၊ နှစ်မိနစ်လောက် အပြင်သွားပြီး ကစားချေ။ မစ္စမင်းစ်နဲ့ အဘွား စကားပြောစရာရှိနေလို့နော်" ဟု ပြောသည်။

ကျွန်တော်သည် မစ္စမင်းစ်အား နှုတ်ဆက်ပြီး ဆိုင်တံခါးဝသို့ လျှောက်လာခဲ့သည်။ အပြင်ဘက် မြင်းစားခွက်အနီးမှ အဘွား ရောက်အလာကို စောင့်နေပါသည်။ မကြာခင် အဘွား ရောက်လာသည်။ အပြန်လမ်းတွင်မူ အဘွားသည် နှုတ်ဆိတ်လျက် ရှိသည်။ သနားကြင်နာသောစိတ်ဖြင့် ကျွန်တော့်လက်ကို ကိုင်လာသော်လည်း စကားတစ်ခွန်းမျှမပြော။ အိမ်ရောက်သော်လည်း ကျွန်တော့်အား သူ့အခန်းထဲသို့ တောက်လျှောက်ခေါ်သွားသည်။ အခန်းထဲရောက်လျှင်ရောက်ချင်း ခေါင်းမှဦးထုပ်ကို ချွတ်လိုက်ပြီး ကျွန်တော့်အား လှမ်းပြောသည်။

"ငါ့မြေး ရောဘတ်၊ ဘွားဘွားနဲ့အတူ ဘုရားရှိခိုးရအောင်"

"ဟုတ်ကဲ့ ဘွားဘွား" ဟု ကျွန်တော်က အလိုက်သင့် ပြန်ပြောသည်။

အဘွားက ကျွန်တော့်အား ကြမ်းပေါ်တွင် ဒူးထောက်ထိုင်ခိုင်းသည်။ သူကိုယ်တိုင်လည်း အဆမတန် လေးလံလှသော ကိုယ်ခန္ဓာကို ခဲယဉ်းပင်ပန်းစွာ လှုပ်ရှားပြီး ဒူးနှစ်ဖက်ထောက်၍ ထိုင်ချလိုက်သည်။ သူသည် ကျွန်တော့်ဘဝ ကောင်းမွန်လာရေးအတွက် ယုံကြည်မှုအပြည့်ဖြင့် ဘုရားသခင်ထံ ဆုတောင်းသမှုပြုသည်။

ကျွန်တော်သည် အဘွား၏ လှိုက်လှိုက်လှဲလှဲ ဆုတောင်းနေပုံကို ကြည့်ကာ စိတ်ထိခိုက်ရပါသည်။ ကျွန်တော့်မျက်လုံးအစုံတွင် မျက်ရည်များဖြင့်ပြည့်လာသည်။ အဘွားသည် ဒုစရိုက်သမားတစ်ဦးမျှသာဖြစ်သော ကျွန်တော့်အား ခွင့်လွှတ်ဖို့၊ ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးဖို့ ဆုတောင်းနေခြင်းဖြစ်၏။ ဆုတောင်းအပြီးတွင် သူသည် ထိုင်ရာမှထကာ ကျွန်တော့်အား ပြုံး၍ ကြည့်သည်။ ပြီးတော့ မီးများကို ဖွင့်လိုက်ပါသည်။

"မင်း ဝတ်ထားတဲ့ ဝတ်စုံက အတော်ကို ဟောင်းနေပြီ ရောဘတ်၊ ဒီဝတ်စုံကို ဆက်ဝတ်နေရင် ရှက်စရာ ဖြစ်တော့မယ်။ မင်း အကယ်ဒမီကျောင်းတက်ရင် ဟခြားကျောင်းသူ၊ ကျောင်းသားတွေက ဘာပြောကြမလဲ"

mgyoe.com

SAMPLE BOOK

အဘွားသည် ကျွန်တော့်အား သူ့နားသို့ဆွဲခေါ်ပြီး ကျွန်တော့်ဝတ်စုံမှ ရှိနေပွန်းနေသည့် နေရာများကို ညွှန်ပြသည်။

"မနက်ဖြန်ကျရင်တော့ ဘွားဘွား စက်နဲ့ချုပ်ပေးမှ ဖြစ်တော့မယ်။ ဟိုစားပွဲအံဆွဲထဲက ပေကြိုးယူပေးစမ်း"

ကျွန်တော်က ငြိမ်သက်စွာ ရပ်နေသည်။ အဘွားသည် သူ့ပေကြိုးဖြင့် တစ်ကိုယ်လုံးကို တိုင်းလိုက် ခဲတံတစ်ချောင်းနှင့် စာရွက်တစ်ရွက်ပေါ်တွင် အတိုင်းအထွာများ ရေးမှတ်လိုက်နှင့် အလုပ်ရှုပ်လျက်ရှိ၏။ ထို့နောက် သူ့ဗီရိုကိုဖွင့်ကာ "ဘွားဘွားမှာ သက္ကလတ်ဂါဝန် အကောင်းစားတစ်ထည် ရှိတယ်ကွဲ့" ဟု ရေရွတ်သည်။

သူ့ဗီရိုထဲနှိုက်၍ ရှာနေခိုက်တွင် အပြင်မှ တံခါးခေါက်သံ ကြားရပါသည်။

"ရောဘတ်"

ကျွန်တော့်အဘိုး၏ အသံ။

"အိပ်ချိန်ရောက်နေပြီ"

ဗီရိုနားက အဘွားက ဖျတ်ခနဲ လှည့်ကြည့်သည်။

"ရောဘတ်ကို ဒီမှာသိပ်မယ်"

"သူ... ကျုပ်နဲ့ အိပ်နေတာဗျ"

"မအိပ်ရတော့ဘူး။ သူ... ကျွန်မနဲ့ အိပ်လိမ့်မယ်"

အပြင်မှ ငြိမ်သွားသည်။ ထို့နောက် အဘိုး၏အသံ ပြန်ပေါ်လာသည်။

"သူ့ညဝတ်အင်္ကျီက ကျုပ် အခန်းထဲမှာ"

"သူ့အတွက် ညဝတ်အင်္ကျီကို ကျွန်မ ပေးမယ်၊ ပူစရာမလိုဘူး"

နောက်တစ်ချီ ငြိမ်သွားပြန်သည်။ လက်မြှောက် အရှုံးပေးသွားသည့် ငြိမ်ဆိတ်ခြင်းမျိုး ဖြစ်ပါသည်။ အဘိုး၏ဖိနပ်သံ ကြားရသည်။ ပြန်လည်ဆုတ်ခွာသွားခြင်းပေတည်း။ ကျွန်တော့်ရင်ထဲတွင် စိုးရိမ်ထိတ်လန့်မှု ဝင်လာသည်။ အဘွားကတော့ အေးအေးဆေးဆေးအမူအရာဖြင့် သူလုပ်စရာရှိသည်များကို လုပ်သည်။ ကျွန်တော့် အဝတ်များကိုချွတ်၍ ရေဖတ်တိုက်ပေးသည်။ ဖလန်နယ် စကပ်တစ်ထည်ဖြင့် ကျွန်တော့် တစ်ကိုယ်လုံးကို လုံအောင်ပတ်ပေးပြီး အိပ်ရာပေါ်တင်သိပ်သည်။ သူသည် ကျွန်တော့်ဘေး၌ ဝင်ထိုင်ပြီး ကျွန်တော့်နဖူးကို တယုတယ သပ်ပေးသည်။

mgyoe.com

mgyoe.com

"ငါ့မြေးအဖြစ်က သနားစရာပဲ"ဟု ပြောကာ သက်ပြင်းတစ်ချက်ချသည်။ "ဘွားဘွားက မင်းကို လိမ္မာစေချင်တယ်။ ကိုယ့်ကိုယ်ကိုယ်သတိလည်း ထားစေချင်တယ်။ မင်းအဘိုးက ဘယ်စစ်ပွဲမှ တိုက်ခဲ့ဖူးတာမဟုတ်ဘူး။ သူ့ဘဝတစ်လျှောက်လုံး ဝင်တန်နယ်ရဲ့ အပြင်ဘက် မိုင်ငါးဆယ်ထက် ကျော်ပြီး ခရီးသွားဖူးတဲ့သူ မဟုတ်ဘူးကွဲ့"

အဘွား ဘာတွေပြောနေတာလဲဟု တွေးကာ ထိတ်လန့်အံ့သြခြင်းဖြစ်ရသည်။ သူ့စကားကိုလည်း ကျွန်တော် မယုံနိုင်ပါ။

"ဘွားဘွားက ဘယ်သူ့အကြောင်းမှ မကောင်းမပြောချင်ပါဘူးမြေးရယ်"ဟု အဘွားက ဆက်ပြောသည်။ "ဒါပေမဲ့ အခုကိစ္စက ငါ့မြေးရဲ့အနာဂတ်ဘဝကိုပါ ထိခိုက်သွားမှာစိုးလို့ တာဝန်တစ်ခုအနေနဲ့ သဘောထားပြီး ဘွားဘွားက အမှန်အတိုင်း ပြောပြရတာ"

ကျွန်တော်ကတော့ အဘွား ပြောနေသမျှကို မယုံကြည်ပါ။ သူ့စကားများကို နားထောင်လိုစိတ်လည်း မရှိပါ။ သို့သော်လည်း သူ့အသံကိုအဆက်မပြတ် ကြားနေရပါသည်။

"မင်းအဘိုးက သူ ဘာတွေပဲလုပ်လုပ် မအောင်မြင်ခဲ့တဲ့ လူတစ်ယောက်ကွဲ့။ ဘယ်တော့မဆို အရှုံးနဲ့ချည်းရင်ဆိုင်လာခဲ့ရတာ။ ယစ်မျိုးဌာနက ကုန်ပစ္စည်းဂိုဒေါင်မှာ အလုပ် လုပ်ခဲ့ဖူးတယ်။ နေရထိုင်ရတာချို့ချို့တဲ့တဲ့ပဲ။ နောက်ဆုံး သူ့မိန်းမသေတော့ အရက်စွဲတာပဲ။ သူ့မျက်နှာကို ငါ့မြေးကြည့်ပါလား။ သူ့နှာခေါင်းကိုကြည့်ရင် သိသာနေတာပဲ။ သူ့အပေါင်းအသင်းတွေကော သူ့နဲ့ ဘာမှမထူးဘူး။ လက်ထဲမှာ တစ်ပြားတစ်ချပ်မှ မကျန်အောင် မွဲမွဲသွားတာ သုံးကြိမ်သုံးခါတောင်ရှိပြီ။ ဒစ်ကီဆိုတဲ့လူကော ဘာထူးလဲ။ ခြေတစ်ဖက်က ဆင်းရဲသားဂေဟာဘက် လှမ်းနေရတာ။ မင်းအဘိုးမှာ ပိုက်ဆံတစ်ပြားမှရှိတာ မဟုတ်ဘူး။ ဘွားဘွားရဲ့သားလုပ်စာကို မှီစားနေရတာ"

"မဟုတ်ဘူး..., မဟုတ်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး" ဟု ကျွန်တော်ကအော်ပြောကာ နားများကို ပိတ်ထားမိသည်။

"မင်း အမှန်ကို သိထားရမယ်... ရောဘတ်" ဟု အဘွားက ထပ်

mgyoe.com

 SAMPLE BOOK 

ပြောသည်။ "သူဟာ မင်းနဲ့သင့်တော်တဲ့လူ မဟုတ်ဘူး။ မငိုနဲ့ ငါ့မြေး၊ ဘွားဘွားက မင်းကို စောင့်ရှောက်သွားပါ့မယ်။ စိတ်မပူပါနဲ့"

အဘွားသည် ကျွန်တော် အငိုတိတ်သွားချိန်အထိ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေသည်။ ကျွန်တော် တည်တည်ငြိမ်ငြိမ် ဖြစ်သွားသည့်အခါ ထိုင်ရာမှ ထရပ်သည်။ သူလည်း ပင်ပန်းလှပြီဖြစ်၍ အိပ်တော့မည်ဟု ပြောသည်။

"စောစောအိပ်တော့၊ အိပ်ရာက စောစောနိုးမယ်၊ စောစောနိုးတော့ ကျန်းမာမယ်၊ ကျန်းမာတော့ ချမ်းသာမယ်၊ ပညာရှိဖြစ်မယ်" ဟု ရေရွတ်ကာ အဝတ်လဲနေပါသည်။

အဝတ်လဲပြီးသည့်အခါ သူ့ ဘယ်ဘက်လက်ဖြင့် သွားတုများကိုဖြုတ်ကာ အိပ်ရာဘေးရှိ စားပွဲတစ်လုံးပေါ်မှ ရေဇလုံထဲသို့ ထည့်လိုက်သည်။

"ရောဘတ်... နံရံဘက်ကို စောင်းလိုက်စမ်း"

ကျွန်တော်က သူခိုင်းသည့်အတိုင်း နံရံဘက်သို့စောင်း၍ အိပ်လိုက်သည်။ ချိုးချိုးချွတ်ချွတ်အသံများ ပို၍ ကြားလာရသည်။ ထို့နောက် မီးခလုတ်ပိတ်သံ၊ အခန်းထဲတွင် အလင်းရောင်ပျောက်သွားသည်။ အဘွားသည် ကျွန်တော့်ဘေးသို့ ရောက်လာသည်။ အဘွားသည် အဘိုးလို အအိပ်ဆိုးသူမဟုတ်။ အိပ်ပုံညင်သာသည်။ သို့သော်လည်း ခြေထောက်များက အလွန်အေးစက်နေသည်ကို ကျွန်တော် သတိထားမိပါသည်။

အမှောင်ထဲ၌ လဲလျောင်းနေသော ကျွန်တော်သည် စားပွဲပေါ်မှ အဘွား၏သွားတုများကို မြင်နေရသည်။ အသေအချာ ကြည့်နေမိသည်။ သွားတုများသည် အပေါ်သွား၊ အောက်သွား နှစ်ထပ်ဖြစ်သည်။ အဘိုးတွင် ဤသွားတုမျိုး မရှိ။ ရုတ်တရက် အဘိုးအား တမ်းတသောစိတ်ဝင်လာသည်။ အဘိုးအနေဖြင့် မည်မျှလောက်အထိ ဆိုးစေကာမူ ကျွန်တော် သူ့ဘေး၌ လဲလျောင်းနေချင်သော ဆန္ဒသည် ပြင်းပြစွာ ဖြစ်ပေါ်လျက် ရှိပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

အကယ်ဒမီကျောင်း အဆောက်အအုံများသည် အိုမင်းရင့်ရော်လှပြီ။ အရောင်အဆင်းသည် ဖြူရော်ရော် မွဲခြောက်ခြောက်နှင့် သစ်လွင်တောက်ပနေခြင်း ကင်းမဲ့နေကြသည်။ ရှည်ရှည်မျောမျော စင်္ကြံလမ်းများသည် စိုစွတ် ထိုင်းမှိုင်းလှသော်လည်း စာသင်ခန်းများကတော့ နွေးနွေးထွေးထွေး ရှိသည်။ လေးထောင့်စပ်စပ် ကျောင်းဝင်းအတွင်းရှိ နာရီစင်သည် မားမားမတ်မတ်နှင့် ခံ့ညားထည်ဝါသောအသွင်ကို ဆောင်လျက် ရှိနေဆဲပင်ဖြစ်သည်။ စာသင်ခန်းတိုင်းတွင် မြေဖြူနံ့များ ထောင်းထောင်းထနေသော်လည်း လင်းလင်းကျင်းကျင်းတော့ ရှိသည်။ တိုက်လမ်းထဲ၌ အကယ်ဒမီကျောင်း တည်ရှိလာခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီ။ ကျောင်းအဝင် အမိုးခုံးခုံးသည် မှုန်ကုပ်ကုပ်နှင့် မှောင်မည်းမည်းနိုင်လှချေသည်။

အကယ်ဒမီကျောင်းတက်ရမည့်မနက်က ကျွန်တော်သည် အိပ်ရာမှ စောစောစီးစီးနိုးသည်။ ကြောက်လန့်ခြင်းနှင့် စိတ်လှုပ်ရှားခြင်းများသည် ကျွန်တော့်အား ဖိစီးလျက်ရှိပါသည်။ အဘွားက ကျွန်တော့်အတွက် ဝတ်စုံသစ် ချုပ်ထားပြီးပြီဟု ပြောသည်။

ကျွန်တော် မျှော်တလင့်လင့်ဖြစ်နေခဲ့ရသော ဝတ်စုံအသစ်ကို မြင်လိုက်ရသည့်အခါတွင်မူ ထိတ်လန့်တကြား ဖြစ်ရသည်။ အဘွားအား ဘာပြန်ပြောရမှန်းမသိ ဖြစ်ရပါသည်။ ဝတ်စုံအရောင်သည် အစိမ်းရောင်ဖြစ်၏။ အစိမ်းပုပ်ရောင် မဟုတ်ပါ။ တောက်ပလွန်းအားကြီးသည့် သံလွင်ရောင်

mgyoe.com

ဖြစ်ပါသည်။ ဝတ်စုံကို အဘွားချုပ်နေစဉ်က ကျွန်တော် မြင်ခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော်သည် အစိမ်းရောင်စကို အတွင်းခံလုပ်လိမ့်မည်ဟု ထင်ခဲ့မိပါသည်။

"ငါ့မြေး ဝတ်ကြည့်စမ်း" ဟု အဘွားက ပြောသည်။

ဂျက်ကက်အင်္ကျီသည် ကြီးလွန်းလှ၏။ ဖားဖားရားရားနှင့် ပွရောင်းရောင်းနိုင်လွန်းလှသဖြင့် ကျွန်တော့်တစ်ကိုယ်လုံး ဝါးမျိုခံထားရသည့်နှယ်ဖြစ်နေသည်။ ဘောင်းဘီကလည်း ရှည်လွန်းလှသဖြင့် ဒူးအောက်ရောက်နေသည်။

"လှသကွယ်၊ သိပ်ကိုလှတာပဲ"

အဘွားသည် ကျွန်တော့်အား ဟိုဘက်ကြည့်လိုက် သည်ဘက်ကြည့်လိုက်လုပ်ကာ ကြည့်မဝ ဖြစ်နေသည်။

"ကောင်းတယ်ဟော့... ငါ့မြေးနဲ့ အတော်ပဲကွဲ့ သိလား။ ဘွားဘွားက မင်း ထွားလာဦးမှာမို့ ခပ်ပွပွချုပ်ထားတာ"

"ဒါပေမဲ့ အရောင်ကြီးက ဘယ်လိုမှန်း မသိဘူး" ဟု ကျွန်တော်က ခပ်တွန့်တွန့်လေသံဖြင့် ရေရွတ်မိပါသည်။

"အရောင်က ဘာဖြစ်လို့လဲ ရောဘတ်ရဲ့" ဟု အဘွားက မေးသည်။

"ဘာလဲ မင်း မကြိုက်ဘူးလား။ အရောင်ကောင်းပါတယ်။ အစက အကောင်းစားကွဲ့ အရောင်မလွင့်ပါဘူး"

ကျွန်တော် ဘာပြောရမှန်းမသိ အခက်ကြုံလျက် ရှိရပါသည်။ အင်္ကျီလက်မောင်းကို ငုံ့ကြည့်မိသည်။ အစပေါ်တွင် အစင်းကလေးတွေ့ပါသည်။ နှင်းဆီပန်းကလေးများ အကွက်ဖော်ထားခြင်း ဖြစ်သည်။ အဘွား၏ အတွင်းခံဂါဝန်အနေဖြင့်ကတော့ အလွန်လှသော အစတစ်စဖြစ်သည်။

ကျွန်တော့်လို ယောကျ်ားလေးတစ်ယောက်အတွက်ကတော့...။

"ဘွားဘွား ကျွန်တော် ဒီမနက်တော့ ဝတ်စုံအဟောင်းပဲ ဝတ်သွားပါရစေ"

"အဓိပ္ပာယ်မရှိတာ မလုပ်ချင်စမ်းပါနဲ့ ငါ့မြေးရယ်"

အဘွားသည် သူ့လက်ဖြင့် ဖန်တီးထားသော ဝတ်စုံပေါ်တွင် ချီးကျူး၍မဆုံး၊ ဂုဏ်ယူ၍မဆုံး။ ထို့ကြောင့်လည်း ကျွန်တော်သည် ဝတ်စုံ

mgyoe.com

mgyoe.com


သစ်ကိုဝတ်၍ ထွက်လာခဲ့ရသည်။ လေ့ကားအဆင်းတွင် ကျွန်တော်သည် မာဒိုးနှင့် ဆုံမိသည်။ ကျွန်တော့်အဆင်အပြင်ကို ကြည့်၍ မာဒိုးက အထိတ်တလန့် ဖြစ်လေဟန်ပြုသည်။ သူ့မျက်လုံးများကို လက်ဖြင့်အုပ်ကာ လေ့ကားတိုင်ကိုမှီ၍ "အမယ်လေး.... ကြောက်စရာကြီး၊ လာနေပြီ၊ လာနေပြီ" ဟု ရေရွတ်ပါသည်။

မီးဖိုထဲတွင် မာမာနှင့် ဆုံမိသည်။ မာမာသည် ကျွန်တော့်အား သနားကရုဏာသက်ဟန်ဖြင့် တစ်ချက်မျှ လှမ်းကြည့်ပြီး ဆန်ပြုတ်တစ်ခွက် ဆီး၍ပေးသည်။ သူ့မျက်နှာထားကို ကြည့်ပြီး ကျွန်တော် စိတ်အားပို၍ ငယ်ရပါသည်။

ကျွန်တော်သည် အေးမြသော နံနက်ခင်း၏ အလင်းရောင်အောက်သို့ ရောက်လာခဲ့သည်။ လူအများက ကျွန်တော့်အား လှည့်ကြည့်ကြသည်။ ရှက်စိတ်နှင့်ကြောက်စိတ်ကြောင့် ကျွန်တော် သူတို့အား ပြန်၍မကြည့်ခံ။ လမ်းမကြီးအပေါ်အတိုင်းလည်း ကျွန်တော် မလျှောက်ရဲ။ လမ်းကြိုလမ်းကြားအတိုင်း ကွေ့ပတ်ပြီး လျှောက်လာခဲ့သည်။ လမ်းမကြီးအတိုင်း မလျှောက်သဖြင့် ခရီးက ပို၍ဝေးကာ အချိန်တွေ ပိုကုန်ရသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျောင်းသို့ အချိန်နောက်ကျပြီးမှ ရောက်သွားပါသည်။

ရောက်ပြန်တော့လည်း ကျွန်တော့်အတန်းကို လွယ်လင့်တကူ ရှာမတွေ့ပါ။ စာသင်ခန်းများ၏ အပြင်ပတ်ပတ်လည်ရှိ စင်္ကြံလမ်းများပေါ်တွင် တလည်လည် ဖြစ်လျက်ရှိသည်။ အချိန်အတော်ကုန်ပြီးခါမှပင် ဒုတိယတန်းကို ကျွန်တော် တွေ့ရပါသည်။ ဤအတန်းမှာ ကိတ်က ကျွန်တော်နှင့် အသင့်တော်ဆုံးဟု သတ်မှတ်ပြီး ရွေးပေးထားသောအတန်း ဖြစ်ပါသည်။

ကျွန်တော် အတန်းထဲ ဝင်သွားချိန်တွင် အတန်းနှစ်တန်း ပေါင်း၍ စာသင်နေချိန် ဖြစ်သည်။ ပထမသင်ခန်းစာ ပို့ချပြီးစဖြစ်၍ အတန်းဆရာဒိလ်ဂလေးသည် သူ့စားပွဲခုံ ထိုင်၍ နားလျက်ရှိသည်။ ကျွန်တော်သည် ခုံလွတ်ကလေးတစ်ခုတွင် အသာကလေး ဝင်ထိုင်ရန် အားထုတ်သည်။ သို့သော်လည်း ဆရာက လက်ပြ၍ တားထားသဖြင့် အခန်းအလယ်တွင် ရပ်လိုက်ရပါသည်။

mgyoe.com

m.gyoe.com SAMPLE BOOK


ကျွန်တော် နောက်ပိုင်း ဆက်ဆံတွေ့ရှိရသမျှ ဆိုပါက ဤဆရာသည် ကျောင်းသူ ကျောင်းသားများအပေါ် အမြဲတစေ နိုင်လိုမင်းထက် ပြုတတ်သူတစ်ဦးမဟုတ်ပါ။ အထူးသဖြင့် သူသိထားတတ်ထားသမျှကိုကျွန်တော်တို့အား ဝေငှပေးသည့်အခါများတွင် အလွန် သဘောကောင်းပြီး ရက်ရောသူတစ်ဦး ဖြစ်ပါသည်။ သို့သော်လည်း သူ့တွင် မကောင်းဆိုးဝါးတစ်ကောင် ပူးကပ်ခြင်း ခံနေရသလို ဖြစ်လာရသည့် အချိန်အခါများလည်း ရှိတတ်သည်ဖြစ်ရာ ထိုအချိန်မျိုးတွင်မူ သူသည် ရက်ရက်စက်စက် ပြောဆိုပြုမူလေ့ ရှိပါသည်။

ယခုလည်း သူသည် နှုတ်ခမ်းထောင့်တစ်ဖက်မှ နှုတ်ခမ်းမွေးများကို ကိုက်ဝါးကာ ကျွန်တော့်အား စူးစူးရဲရဲ ကြည့်နေသည်။ ကျွန်တော်ကလည်း တုန်လှုပ်ချောက်ချားသော စိတ်ဖြင့် သူ့အား ပြန်၍ကြည့်နေမိသည်။ သူ့မျက်နှာထားကို မြင်ရုံမျှဖြင့် အခြေမလှသည့်အဖြစ်ကို ကျွန်တော် ရိပ်မိနေပါသည်။

ကျွန်တော်ကတော့ ကျောင်းနောက်ကျသည့်အတွက် ဆူပူကြိမ်းမောင်းခြင်း (သို့မဟုတ်) အပြစ်ပေးခြင်း ခံရလိမ့်မည်ဟု မျှော်လင့်ထားပါသည်။ သို့သော်လည်း သူသည် ကျွန်တော့်အား အပြစ်တင်ခြင်းမပြု။ ဆူလား ပူလား အော်လား ဟစ်လားလည်း မလုပ်။ သူသည် စားပွဲမှထလာပြီး ကျွန်တော့်အား ပတ်ချာလှည့်၍ လမ်းသလားနေသည်။ ခေါင်းကို ခပ်ငဲ့ငဲ့ကလေးစောင်းကာ ကျွန်တော့်အား အသေအချာ ကြည့်သည်။ တစ်တန်းလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိပါသည်။ နောက်ဆုံးတွင် သူ့ထံမှ စကားပြောသံ ကြားရသည်။

"ငါတို့အတန်းမှာ ကျောင်းသားသစ်တစ်ယောက် ရောက်လာပြီ။ တို့အနေနဲ့ ထူးဆန်းတဲ့ ဝတ်စုံအသစ်တစ်စုံကို မြင်ကြရပြီ။ အံ့ဖွယ်သရဲထူးကဲတဲ့ခေတ်ကြီးဟာ မကုန်ဆုံးသေးပါလားကွယ်တို့"

ကျောင်းသူ ကျောင်းသားများထံမှ ကျိတ်၍ ရယ်သံများ ထွက်ပေါ်လာသည်။ ကျွန်တော်ကတော့ မလှုပ်ဝံ့ပါ။ အသာကလေး ငြိမ်နေရပါသည်။

"ဒီဘက်ကို ကြွတော်မူပါခင်ဗျာ၊ ကျွန်တော်တို့ကို ဒီလိုကြီး ရပ်ကြည့် မနေပါနဲ့။ လူကြီးမင်း ဒီဝတ်စုံကို ဘယ်ကဝယ်ပါသလဲ၊ ဟိုက်လမ်း

m.gyoe.com

mgyoe.com SAMPLE BOOK


က မှစ်ကား စတိုးဆိုင်ကလား။ ဒါမှမဟုတ် သမဝါယမ စတိုးဆိုင်က လား"

တစ်မျက်နှာလုံး ဖြူရော်ရော်ဖြစ်နေသော ကျွန်တော်က မပွင့်တပွင့် လေသံဖြင့် "ကျွန်တော့်အဘွား ချုပ်ပေးတာပါခင်ဗျာ" ဟု ဖြေပါသည်။

အတန်းသားများ၏ ဝါးခနဲရယ်သံများ ကြားရပါသည်။ မစ္စတာဒိလ် ဂလေးကတော့ နီရဲသော မျက်လုံးအစုံဖြင့် ကျွန်တော့်အား စေ့စေ့စပ်စပ် ကြည့်ကာ ဗိုင်းကြီးပတ်ပတ်ဒူဝေဝေ လုပ်လျက်ပင် ရှိပါသည်။

"အရောင်ကလည်း အလွန်ထူးခြားတဲ့ အရောင်ပဲပေါ့၊ ဒါပေမဲ့ မင်းနဲ့တော့ အလိုက်သားကွ သိလား။ ကြည့်ရတဲ့ပုံကတော့ မင်းဟာ အိုင် ယာလန်နိုင်ငံမျိုးနွယ်စုက ပေါက်ဖွားလာတဲ့ လူတစ်ယောက်နဲ့ တူပါတယ်"

အတန်းထဲတွင် ရယ်သံများ ပေါ်လာပြန်သည်။ တဝါးဝါး တဟား ဟား ရယ်နေကြသူများထဲတွင် နှစ်ဦးကတော့ ရယ်ဖို့နေနေသာသာ ပြုံးပင် မပြုံးကြ။ ထိုနှစ်ဦးမှာ တခြားလူများမဟုတ်။ ဂေဗင်ဘလဲယားနှင့် အေလီ ဆန်ကိတ်တို့ ဖြစ်သည်။ ရှေ့ဆုံးတန်းတွင် ထိုင်နေသော ဂေဗင်ဘလဲယား သည် ဆရာအား မကျေနပ်သော မျက်နှာထားနှင့် လှမ်းကြည့်နေသည်။ အေလီဆန်ကိတ်ကတော့ စိတ်မကောင်းဖြစ်နေသည့် မျက်လုံးအစုံဖြင့် ကျွန်တော့်အား ကြည့်နေသည်။

"လူကြီးမင်းခင်ဗျား၊ ကျွန်တော်မေးတဲ့ မေးခွန်းကို ဖြေပါဦး။ လူကြီးမင်းဟာ စိန့်ပက်ထရစ်ရဲ့ တပည့်ပါလား"

"ကျွန်တော် မသိဘူး"

"သူက မသိဘူးလို့ ပြောနေပါကလား" ဟု ပြောင်လှောင်သောလေ သံဖြင့်ပြောသည်။ အတန်းသားများက ဟားတိုက်၍ ရယ်ကြပြန်သည်။ ရယ်သံမစဲဘဲ ဖြစ်နေသည့်အခါ ဆရာက လှည့်ကြည့်သည်။ မျက်နှာ ထားတင်းတင်းဖြင့် ကြည့်သည်။ တစ်တန်းလုံး ငြိမ်ကျသွားသည်။ ထို့နောက် ကျွန်တော့်ဘက် လှည့်လာပါသည်။

"မင်း စိတ်ဝင်စားမလားတော့ မပြောတတ်ဘူး၊ ငါဟာ မင်းအမေကို စာသင်ပေးခဲ့တဲ့ကောင်ကွ သိလား။ ကဲ... သွား ဟောဟိုနေရာမှာထိုင်"

mgyoe.com

mgyoe.com SAMPLE BOOK


ရှက်စိတ်ကြောက်စိတ်ဖြင့် ကျွန်တော်သည် သူ ညွှန်ပြသောနေရာကို သွားထိုင်ပါသည်။

ဤအရှက်ခွဲမှုသည် ဤနေရာတွင် အဆုံးသတ်ပြီဟု ကျွန်တော် မျှော်လင့်မိပါသည်။ သို့သော်လည်း ကျွန်တော် မျှော်လင့်သလိုမဟုတ်ပါ။ ကစားကျောင်းဆင်းချိန်တွင် ကျောင်းသားများသည် ကျွန်တော့်အား အထူးအဆန်းတစ်ခုအဖြစ် သဘောထားကာ ဝိုင်းအုံလျက်ရှိကြပါသည်။ အားလုံးက ကျွန်တော့်အား အူကြောင်ကြောင်သတ္တဝါတစ်ကောင်အဖြစ် သဘောထားကာ ပြောင်နောက်နေကြသည်။

ကျွန်တော့်အား ဝိုင်း၍ နောက်ပြောင်နေကြသူများထဲတွင် အဆိုးဆုံးနှစ်ယောက်မှာ ဘာတီဂျာမီဆန်နှင့် ဟင်မစ်ရှ်ဘိုအက်တို့ ဖြစ်သည်။

အဘွား၏ အတွင်းဂါဝန်ကို ချုပ်ထားသည့် ဝတ်စုံသည် လူမျိုးနှင့် ဘာသာ မတူညီခြင်းဟူသော ရန်လိုမှုကို ပို၍ ကြီးထွားလာအောင် လုပ်ပေးနေသည့်နှယ် ရှိ၏။ နေ့လယ်စာ စားချိန်တွင် ကျွန်တော်သည် အိမ်သာတစ်ခုထဲသို့ ဝင်၍ အိမ်မှ ထည့်ပေးလိုက်သည့် ပေါင်မုန့်ကို ယိုသုတ်ကာ စားရန် ဟန်ပြင်နေသည်။ ထိုအခိုက်မှာပင် ကျွန်တော့်အား ကျောင်းသားများက ရှာဖွေ တွေ့ရှိသွားကာ အပြင်သို့ ဆွဲထုတ်ခြင်း ခံရပါသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ကျွန်တော်တို့သည် စစ်ရေးလေ့ကျင့်ခန်း တစ်ခု ပြုလုပ်ကြရပါသည်။ သင်တန်းဆရာမှာ အပျော်တမ်းတပ်ဖွဲ့မှ တပ်ကြပ်ဟောင်းတစ်ဦးဖြစ်ပါသည်။ သင်တန်း၏ ထုံးစံအတိုင်း ကျွန်တော်တို့ အားလုံး ဂျက်ကတ်အင်္ကျီများကို ခဏချွတ်ထားရသည်။ ကျွန်တော်လည်း အများနည်းတူ ဂျက်ကက်အင်္ကျီကို ချွတ်သည်။ ထိုအခိုက်တွင် ဘာတီဂျာမီဆန်နှင့် ဟင်းမစ်ရှ် ဘိုအက်တို့သည် ရန်လိုသည့် မျက်နှာထားများဖြင့် ကျွန်တော့်ဆီသို့ လျှောက်လာကြသည်။

ဘာတီသည် အလွန်ရိုင်းစိုင်းသူ ဖြစ်သည်။ နဖူးမောက်မောက်နှင့် တစ်ဖက်သားအပေါ် နိုင်လိုမင်းထက် ပြုလိုသောအမူအရာရှိသည်။ သူသည် ကျွန်တော့် ဂျက်ကက်အင်္ကျီကို လုယူထားသည်။ "လေ့ကျင့်ခန်းပြီးတော့မှ မင်းကို ပြန်ပေးမယ်" ဟု ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဘာပြုလို့လဲ" ဟု ကျွန်တော်က ကြောက်လန့်နေသော လေသံဖြင့် မေးသည်။

"မင်းဟာ ညစ်ပတ်စုတ်ပဲ့တဲ့ ရှိမင်ကက်သလစ်ဘာသာဝင်တစ်ယောက် ဖြစ်နေလို့ကွ"

နောက်ပိုင်း နာရီအနည်းငယ်ကြာမျှ လက်မြှောက်လိုက် လက်ချလိုက် ဒူးကွေးလိုက် ဆန့်လိုက်လုပ်ရပြီး ပွဲသိမ်းသွားသည်။ သင်တန်းဆရာ ထွက်သွားသည့်အခါ ကျွန်တော်သည် အဝတ်များထားရာခန်းမထဲသို့ ဝင်ခဲ့ပါသည်။

အခန်းထဲတွင် အရွယ်ခပ်ကြီးကြီး ကျောင်းသားအတော်များများ ရောက်နေကြသည်။ ကျွန်တော် ဝင်သွားသည့်အခါ ကျွန်တော့်အား ဝိုင်းထားကြပါသည်။ ဘာတီက ကျွန်တော့်လက်ကို လိမ်ချိုးပြီး ကျွန်တော့် နောက်ကျောတွင် ကပ်ထားပါသည်။ ကျွန်တော်က သူ့လက်ထဲမှ လွတ်အောင် ရုန်းသော်လည်း မရပါ။ ဖွတ်အတင်းရုန်းသည့်အခါ အရှိန်လွန်ပြီး လဲကျသွားသည်။ ဘာတီသည် ကျွန်တော့်ရင်ဘတ်အပေါ် ခွထိုင်ပြီး ဆံပင်များကို ဆုပ်ဆွဲကာ ကျွန်တော့်ခေါင်းကို ကြမ်းပြင်နှင့် ထပ်တလဲလဲဆောင့်ပါသည်။

"ကဲ... ချကွာ ဘာတီချ" ဘေးမှ လူစုက ဝိုင်းအော်ကြသည်။

ဘာတီသည် စိတ်ကူးတစ်ခုရသွားဟန်တူ၏။ ကျွန်တော့်ဆံပင်ကို ဆုပ်ဆွဲထားရာမှ လွှတ်ပေးလိုက်ပြီး ဘေးမှလူများအား လှည့်ကြည့်သည်။

"ဘယ်သူ့မှာ ဓားပါသလဲ... ငါ့ကိုပေးစမ်း။ ဒီကောင်အတွင်းဘက်မှာ ဝတ်ထားတာကော အစိမ်းရောင်ပဲလားဆိုတာ ကြည့်ရအောင်"

"မလုပ်ပါနဲ့ဘာတီရာ၊ ငါ့ကို မလုပ်ပါနဲ့ကွာ"ဟု ကျွန်တော်က အော်၍ တောင်းပန်သော်လည်း ဘာတီက မလွှတ်ပါ။ ရုတ်တရက် ကျောင်းတက်ခေါင်းလောင်းတီးသံ ကြားရသည်။ အားလုံးက ကျွန်တော့်အားထားခဲ့ပြီး အခန်းထဲမှ ပြေးထွက်သွားကြသည်။

ကျွန်တော် အတန်းထဲရောက်သည့်အခါ ခေါင်းလောင်းလျှာကို လက်တစ်ဖက်ဖြင့်ကိုင်၍ရပ်နေသော မစ္စတာဒိလ်ဂလေးသည် အင်္ကျီဘောင်းဘီတို့တွင် ဖုတ်အလူးလူးဖြစ်နေသည့် ကျွန်တော့်အား စိုက်ကြည့်နေသည်။

mgyoe.com

mgyee.com SAMPLE BOOK


"ဘာတွေဖြစ်လာကြတာလဲဟေ့"

ကျွန်တော် အဖြေမပေးခင် အခြားကျောင်းသားများက သံပြိုင်အော်၍ ဖြေကြပါသည်။

"ဘာမှမဖြစ်ပါဘူး ဆရာ"

ထို့နောက် ဟိုဝီးဟုခေါ်သော ကောင်ပေါက်စလေးတစ်ယောက်က နောက်မှနေ၍ အော်ပြောသည်။

"ကျွန်တော်တို့ ရောဘတ်ရှန်နွန်ရဲ့ အစိမ်းရောင်ဝတ်စုံကို ဝိုင်းပြီး ဂုဏ်ပြုကြတာပါ ဆရာ"

မစ္စတာဒိလ်ဂလေးက မလိုတမာမျက်နှာပေးဖြင့် ပြုံးနေသည်။

ထိုသီတင်းပတ်တစ်ပတ်လုံး ကျွန်တော်သည် အကြီးအကျယ် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခဲ့ရပါသည်။ ကျောင်းသားအများစုသည် ကျွန်တော့်အား အမြဲတစေ ဝိုင်းဝန်း နှိပ်စက်နေခဲ့ကြသည်။ တစ်ခါတစ်ရံတွင် မခံနိုင်လွန်းသဖြင့် လက်သီးနှင့် ပြန်ထိုးသည်။ သို့သော်လည်း အများက ဝိုင်းထိုးကြသဖြင့် ကျွန်တော်သာလျှင် အရှုံးနှင့်သာ ရင်ဆိုင်ရပါသည်။

ကျွန်တော် သူတို့အား တတ်နိုင်သမျှ ရှောင်သည်။ သူတို့ကိုမြင်လျှင် ဒုန်းစိုင်း၍ပြေးဖို့ အမြဲတစေ အဆင်သင့် ပြင်ထားသည်။ အထူးသဖြင့် ကျောင်းသွား၊ ကျောင်းပြန် သူတို့နှင့် မဆုံမိစေရန်အတွက် လမ်းမကြီးအတိုင်း ဘယ်တော့မှမသွား။ အတွင်းဘက်ရှိ ဖြတ်လမ်းများမှသာ သွားသည်။ ထိုလမ်းများသည် ဘွိုင်လာစက်ရုံရှေ့မှ ဖြတ်သွားရမည့်လမ်းများ ဖြစ်ပါသည်။

ထိုလမ်းများမှ သွားပြန်တော့လည်း ကျွန်တော့်မှာ လွတ်ငြိမ်းချမ်းသာခွင့် မရပါ။ စက်ရုံမှ အင်ဂျင်နီယာပေါက်စများနှင့် စက်ပြင်များက ကျွန်တော့်အားကြည့်၍ ဟားကြသည်။ ပြောင်ကြ နောက်ကြသည်။ သူတို့ ပြောင်ကြနောက်ကြသည်မှာ ရိုးရိုးတန်းတန်း ဖြစ်သည်မှာ မှန်သော်လည်း ကျွန်တော့်အဖို့ကတော့ ခံရသည်မှာ မသက်သာလှပါ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲခြင်းဒဏ်ကို အပြင်းအထန် ခံရသည်။ ကျွန်တော်၏ ကျောင်းသားဘဝသည် ပျော်ရွှင်စရာဟူ၍ နတ္ထိဖြစ်နေသည်။ စာလည်း မကျက်နိုင်၊ အိမ်စာများလည်း

mgyee.com

mgyoe.com SAMPLE BOOK


မှန်မှန်လုပ်၍မရ။ အတန်းထဲတွင် ကျွန်တော်သည် စိတ်မနှံ့သည့် သူငယ်တစ်ယောက်နှင့် တူနေသည်။

တစ်ကြိမ်တွင် အတန်းပိုင်ဆရာ မစ္စတာဒိလ်ဂလေးက ကျွန်တော့်အားမတ်တတ်ရပ်ခိုင်းပြီး သင်ပြီးသား ကဗျာတစ်ပုဒ်ကို အလွတ်ဆိုခိုင်းသည်။ ကျွန်တော် မဆိုနိုင်။ အချိန်အတော်ကြီးကြာမျှ ငူတူတူငေးငိုင်ငိုင်ဖြစ်နေသည်။ ဆရာက ကျွန်တော့်အား ဒေါသတကြီး ထအော်သည်။

"ဟဲ့အကောင်... နင် ဘာကြောင့်နေတာလဲ"

ကျွန်တော်သည် ကြောက်လန့်တကြားဖြစ်ကာ အယောင်ယောင်အမှားမှား အဖြေပေးမိသည်။

"ကျွန်တော်... ကျွန်တော်... ကျွန်တော့် အစိမ်းရောင်ဇတ်စုံကြောင့်ပါ ခင်ဗျာ"

တစ်တန်းလုံး ငြိမ်ဆိတ်မိသွားသည်။ ထို့နောက် တဝါးဝါး တဟားဟားရယ်သံများ ထွက်ပေါ်လာသည်။

ကျွန်တော့်တွင် ခံနိုင်သည့်အား မရှိတော့ပါ။ ထိုနေ့ညပိုင်းတွင် ကျွန်တော်သည် အဘိုး၏ အခန်းအတွင်းသို့ အပြေးအလွှား ဝင်သွားမိပါသည်။ မျက်ရည်များသည် ကျွန်တော့်မျက်လုံးအစုံမှ ထွက်အန်၍ ကျနေကြပါသည်။

အဘွားထံသို့ ရောက်သွားသည့်အချိန်မှစ၍ အဘိုးနှင့် ကျွန်တော်သည် လူစိမ်းတွေလို ဖြစ်ခဲ့ကြရ၏။ တစ်ခါတစ်ရံ ဆုံမိသည့်အခါများတွင်လည်း အဘိုးသည် ကျွန်တော့်အား များစွာ အရေးတယူမလုပ်။ ပြုံးရုံမျှသာ ပြုံး၍နှုတ်ဆက်လေ့ရှိသည်။ ကျွန်တော့်အား ခွင့်လွှတ်ဖို့ ပြောပြသည့်အခါများတွင်လည်း သူသည် "မင်းကြိုက်တဲ့လူနဲ့ အိပ်ပါကွာ၊ ဘာမှ မဖြစ်ပါဘူး"ဟု ပြောလေ့ရှိသည်။

ယခု ကျွန်တော် ရောက်သွားချိန်တွင် သူသည် ထိုင်နေကျ ပက်လက်ကုလားထိုင်တွင် အေးအေးဆေးဆေး ထိုင်နေသည်။

"ဘိုးဘိုး"ဟု ကျွန်တော်က အသံပေးကာ ဝမ်းနည်းပက်လက် ငိုချလိုက်သည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


အဘိုးက လှည့်ကြည့်သည်။ ကျွန်တော် အမြင်မှားလေသလား။ ကျွန်တော့်အား မြင်လိုက်သည့်အခါ အဘိုး၏မျက်လုံးများသည် ဝင်းလက်သွားသည်ဟု ထင်လိုက်မိပါသည်။

"အေး... မင်း ငါ့ဆီပြန်လာမှာပဲလို့ ထင်ထားပြီးသားပါ" ဟုပြောသည်။ ထို့နောက် စကားတစ်ခွန်း ထပ်ပြောသည်။

"မိတ်ဆွေဟောင်းတွေဟာ မိတ်ဆွေသစ်တွေထက် ပိုပြီး ကောင်းပါတယ်ကွ"

❐

m.gyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၆)

နောက်ဆုံးတွင် အဘိုး၏ဒူးပေါ်၌ တက်ထိုင်နေသော ကျွန်တော်သည် အငိုတိတ်သွားသည်။ စိတ်အေးနွားအေး ပြန်ဖြစ်လာသည်။ ရွှင်လန်းမြူးထူးလာ၏။ ကျွန်တော် ရင်ဆိုင်နေရသမျှကို တစ်လုံးမကျန်ရင်ဖွင့်သည်။ အဘိုးသည် ကျွန်တော်ပြောပြနေသမျှကို ငြိမ်ဆိတ်စွာ နားထောင်နေသည်။ ထို့နောက် သူသည် စင်ပေါ်မှ ဆေးတံတစ်ချောင်းကို လှမ်းယူသည်။

"မင်းလုပ်ရမှာ တစ်ခုပဲရှိတော့တယ်" ဟု အဘိုးက ပြောသည်။

"ပြဿနာက တခြား မဟုတ်ဘူး။ ဒီကိစ္စမှာ မင်းပဲလုပ်ရမှာ၊ မင်းလုပ်ရဲပါ့မလား"

"လုပ်မှာပေါ့ ဘိုးဘိုးရဲ့"ဟု ကျွန်တော်က စိတ်အားထက်သန်စွာဖြင့် ပြောသည်။ "ကျွန်တော် လုပ်မယ်၊ ဘိုးဘိုးခိုင်းတဲ့အတိုင်း လုပ်မယ်"

အဘိုးသည် ဆေးတံကိုမီးညှိ၍ တစ်ချက်နှစ်ချက်မျှ ဖွာလိုက်သည်။

"မင်းတို့အတန်းထဲမှာ ဘယ်သူအကြီးဆုံးလဲ။ အသန်ဆုံး၊ အထွားဆုံး အကောင် ဘယ်သူလဲ"

ကျွန်တော် ပြန်၍ စဉ်းစားရပါသည်။ အားလုံးထဲတွင် အသန်ဆုံး အကြီးဆုံးဆို၍ တစ်ဦးသာရှိ၏။ ကျွန်တော်သည် တုံ့ဆိုင်းမနေတော့ဘဲ အဖြေပေးလိုက်ပါသည်။

"ဂေဗင်ဘလဲရား... ဘိုးဘိုးရဲ့"

mgyoe.com

"မြို့တော်ဝန်ရဲ့သား မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်လိုက်ပါသည်။

"ဒါဆိုရင်..." အဘိုးသည် သူ့ပါးစပ်ထဲမှဆေးတံကို ချွတ်လိုက်သည်။

"မင်း... အဲဒီ ဂေဗင်ဘလဲရားနဲ့ ချရမယ်"

ကျွန်တော်သည် တအံ့တသြဖြစ်ကာ အဘိုးအား မော့ကြည့်မိသည်။ ဂေဗင်သည် ကျွန်တော့်အား အနိုင်ကျင့်နေသည့်အုပ်စုတွင် ပါဝင်သူမဟုတ်ပါ။ ကျွန်တော့်အား ဝိုင်းနှိပ်စက်သူများနှင့် ကင်းနိုင်သမျှ ကင်းအောင်ရှောင်နေသူဖြစ်သည်။ အမှန်အတိုင်းဝန်ခံရမည်ဆိုပါက ကျွန်တော် အကယ်ဒမီကျောင်း ရောက်ခါမှ ဂေဗင်သည် ကျွန်တော့်အား နှစ်ကြိမ်မျှသာ စကားပြောဖူးခဲ့ပါသည်။

ပြီးတော့လည်း ဂေဗင်သည် အေးအေးဆေးဆေး နေတတ်သူဖြစ်သည်။ အတန်းထဲတွင် အလိမ္မာဆုံးနှင့် အတော်ဆုံးစာရင်းဝင် ကျောင်းသားဖြစ်၏။ ဉာဏ်လည်းကောင်း၊ မိဘကလည်း ကုံလုံကြွယ်ဝသဖြင့် တည်တည်ငြိမ်ငြိမ် နေထတတ်သူဖြစ်သည်။ ဆရာဒိလ်ဂလေး ကိုယ်တိုင်ကပင် အတန်းထဲ၌ အတော်ဆုံးတစ်ယောက်အဖြစ် သတ်မှတ်ကာ အရေးပေးထားသူဖြစ်ပါသည်။ အားကစားဘက်တွင်လည်း ဂေဗင်သည် ထူးချွန်သူတစ်ဦးဖြစ်သည်။ ဘာတီဂျာမီဆန်ကိုပင် လက်တစ်ဖက် လိမ်ချိုးပြီး အနိုင်ယူနိုင်သူဖြစ်၏။ ကျွန်တော်က ဤအကြောင်းများကို အဘိုးအား နားလည်အောင်ရှင်းပြပါသည်။

"မင်း ကြောက်သလားကွ" ဟု အဘိုးက မေးသည်။

ကျွန်တော်ချက်ချင်း အဖြေမပေးနိုင်၊ ခေါင်းကို ခပ်ငိုက်ငိုက်ကုတ်ကာ စဉ်းစားနေမိသည်။ ဂေဗင်၏ ကျစ်လျစ်တောင့်တင်းသော ကိုယ်ခန္ဓာနှင့် အေးဆေးတည်ငြိမ်သော မျက်လုံးများကို မြင်ယောင်နေသည်။ ပုံပြင်တွေထဲက သတ္တိခဲ သူငယ်ကလေးများအကြောင်း ဖတ်ဖူးထားသော်လည်း ကျွန်တော် သူတို့လိုစိတ် မွေး၍မရပါ။ ကျွန်တော့်စိတ်ထဲက ကြောက်နေပါသည်။

"ကျွန်တော်က လက်သီးမှ ကောင်းကောင်း မထိုးတတ်တာ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ငါ သင်ပေးမှာပေါ့ကွ၊ တစ်ပတ်လောက် အချိန်ယူပြီး သင်ပေးမယ်။ နှစ်ယောက်ချင်း ချတဲ့အခါမှာ လူကောင်ထွားတာကြီးတာက အဓိက မဟုတ်ဘူးကွ။ စိတ်ဓာတ်ကြံ့ခိုင်ဖို့က အရေးကြီးတာ"

အဘိုးသည် တစ်ခဏမျှစဉ်းစားနေပြီး ပခုံးများကို တွန့်လိုက်သည်။ "တို့အနေနဲ့ မင်းတို့ဆရာ ဒိုလ်ဂလေးဆီ စာတစ်စောင်ရေးပြီး မင်းကို အနိုင်မကျင့်အောင် ကလေးတွေကို ဆုံးမပေးပါလို့ ပြောရင်လည်းဖြစ်တယ်။ မင်း သဘောကျရင်တော့ ငါတို့က လုပ်ပေးရမှာပေါ့။ ဒါပေမဲ့ ငါကတော့ မကြိုက်ဘူး။ အဲဒီနည်းက သိပ်မပိုင်ဘူး။ ဒီကောင်တွေ ဆရာကွယ်တာနဲ့ တစ်ပြိုင်နက် မင်းကို အရင်ကထက် ပိုပြီးစကြ၊ ပြောင်ကြမှာသေချာတယ်။ အဲဒီတော့ အားလုံးထဲမှာ အကြီးဆုံးဆိုတဲ့အကောင်ကို မင်းယှဉ်ပြီး ချလိုက်ရင် ဒီကောင်တွေ အလိုလို ဝပ်သွားမှာသေချာတယ်။ မင်း ဘယ်လို သဘောရသလဲ၊ လုပ်မလား"

ကျွန်တော် ကြောက်စိတ်ဖြင့် တုန်နေသည်။ သို့တစေလည်း စိတ်ထဲကတော့ ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာပင် ချလိုက်ပါသည်။ အဆောက်အအုံ မြင့်မြင့်ကြီးတစ်လုံးပေါ်မှ ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေရမည့် အဖြစ်မျိုးနှင့်တူချင်လည်း တူနေပါလိမ့်မည်၊ မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်သည် တံတွေးကို တစ်ချက်မျှ မျိုချလိုက်ပြီး "လုပ်မယ်" ဟု အဖြေပေးလိုက်ပါသည်။

ကျွန်တော့်၏ လက်ဝှေ့သင်တန်းကို ထိုနေ့ ညနေခင်းမှာပင် အစပြုသည်။ မာမာအား ပန်းကန်များ ဆေးပေးပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အဘိုးထံ ရောက်သွားသည်။ ဤကိစ္စကို ဘွားဘွား မသိအောင် လျှို့ဝှက်ထားရန် အဘိုးနှင့် ကျွန်တော် သဘောတူထားကြပါသည်။

အဘိုးသည် ကျွန်တော့်အား ပထမဆုံး လက်သီးထိုးနည်း ထိုးဟန်များပြပေးသည်။ ခြေထောက် အဆုတ်အတက်၊ ကိုယ်နေဟန်ထား၊ အရှောင်အတိမ်း စသည်များကို စနစ်တကျ သင်ပေးသည်။ တစ်ဖက်လူ၏ အထိုးကို မခံရအောင် မေးစေ့နှင့်မျက်နှာ ဘယ်လို ရှောင်ရမည် စသည်များကို သင်ပေးသည်။

mgyoe.com

တစ်ကြိမ်တွင် အဘိုးသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်၍ ရပ်သည်။ သူ့အား ဘယ်လက်သီးဖြင့် ထိုးရန် လှမ်း၍ အမိန့်ပေးသည်။ ကျွန်တော်ကလည်း ကမူးရှူးထိုးနှင့် ပြေးထိုးသည်။ ကျွန်တော့်လက်သီးသည် အဘိုး၏အရှိက်ကို တည့်တည့်ထိုးမိသည်။ အဘိုးသည် သူ့ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် လန်လဲသွားပါသည်။ အဘိုးသည် ရုတ်တရက် အသက်လည်း မရှူနိုင်။ ရုတ်တရက်လည်း ပြန်၍ မထနိုင်။

"ဟာ... အဘိုး" ဟု ကျွန်တော် အလန့်တကြား အော်မိသည်။

"ကျွန်တော် တမင်ထိုးတာ မဟုတ်ပါဘူး။ မတော်လို့ထိုးမိတာပါ"

အဘိုးသည် အကြီးအကျယ်ဒေါသ ဖြစ်သည်။ သူ့နာ၍မဟုတ်ပါ။ မထိုးရဟု သတ်မှတ်ထားသောနေရာကို ထိုး၍ဖြစ်သည်။ အသက်ကို ပုံမှန်ပြန်၍ရှူလာနိုင်သည်နှင့်တစ်ပြိုင်နက် အဘိုးသည် ထိုင်ရာမှထပြီး စည်းကမ်းနှင့်မညီသော ထိုးကွက်များအကြောင်း အလေးအနက်ပြု၍ ရှင်းပြနေသည်။ ထို့နောက် အပြင်သို့ခေါ်သွားပြီး လမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် ပြေးခိုင်းသည်။ ခြေထောက်များ တောင့်တင်းမာကျောအောင် လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။

ကျွန်တော့်အား မိမိကိုယ်ကိုကာကွယ်နည်း ပညာများ သင်ကြားပေးနေစဉ်အတွင်း အဘိုးသည် လက်ဝှေ့သမား အကျော်အမော်များအကြောင်း ပြောပြလေ့ရှိသည်။ အထူးသဖြင့် မေးရိုးကျိုးပြီး နားရွက်တစ်ဖက် ပြတ်နေသည့်ကြားမှ အချီပေါင်း ရှစ်ဆယ့်နှစ်ချီအထိ လက်မြှောက်အရှုံးမပေးဘဲ ထိုးသတ်သွားခဲ့သည့် ဘစ်လီဘွတ်ချား အမည်ရှိ လက်ဝှေ့သမားကြီးအကြောင်း စိကာပတ်ကုံး ပြောပြပါသည်။

အဘိုးသည် ကျွန်တော့်အား ရေကို နည်းနိုင်သမျှ နည်းနည်းသာ သောက်ရမည်ဟု ပြောသည်။ သူ ညစာ စားသည့်အခါတွင်လည်း သူ အလွန်ကြိုက်သည့် ဒိန်ခဲကို သူ မစား။ ကျွန်တော့်အား စားခိုင်းသည်။ "ဒန်းလော့ပ် ဒိန်ခဲဟာ အရသာလည်း ရှိတယ်၊ အားလည်း ဖြစ်တယ် ငါ့မြေးရဲ့။ မင်း ဒီဒိန်ခဲကိုသာ များများစားပေး အားရှိလာလိမ့်မယ်" ဟုလည်း ပြောသည်။ သူ့ရှေ့၌ရပ်၍ ဒိန်ခဲကိုသာ အားရပါးရစားနေသော ကျွန်တော့်

mgyoe.com

mgyoe.com

ကိုကြည့်ကာ သူ့ပါးစပ်မှ သွားရည်များ စီးကျနေသည်ကို ကျွန်တော် မြင်နေရပါသည်။

စနေနေ့မွန်းလွဲပိုင်းတွင်မူ အဘိုးသည် ကျွန်တော့်အား သုသာန်သို့ ခေါ်သွားပြီး သူ့အပေါင်းအသင်းများရှေ့၌ ကျွန်တော်၏ အရည်အသွေးကို အစမ်းလေ့ကျင့် ပြသစေသည်။ ကျွန်တော်ကလည်း အဘိုးသင်ထားသည့် လက်ဝှေ့အတတ်ပညာကို ကိုယ်နေဟန်ထား အမျိုးမျိုးဖြင့် အစွမ်းကုန် ထိုးသတ်ပြသည်။

ကျွန်တော်က ကျွန်တော်၏ ကိုယ်ခံပညာကို ပြနေချိန်တွင် အဘိုးက သူ့မိတ်ဆွေများအား မကြာမီ ကျွန်တော် ရင်ဆိုင်ရမည့် တိုက်ပွဲအကြောင်း ရှင်းလင်းပြောပြနေသည်။ ထိုအခါ အဘိုး၏ အရင်းနှီးဆုံးမိတ်ဆွေ ဘိုအတ်က အားရပါးရ ရယ်သည်။

"ကိုယ့်လူရဲ့ စိတ်ကူးကဖြင့် တခမ်းတနားပါပဲလား။ ပြောတော့လည်း ဘဝအကြောင်းနဲ့ လူတွေ အသက်ရှင်ဖို့အကြောင်းကြီးပဲ၊ ပြီးတော့ ခင်ဗျားက ကလေးတွေကို ရန်ဖြစ်အောင် မြှောက်ပေးနေတယ်"ဟု ဘိုအတ်က ဝေဖန်သည်။

"ဒီမယ် ဘိုအတ်၊ ခင်ဗျား ဘာနားလည်လို့လဲ"ဟု အဘိုးက တင်းမာသော လေသံဖြင့် ပြန်ပြောသည်။

"တစ်ခါတလေ လူတွေဟာ သူ့ဘဝ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် တိုက်ရခိုက်ရတတ်တယ်ဗျ"

အဘိုး၏စကားကြောင့် ဘိုအတ် ပါးစပ်ပိတ်သွားသော်လည်း သူ့မျက်နှာထားကတော့ ကျွန်တော် ရင်ဆိုင်ရမည့်ပွဲတွင် ကျွန်တော် ရှုံးလိမ့်မည်ဟု တွက်ဆထားကြောင်း ဖော်ပြနေသည်။

ကံကြမ္မာက အဆုံးအဖြတ်ပေးမည့်နေ့သို့ ရောက်လာခဲ့ပြီ။ အဘိုးက ကျွန်တော့်အား သူ့အခန်းထဲသို့ ခေါ်သွားပြီး လက်ကိုဆွဲခါ၍ နှုတ်ဆက်သည်။

"မင်း မမေ့နဲ့နော်" ဟု ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီးပြောသည်။

"ဘာတွေဖြစ်လာဖြစ်လာ လုံးဝ မကြောက်နဲ့ ကြားလား"

ကျောင်းသို့ရောက်သည့်အခါ တစ်နေ့လုံးလိုလိုပင် ကျွန်တော်သည်

mgyoe.com

ဂေဗင်၏ အရိပ်အခြည်ကို မသိမသာ စောင့်၍ အကဲခတ်သည်။ ဂေဗင်ကတော့ ခါတိုင်းလိုလိုပင် တည်ငြိမ်အေးဆေးစွာပင် လှုပ်ရှားလျက်ရှိသည်။ ကျွန်တော် သူ့ကိုကြည့်ပြီး ဝမ်းနည်းမိသည်။ မျက်လုံးအိမ်တွင် မျက်ရည်များပင်စို့လျက် ရှိပါသည်။

ကျွန်တော့်စိတ်သည် လေးလျက်ရှိသည်။ ကျွန်တော် သူ့ကို စိတ်ထဲက အလွန်ခင်သည်။ လေးလည်း လေးစားသည်။ သို့သော်လည်း သူနှင့် ရန်မဖြစ်၍ မရ။ ဖြစ်ကိုဖြစ်ရပါလိမ့်မည်။ ကျွန်တော့်အနေဖြင့် အဘိုးအား ကတိပေးထားခဲ့ပြီးပြီ မဟုတ်ပါလား။

ဂေဗင်အား ရန်စပြီး ရန်ဖြစ်ဖို့ ကျွန်တော် ရွေးထားသည့်အချိန်မှာ ညနေလေးနာရီဖြစ်သည်။ ထိုအချိန်သည် ကျောင်းဆင်းချိန်ဖြစ်၍ အချိန်ကောင်း ဖြစ်ပါသည်။ ကျွန်တော်သည် အတန်းထဲ၌ တည်ငြိမ်အေးဆေးစွာ လှုပ်ရှားသွားလာနေသော ဂေဗင်အား မျက်ခြည်အပြတ်မခံပါ။

ဂေဗင်သည် လူချောတစ်ယောက် ဖြစ်သည်။ စကော့တလန်တောင်ပေါ်သား မျက်နှာမျိုးနှင့် ဖြစ်သည်။ သူ့အဖေသည် ပတ်သ်မြို့သား ဖြစ်၏။ သူသည် ကျွန်တော့်အား တစ်ကြိမ် နှစ်ကြိမ်ခန့် လှမ်းကြည့်သည်ကိုလည်း ကျွန်တော် သတိပြုမိသည်။ ကျွန်တော့်စိတ်သည် ပို၍ လေးလံလာသည်။ ကျွန်တော် သူ့ကိုအလွန်ခင်ပါသည်။ သို့သော်လည်း ရန်မဖြစ်၍တော့မရ။

ကျောင်းရှေ့နာရီစင်မှ လေးနာရီထိုးသံ ကြားရသည်။ ကျွန်တော့်အား ဆရာဒီလ်ဂလေးက ခါတိုင်းနေ့များကလိုပင် အပြစ်ဒဏ်ပေးကာ အများနှင့်ရော၍ မပြန်နိုင်အောင် လုပ်ထားလိမ့်ဦးမည်ဟု ထင်မိသည်။ သို့သော်လည်း ကျွန်တော်ထင်သလို ဖြစ်မလာပါ။ ကျွန်တော့်အား အများနှင့်အတူ ရော၍ လွှတ်လိုက်သည်။

ကျွန်တော်သည် အများနှင့်ရောကာ ကစားကွင်းထဲမှ ဖြတ်လာခဲ့သည်။ ဂေဗင်သည် လွယ်အိတ်ကို ကျောပိုးကာ ကျွန်တော့်ရှေ့မှ လျှောက်သွားနေပါသည်။ ကျွန်တော့်အဘိုးအား ပြောထားသည့် ကတိစကားကို လုံးဝဖျက်၍ မဖြစ်ပါ။ လုပ်စရာရှိသည်များကို လျင်မြန်စွာလုပ်မှသာ ဖြစ်ပေတော့မည်။

mgyoe.com

mgyoe.com


ကျွန်တော်သည်နောက်မှနေ၍ လျင်မြန်စွာ ပြေးသွားပြီး ဂေဗင်အား တအားကုန် ကိုယ်စောင်း တိုက်လိုက်ပါသည်။ ဂေဗင်က နောက်သို့ ချာခနဲ လှည့်ကြည့်သည်။ ကျွန်တော်က လက်သီးများကိုဆုပ်ကာ ထိုးသတ်ရန် အသင့်ပြင်ထားသည်။

ချက်ချင်းလိုလိုပင် ဘေးပတ်ပတ်လည်မှ အော်သံဟစ်သံများ ကြားရသည်။ "ဟော့...ဒီမှာချတော့မယ်ကွ၊ ဂေဗင်နဲ့ရှန်နွန် ချတော့မယ်။ တကယ် ချတော့မှာကွ"

ဂေဗင်၏မျက်နှာသည် နီရဲသွားသည်။ ကျွန်တော်တို့ နှစ်ယောက်၏ဘေးသို့ ဝိုင်းအုံလာကြသော ကျောင်းသားများအား လှည့်ကြည့်သည်။ ကျွန်တော် ရန်စသည်ကို သူ မတုံ့ပြန်၍ မဖြစ်တော့။ တုံ့ပြန်ရပေတော့မည်။ သူသည် ကျွန်တော့်လက်များကို လက်တစ်ဖက်ဖြင့် ပုတ်ထုတ်လိုက်သည်။ ကျွန်တော်ကလည်း ချက်ချင်းပင် လက်သီးနှစ်ဖက်ကိုပြန်ဆုပ်ကာ အသင့်ပြင်ထားသည်။

ဂေဗင်သည် ကျွန်တော့်အပြုအမူကိုကြည့်ကာ စောစောကထက် တိုး၍ စိတ်ဆိုးလာသည်။ သူကိုယ်တိုင်လည်း လက်သီးများကို ဆုပ်၍ အသင့်ပြင်ထားသည်။ ကျွန်တော့် တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလျက်ရှိသည်။ ဘေးမှ ကျောင်းသားများသည် ကျွန်တော်တို့ နှစ်ယောက်အား မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။

ဂေဗင်က ကျွန်တော့်အား တစ်ချက်လှမ်းထိုးသည်။ သူ့လက်သီးချက်သည် ကျွန်တော့်ရင်ဘတ်ကို ထိုးမိသည်။ ကျွန်တော် နောက်သို့ တစ်ချက်မျှ ယိမ်းယိုင်သွားသည်။ တစ်ကိုယ်လုံး ပူထူသွားသည်။ ကျွန်တော် နောက်ဆုတ်ဖို့ မစဉ်းစားတော့ပါ။ အံကိုကြိတ်၍ ဂေဗင်ဆီသို့ ကမူးရှူးထိုး ပြေးဝင်ပြီး လက်သီးနှစ်ဖက်ဖြင့် အဆက်မပြတ်ထိုးသည်။

ကျွန်တော့်အဘိုး သင်ထားသမျှကို အားလုံးကို မေ့သွားသည်။ ကျွန်တော့် လက်သီးများသည် လေထဲတွင် တဗွီးဗွီး အော်မြည်ကာ ဂေဗင်ဆီသို့ ပြေးသွားလျက်ရှိသည်။ ကျွန်တော့် လက်သီးများသည် ဂေဗင်အား မကြာခဏ ထိုးမိပါသည်။ သို့သော်လည်း ချက်ကောင်းကို တစ်ချက်မျှ မထိ ဂေဗင်၏အတင်းဆုံး အမာဆုံး နေရာများကိုသာ ထိုးမိသည်။ အထူး

mgyoe.com

m.gyoe.com
SAMPLE BOOK


သဖြင့် သူ့လက်မောင်း၊ သူ့တံတောင်ဆစ်နှင့် သူ့ခါးစည်းအဝတ်မှ ကြယ်သီးများကိုသာ အများဆုံးထိသည်။ ကျွန်တော့် လက်သီးချက်များကြောင့် သူ့အထိမနာ။ ကျွန်တော်သာလျှင် နာလျက်ရှိပါသည်။ သူ့လက်သီးများကတော့ ကျွန်တော်၏ အနူးညံ့ဆုံးနေရာများကိုချည်း ထိုးမိနေသည်။

သူ့လက်သီးချက်များကြောင့် ကျွန်တော် နှစ်ကြိမ်တိတိ လဲကျသည်။ ကျွန်တော် လဲကျတိုင်း ဘေးမှ အော်ဟစ် အားပေးသံများ ကြားရသည်။ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုထိန်း၍ မရနိုင်လောက်အောင် ဒေါသကြီးလာသည်။ လဲကျသွားတိုင်း ကျွန်တော်သည် ပို၍ဒေါသကြီးကာ ချက်ချင်းကျုံး၍ထသည်။ ဂေဗင်ထံပြေးဝင်ကာ လက်သီးများဖြင့် တအားကုန် ထိုးသည်။

တစ်ကြိမ်တွင် ဗေဂင်သည် ကျွန်တော့်ရှေ့မှောက်၌ ခြေပစ်လက်ပစ်လဲကျသွားသည်။ ဘေးမှလူများသည် အံ့အားသင့်သွားကြဟန်တူ၏။ ငြိမ်ဆိတ်သွားကြသည်။ ဂေဗင်သည် လဲကျနေရာမှ ကပျာကယာ ပြန်ထသည်။ ထိုအခါ အားလုံးက စာကလေးဟု အမည်ပေးထားသော ဟိုဝီးက အသံကုန်ဟစ်၍ အော်သည်။

"မင်း ချော်လဲတာကွ ဂေဗင်၊ သူထိုးလို့ လဲတာမဟုတ်ဘူး ပြန်ချကွာ၊ ပြန်ချပါတော့လား"

ဂေဗင်သည် စောစောကထက် ပို၍ သတိထားလာသည်။ သူသည် ကျွန်တော့်အား ရုတ်တရက်ဝင်၍ မထိုးတော့ဘဲ ပတ်ချာလှည့်လျက်ရှိသည်။ သူသည် ကျွန်တော်၏ အဝင်အပူးကိုလည်း မခံဘဲ ရှောင်လိုက် တိမ်းလိုက် လုပ်နေသည်။ ကျွန်တော်တို့နှစ်ယောက်၏ အသက်ရှုသံများမှ တစ်ပါး အခြားဘာသံကိုမျှ မကြားရ။ ကျွန်တော့် တစ်ကိုယ်လုံး ထူပူလျက်ရှိသည်။ ဂေဗင်၏ မျက်လုံးတစ်ဖက်သည် ဖြည်းဖြည်းချင်း ပိတ်ပိတ်လာနေသည်ကို ကျွန်တော်မြင်နေရသည်။ ကျွန်တော့်လက်ချက်ဖြင့် ဤမျှလောက်အထိ နာသွားသည်ကို ကြည့်ကာ ကျွန်တော် များစွာ အံ့သြနေမိသည်။

ထိုအခိုက်တွင် အားကစားရုံဘက်သို့ သွားနေကြသော အတန်းကြီးကျောင်းသားအုပ်စုတစ်စုသည် ကျွန်တော်တို့ ရန်ပွဲအနီးသို့ ရောက်လာသည်။ ကျောင်းသားကြီးတစ်ယောက်က "အံမယ် ဘဲစိမ်းကလေးက အလာကြီးပါ

m.gyoe.com

mgyoe.com 

လား။ သူ့ထက်ကြီးတဲ့ကောင်ကိုတောင် ခံဆော်နေတယ်”ဟု အော်ပြော သည်။

ကျွန်တော် ဝမ်းသာ အားတက်သွားသည်။ ဘာပဲပြောပြော ကျွန်တော်သည် အဘိုး၏ ဂုဏ်သိက္ခာကို စာင်ပေးနေခြင်းဖြစ်သည်ဟု ယူဆသည်။ ကျွန်တော်သည် သတ္တိနည်းသူမဟုတ်။

ကျွန်တော်သည် ဂေဇင့်ထံသို့ ပြေးဝင်ကာ အတင်းဝင်လုံးသည်။ လက်သီးနှစ်ဖက်ကိုလည်း မရပ်မနား အသုံးပြုသည်။ ဂေဇင်သည် ရုတ်တရက်ခေါင်းကို ထောင်လိုက်သည်။ သူ့ဦးခေါင်းသည် ကျွန်တော့် နှာခေါင်းနှင့် အရှိန်ပြင်းစွာ ဆောင့်မိသည်။

ကျွန်တော့်နှာခေါင်းမှ သွေးများ ယိုစီးကျလာသည်။ သွေးစက်များသည် ပါးစပ်အတွင်းသို့စီးဝင်သည်။ အရသာမှာ ငန်ကျိကျိ ပစ်ချွဲချွဲ။ ဤမျှလောက် သွေးမထွက်ခဲ့ဖူးသော ကျွန်တော်သည် ရုတ်တရက် ထိတ်လန့်အံ့သြခြင်းဖြစ်ရသည်။ သွေးစက်များသည် အင်္ကျီရင်ဘတ်ပေါ်အထိ စီးဆင်းနေသည်။ ကျွန်တော့် ဦးနှောက်သည် ပြန်၍ကြည်လင်လာသည်။ ခြေထောက်များကတော့ စောစောကလောက် မခိုင်တော့။

ကျွန်တော်သည် ဂေဇင်အား လက်သီးဖြင့် တစ်ချက်ထိုးလိုက်သည်။ မိမိရရထိသည်။ အော်ဟစ်သံများကိုလည်း ကြားနေရသည်။ ကျွန်တော့်လက်များသည် အခုချိန်ထိ ပြင်းထန်စွာလှုပ်ရှားနေဆဲ။ တစ်စုံတစ်ယောက်က ကျွန်တော့်အား နောက်သို့ ဆွဲခေါ်သွားသည်ကို သတိထားမိသည်။ ဂေဇင်ကိုလည်း ကျောင်းသားကြီး တစ်ယောက်က ဝင်၍ ဆွဲထားသည်ကို ကျွန်တော် မြင်နေရသည်။

“တော်ကြတော့ တော်ကြတော့။ ဒီလောက်ဆို တော်လောက်ပြီ။ ကဲ… မင်းတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြ၊ ပွဲကတော့ အတော့်ကိုကြည့်ကောင်းတဲ့ ပွဲတစ်ပွဲပဲကွ။ ဟော့… ချာတိတ်တစ်ယောက် ခန်းမကြီးသော့ သွားယူစမ်း၊ ဟိုကောင်ပေါက်စလေး သွေးတွေထွက်တာ ဝက်တစ်ကောင်နဲ့ တူနေပြီ”

ကျွန်တော်သည် ကစားကွင်း မြေကြီးပေါ် ကျောခင်းကာ လဲလျောင်းလျက်ရှိပါသည်။ ဂေဇင်သည် စိတ်ရှုပ်နေသောမျက်နှာထားဖြင့် ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK


ဘေး၌ ဒူးထောက်ထိုင်ကာ ကျွန်တော့်အား ငုံ့ကြည့်နေသည်။ ကျွန်တော့် အင်္ကျီရင်ဘတ်တစ်ခုလုံး သွေးများ ပေကျံလျက်ရှိသည်။ ကျောင်းသားကြီးများသည် သွေးမရပ်ဘဲ ဖြစ်နေမည်ကို စိုးရိမ်ပူပန်လျက် ရှိကြပါသည်။ နောက်ဆုံးတွင် သူတို့သည် လက်ကိုင်ပဝါတစ်ထည်ကို ဆားရည်ဖြင့်စိမ်ကာ နှာခေါင်းကို အုပ်ပေးကြသည်။ သွေးတိတ်သွားပါသည်။

"မင်း မထနဲ့ဦး မိနစ်နှစ်ဆယ်လောက် လှဲနေဦး၊ ဒါမှ မင်းသက်သာမှာ"

ကျောင်းသားအားလုံး ထွက်သွားကြသည်။ ကျွန်တော်နှင့် ဂေဇင်နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော်တို့နှစ်ယောက် လုံးထွေးသတ်ပုတ်ခဲ့သည့် နေရာတစ်ဝိုက်တွင် မြေကြီးများသည် ပွထလျက် ရှိပါသည်။

ကျွန်တော်က ဂေဇင်အား ကြည့်၍ ပြုံးပြလိုက်ပါသည်။ "မလှုပ်နဲ့ဦးကွ" ဟု ဂေဇင်က ပြောသည်။ "ငါ မင်းကို ခေါင်းနဲ့ဆောင့်ဖို့ မရည်ရွယ်ခဲ့ပါဘူးကွာ၊ မတော်တဆ ဖြစ်တာပါ"

မည်သို့ပင်ဖြစ်စေ ကျွန်တော်က နောက်တစ်ကြိမ် ထပ်၍ ပြုံးပြလိုက်ပါသည်။ "ငါ့ကြောင့် မင်း မျက်စိတစ်ဖက် ပိတ်သွားတာ ငါ စိတ်မကောင်းပါဘူး" ဟုလည်း ပြောပြလိုက်ပါသည်။

နှာခေါင်းတွင် အုပ်ထားသော လက်ကိုင်ပဝါကို ဖယ်လိုက်သည်။ သွေးတိတ်နေပြီဖြစ်၏။ ဂေဇင်က ကျွန်တော့်အား အသာအယာ ဆွဲ၍ ထူသည်။ ကျွန်တော်တို့သည် ဒရမ်းဘတ်လမ်းအတိုင်း အတူတွဲ၍ လျှောက်လာခဲ့ကြပါသည်။

သူ့အိမ်ရှေ့ရောက်သည့်အခါ ဂေဇင်သည် ခဏမျှ ရပ်လိုက်ပါသည်။ စိုးရိမ်စိတ်ဖြင့် ကျွန်တော့်အား ကြည့်သည်။ "မင်း ဒီပုံအတိုင်းအိမ်ပြန်လို့ မဖြစ်ဘူးကွ၊ တို့အိမ်ထဲဝင်ပြီး ရေဆေးသွားမှ ကောင်းမယ်"ဟု ပြောသည်။

ကျွန်တော်သည် မဝံ့မရဲစိတ်ဖြင့် ဂေဇင့်နောက်မှ လိုက်သွားသည်။ ခြံဝင်းအဝင်အဝ တစ်ဖက်တစ်ချက်ရှိ အုတ်တိုင်များပေါ်တွင် မီးလုံးများ တပ်ဆင်ထားသည်။ ကားဝင်ရာ လမ်းတစ်ဖက်တစ်ချက်တွင် ချုံပုတ်ကလေးများ စီတန်းနေကြသည်။ မြို့တော်ဝန်အိမ်ဖြစ်၍ အပြင်အဆင်များသည် တခမ်းတနား ရှိလှပါသည်။ အတွင်းဘက်ရှိ ပန်းဥယျာဉ်မှာလည်း

mgyoe.com

mgyoe.com SAMPLE BOOK


ပန်းမျိုးစုံဖြင့် ဝေဝေဆာဆာ ရှိလှသည်။ ခပ်လှမ်းလှမ်းတွင် လူတစ်ယောက်သည် လက်တွန်းလှည်းတစ်စီးဖြင့် အလုပ်များလျက် ရှိပါသည်။

ကျွန်တော်တို့သည် အိမ်နောက်ဖေးဘက်ရှိ ရေဘုံပိုင်တစ်ခုစီသို့ ရောက်သွားကြပါသည်။ ကျွန်တော်တို့ ရေဘုံပိုင်ကိုဖွင့်၍ ရေဆေးနေကြခိုက်တွင် စကပ်အနက် အင်္ကျီအဖြူနှင့် အိမ်စေတစ်ယောက်သည် ကျွန်တော်တို့အား စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်နေသည်ကို မြင်ရပါသည်။ နောက်တစ်ခဏအတွင်းတွင် အိမ်ထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာပါသည်။

"မင်းတို့ ဘာဖြစ်လာကြသလဲ။ တစ်ခုခု ဖြစ်လာသလား" ဟု မေးသည်။ ဂေဗင်၏အစ်မ ဂျူလီယာဘဲလဲရား ဖြစ်ပါသည်။ သူသည် ဂေဗင်၏ အမေဆုံးကတည်းက အိမ်မှုတာဝန်ကို ယူနေရသူဖြစ်၏။ သူသည် နောက်ထပ် ဘာမှမမေးတော့ဘဲ ကျွန်တော့်အား ဂေဗင်၏အခန်းသို့ ခေါ်သွားသည်။ ဂေဗင့်အခန်းသည် ကျယ်ဝန်းခမ်းနားလှပါသည်။ နံရံများတွင် ချိတ်ဆွဲထားသည့် ဓာတ်ပုံတွေကလည်း အများကြီးရှိသည်ကို တွေ့ရသည်။

ဂျူလီယာဘဲလဲရားသည် ကျွန်တော့်အင်္ကျီနှင့် ဘောင်းဘီများကို ချွတ်၍ အိမ်စေအားလှမ်းပေးကာ စက္ကူတစ်ရွက်ဖြင့်ထုပ်ခိုင်းသည်။ ဂေဗင်၏ ဝတ်စုံဟောင်းတစ်စုံကိုယူ၍ ကျွန်တော့်အား ဝတ်ပေးသည်။ ဝတ်စုံမှာ သက္ကလတ်ဝတ်စုံ ဖြစ်ပါသည်။

"မင်းမေမေကို မမ ကောင်းကောင်းသိတယ် ရောဘတ်" ဟု ဂျူလီယာဘဲလဲယားက ပြောသည်။ "မင်း ဘာပြုလို့ ဂေဗင့်ဆီ လာမလည်တာလဲ။ နောက်ကျတော့..." ဂျူလီယာဘဲလဲယားသည် စကားကို အဆုံးမသတ်သေးဘဲ သူ့မောင်ကို မျက်စိဝေ့ရှာသည်။ အခန်းထဲတွင် ဂေဗင်မရှိ။ မီးဖိုခန်းထဲသွား၍ သူ့မျက်စိကို ကျပ်ထုပ်ထိုးနေသော ဂေဗင်သည် ကိစ္စပြီးသေးဟန်မတူပါ။

ကျွန်တော်တို့ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ ဂျူလီယာဘဲလဲယားက အိမ်ရှေ့တံခါးဝ အရောက်တွင် သူ့လက်ထဲမှ စက္ကူထုပ်ကို ကျွန်တော့်အား လှမ်းပေးသည်။ "ဂေဗင့်ဝတ်စုံကို ပြန်မပေးနဲ့တော့... နော်။ ရောဘတ် အဲ့ဒီဝတ်စုံက သူနဲ့ ကျပ်နေပြီ" ဟုလည်း ပြောသည်။ သူသည် ကျွန်တော့်အား တံခါးဝမှရပ်၍ မျက်စိတစ်ဆုံး မျှော်ကြည့်ပြီး ကျန်ရစ်ခဲ့ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်သည် လမ်းမကြီးအတိုင်း လိုမွန်ဖြူးဂေဟာဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်၍ ပြန်လာခဲ့သည်။ ကျွန်တော့် တစ်ကိုယ်လုံး နာကျင်လျက် ရှိပါသည်။ ခြေများ လက်များကို မသယ်ချင်လောက်အောင် ပင်ပန်းနွမ်းနယ်လျက် ရှိပါသည်။ ကျွန်တော့် ဦးခေါင်းမှာလည်း ရီဝေဝေ မူးနောက်နောက် ဖြစ်နေသည်။ အားအင်ကုန်ခန်းသလို ဖြစ်နေရသည့် အထဲ စိတ်ဓာတ်ကလည်း ကျလျက်ရှိသည်။

ဂေဗင်၏အိမ်သည် ကျွန်တော့်အား စိတ်အားငယ်အောင် ဖန်တီးလျက်ရှိသည်။ ကျွန်တော့်ဘဝကို သူ့ဘဝနှင့် နှိုင်းယှဉ်ကြည့်မိ၏။ ထိုအခါ ပို၍ စိတ်ထိခိုက်ရပါသည်။ ကိုယ့်ဘဝ ကိုယ် မကျေနပ်ခြင်းသည် တဖြည်းဖြည်းချင်း ကြီးထွားလာလျက် ရှိပါသည်။ စောစောကဖြစ်ရပ်ကို ပြန်၍ မြင်ယောင်လာပါသည်။ အကယ်၍သာ ကျောင်းသားကြီးများက ကျွန်တော်တို့ ရန်ပွဲကို ဝင်၍ မဖျန်ခဲ့ပါမူ...

ကျွန်တော် အိမ်ရှေ့သို့ ရောက်လာသည်။ ဝင်းတံခါးဝမှာ တစ်ယောက်တည်း ရပ်၍ ကျွန်တော် ပြန်အလာကို စောင့်မျှော်နေသူမှာ ကျွန်တော့်အဘိုး...။

"မင်း နိုင်သလား"

ကျွန်တော့်အား လှမ်းမေးလိုက်သည့် အသံသည် နူးညံ့ သိမ်မွေ့လှပါသည်။

"မနိုင်ဘူး ဘိုးဘိုး၊ ကျွန်တော် ရှုံးတယ်လို့ ထင်တာပဲ"

အဘိုးသည် နောက်ထပ်စကားတစ်ခွန်းမျှမပြောတော့ဘဲ ကျွန်တော့်အား သူ့အခန်းထဲသို့ ခေါ်သွားသည်။ သူ၏ ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ခိုင်းသည်။

"ကျွန်တော် မကြောက်ဘူး ဘိုးဘိုး၊ ကျွန်တော် စပြီးထိုးကတည်းက မကြောက်တာ"

အဘိုးသည် ကျွန်တော်တို့ ရန်ပွဲအကြောင်းကို သေသေချာချာ နားထောင်သည်။ သူသည် စိတ်လှုပ်ရှားလျက် ရှိပါသည်။ သူ ဘာကြောင့် စိတ်လှုပ်ရှား နေရသည်ကိုမူ ကျွန်တော် နားမလည်ပါ။ ဓာတ်လမ်းဆုံးသွား

mgyoe.com